# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့ (7-1-2016) (၈၄၃၈)


## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# နေရာဒေသအလိုက် သဘာဝဘေးအန္တရာယ် လျော့လာသုံးသပ်ကြိုတင်ပြင်ဆင်စီမံ မိမိဒေသ၏ သဘာဝဘေးကို ကြံ့ကြံ့ခံနိုင်စွမ်းနှင့် တုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ထားရမည်

နေပြည်တော် ဇန်နဝါရီ ၆

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။**(အောက်ပုံ)



အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာအကြံပေးအဖွဲ့မှ တာဝန်ရှိသူများ၊ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံအနေဖြင့် နေရာဒေသအလိုက် သဘာဝဘေးအန္တရာယ်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

## ထိုင်း-မြန်မာကုန်သွယ်မှု နှစ်နှစ်အတွင်း နှစ်ဆတိုးမြှင့်မည်

သုတ

ထိုင်းနှင့် မြန်မာနိုင်ငံတို့က နှစ်နိုင်ငံကုန်သွယ်မှုကို နှစ်နှစ်အတွင်း ဘတ် ၃၅၀ ဘီလီယံနှင့် ဘတ် ၄၂၀ ဘီလီယံကြား နှစ်ဆတိုးမြှင့်တော့မည်ဖြစ်သလို ပူးတွဲကုန်သွယ်မှုကော်မရှင်(JTC) နှင့် အာဆီယံပေါင်းစည်းရေးမှတစ်ဆင့် ပိုမိုနီးကပ်သော ပူးပေါင်းဆောင်ရွက်မှုအရ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုကို ဘတ် ၃၀၀ ဘီလီယံထိ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

နှစ်နိုင်ငံစလုံးက ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားပူးပေါင်းဆောင်ရွက်မှုပုံစံများရှိ ဆက်ဆံမှုများကို အားကောင်းလာအောင်လုပ်ဆောင်မည်ဖြစ်ပြီး ယင်းသို့ဆောင်ရွက်မှုက အိမ်နီးချင်းနှစ်နိုင်ငံကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို ကူညီမြှင့်တင်ပေးသင့်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး အပီရာဒီတန်ထရာပွန်က ဇန်နဝါရီ ၆ ရက်တွင် ပြောကြားသည်။ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်မည့် အဆိုပြုချက်များကို ဇန်နဝါရီ ၁၄ နှင့် ၁၅ ရက်တို့တွင် မြန်မာနိုင်ငံ နေပြည်တော်၌ကျင်းပမည့် ခုနစ်ကြိမ်မြောက်ပူးတွဲကုန်သွယ်မှုကော်မရှင် အစည်းအဝေးအတွင်း ဆွေးနွေးမည်ဖြစ်သည်။ အပီရာဒီက ထိုင်းကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

**The Nation။**

## လျှပ်စစ်မဂ္ဂါဝပ် (၂၈၀)ထုတ်လုပ်နိုင်မည့် အထက်ရဲရွာစီမံကိန်း ဆောင်ရွက်လျက်ရှိ

စာမျက်နှာ - ၉

## မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

စာမျက်နှာ - ၁၀

## ငမိုးရိပ်(သုနန္ဒာ)တံတားသစ် တည်ဆောက်ပြီးစီးမှု ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေ


**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်နှင့် မြောက်ဒဂုံမြို့နယ် ဆက်သွယ်ပေးထားသော ငမိုးရိပ်(သုနန္ဒာ)တံတားသစ်တည်ဆောက်ရေးစီမံကိန်းမှာ ယခုအခါ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် Myanmar VPile ကုမ္ပဏီလီမိတက်မှတည်ဆောက်နေသော အဆိုပါတံတားအကျယ်မှာ ယာဉ်သွားလမ်းအကျယ်ဖွဲ့စည်းထားပုံအရ နှစ်လမ်းသွား (အသွားအပြန်)မောင်းနှင်နိုင်မည်ဖြစ်ပြီး ၁၁ ဒသမ ၅ မီတာ ရှိမည်ဖြစ်ကာ တံတား၏ဘေးလက်ရန်းအား ယာဉ်မတော်တဆမှုများ ဖြစ်ပွားလာပါက လုံခြုံမှုရှိစေရေးအတွက် RC စနစ်ဖြင့် ဆောင်ရွက်ထားကြောင်းသိရသည်။

တံတားသစ်စီမံကိန်း၏ ပင်မတံတားအရှည်မှာ ၁၅၆ မီတာရှိမည်ဖြစ်ပြီး ချဉ်းကပ်တံတားနှစ်ဖက်ပါဝင်ပါက တံတားတစ်စင်းလုံး၏အရှည် ၂၄၇ မီတာရှိမည်ဖြစ်သည်။ မော်တော်ယာဉ်တစ်စီးချင်း တံတားခံနိုင်ဝန်အလေးချိန်မှာ ၇၅ တန်ခံနိုင်ရည်ရှိမည်ဖြစ်ပြီး တံတား၏ တစ်ဖက်တစ်ချက်စီ၌ လူသွားလမ်းပလက်ဖောင်းများ ၁ မီတာစီပါဝင်မည်ဖြစ်သည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**


ခေတ်မီ၊ လှပ၊ စတိုင်ကျတဲ့ SMART. ဝမ်တ် ရိုလာ ခြင်ကာ ကို တပ်ဆင်ပါ။



ခြင်ကာကို မလိုအပ်ချိန်တွင် ဘောင်ထဲသို့ လိပ်သိမ်းထားနိုင်၍ မြင်ကွင်းရှင်းသည်။

သံချေးတက်ခြင်း၊ ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာ ဂလတ်(စ်) ခြင်ကာသား

ရန်ကုန် - 01 450 962, 09 431 44178, 09 79222 8860

မန္တလေး - 09 250 638 611, 09 798 797 917

ပြတင်း၊ တံခါး ဆိုဒ်မျိုးစုံတွင် တပ်ဆင်ပေးနိုင်သည်။

အလူမီနီယမ် နှင့် U-PVC တပ်ဆင်ရေးလုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ကားမှန် မှန်စပေါ့ နှင့် အက်ကြောင်းရှည် များကို အပိုင်၊ အပီ ဆေးထိုးပေးတဲ့

မှန် ဒေါက်တာ

ရန်ကုန် 09 4211 51119, 09 4500 54449

မန္တလေး 09 250 638 611, 09 798 797 917

နဂါးနီ သံမဏိဘီးများ(ကြိုး)တပ်ဆင် ဖြန့်ချိရေး

| အမျိုးအစား | အရှည်လွှတ် (၁၂-ကာလစ်) | တပ်ဆင်ပြီးဈေး |
| --- | --- | --- |
| ဂါတနိုက် | ၆၀၀၀ ကျပ် | ၁၀၀၀၀ ကျပ် |
| စတီး | ၁၀၀၀၀ ကျပ် | ၁၅၀၀၀ ကျပ် |

အမျိုးအစားအလိုက် ဈေးနှုန်းမှန်ဖြင့် စနစ်တကျ တပ်ဆင်ပေးသည်။

Ph : 01 541 018, 09 79 656 9001, 09 79 656 9002

ကြေးမုံ စာတည်းရှုထောင့် — ၇-၁-၂၀၁၆၊ ကြာသပတေးနေ့

# မြည်းတစ်ကောင်နှင့် သားအဖ

မြည်းတစ်ကောင်နှင့်သားအဖ ပုံပြင်တစ်ပုဒ်ကို ကြားသိဖူးကြပေလိမ့်မည်။ မြည်းတစ်ကောင်နှင့်ခရီးသွားသော သားအဖသည် အဖကမြည်းစီးပြီး သားကို လမ်းလျှောက်ခိုင်းသောအခါ မတရား၊ သားကမြည်းစီးပြီး အဖကို လမ်းလျှောက်ခိုင်းပြန်တော့လည်း မလျော်ကန်၊ အဖရော သားပါ လမ်းလျှောက်ပြန်တော့လည်း မသင့်၊ သို့ဖြင့် အဖရော၊ သားပါ မြည်းစီးပြန်ရာ မြည်းကို နှိပ်စက်ပါသည်ဟု ပတ်ဝန်းကျင်၏ ဝေဖန်ပြစ်တင်ခြင်း ဥပမာပုံပြင်တစ်ပုဒ်ဖြစ်သည်။

ယခုကာလတွင်လည်း ဤသို့ဤနယ်ကြုံတွေ့ကြသည်။ လွတ်လပ်စွာ ဝေဖန်ခွင့်၊ ပြစ်တင်ပြောဆိုခွင့်များရှိလာသောအခါ ပြောချင်၊ ဆိုချင်သူတို့အတွက် လုပ်သမျှအရာရာတို့၌ ပြောစရာများရလာသည်။ လောကတွင် သူတစ်ပါးမကောင်းပြောရသည်မှာ လွယ်ကူလှပြီး အရသာတွေ့လှသည်။ သူတစ်ပါးကောင်းကြောင်း၊ မိမိမကောင်းကြောင်း ပြောဆိုရမည်မှာ အခက်ဆုံးဖြစ်ပြီး မပြောလိုကြချေ။

ပေါ်လီယာနာကဲ့သို့ သူတစ်ပါးကောင်းကြောင်းကိုသာ ပြောတတ်ပြီး တရားတော်နှင့်အညီ မိမိကိုယ်ကိုသာ ဝေဖန်ပြစ်တင်နိုင်လျှင် မြတ်သောလူသားဖြစ်ပေလိမ့်မည်။ သို့သော် မိမိတို့သည် ပုထုဇဉ်လူသားများဖြစ်ကြသဖြင့် မိမိမကောင်းကြောင်းထက် သူတစ်ပါးမကောင်းကြောင်းကိုသာ တွင်တွင်ကြီးပြောဖြစ်ကြသည်။ ထို့ကြောင့် ဝေဖန်အပြစ်တင်သံများကို အခါမလပ်ကြားသိနေရသည်။

ဤသည်မှာ လူ့သဘာဝဖြစ်၍ အပြစ်မဆိုလိုပါ။ အရေးကြီးသည်မှာ မိမိ၏ အလုပ်မှန်ကန်ဖို့သာ အရေးကြီးသည်။ မိမိ၏လုပ်ဆောင်မှုသည် အများ အကျိုးထိခိုက်နစ်နာမှုမရှိလျှင်၊ အများအတွက် အကျိုးရှိလျှင် မည်သူအပြစ်ပြောသည်ဖြစ်စေ မိမိအလုပ်ကိုသာမိမိ မှန်မှန်ကန်ကန်ဆက်လုပ်နေဖို့ဖြစ်သည်။ ဝေဖန်ပြစ်တင်ခြင်းကိုလည်း လက်ခံရမည်ဖြစ်ပြီး မိမိဘက်က မှားယွင်းနေလျှင် ပြင်ဆင်ဖို့သာဖြစ်သည်။ အကယ်၍ မိမိဘက်က မှန်ကန်လျှင် မည်သူအပြစ်တင်တင် အရေးစိုက်ဖို့လိုမည်မထင်။

အပြစ်ပြောခံရမည်ကို ကြောက်ရွံ့လျှင် မိမိတို့အနေဖြင့် အလုပ်မလုပ်ဘဲ နေရုံသာရှိမည်။ ထိုအခါတွင်လည်း အလုပ်မလုပ်ဘဲ အပျင်းထူနေသည်ဟု အပြောခံရဦးမည်ဖြစ်သည်။ လူ၏သဘာဝမှာ အကောင်းကို မြင်လျှင် ပြောကြမည်။ မကောင်းကိုမြင်လျှင်လည်း ပြောကြလိမ့်မည်ဖြစ်သည်။ မည်သို့ပင်ဖြစ်ပါစေ မိမိဘက်က အလုပ်မှန်လျှင် မပြောင်းလဲဖို့ဖြစ်သည်။ အလုပ်မှားလျှင် ပြောင်းလဲဖို့ဖြစ်သည်။

လူတို့၏သဘောသဘာဝမှာ တစ်ဦးနှင့်တစ်ဦး သင့်မြတ်နေလျှင် အကောင်းပြောတတ်သည်။ တစ်ဦးနှင့်တစ်ဦးချစ်ခင်နေလျှင် မြှောက်ပင့်ပြောတတ်သည်။ တစ်ဦးအလိုလိုက်လျှင် အကြိုက်ဆောင်တတ်သည်။ တစ်ဦးနှင့်တစ်ဦး မသင့်မြတ်လျှင် မကောင်းပြောတတ်သည်။ တစ်ဦးနှင့်တစ်ဦး မချစ်ခင်လျှင် အပြစ်မြင်တတ်သည်။ တစ်ဦးအလိုကို တစ်ဦးမလိုက်လျှင် အမုန်းပွားတတ်သည်။

ပျို့ရွယ်သူတို့ဘဝကဲ့သို့ ချစ်လျှင်အပြစ်မမြင် အရာရာကို အကောင်းထင်သကဲ့သို့ မဆိုလိုချင်။ အမှန်ကို အမှန်အတိုင်းသာ မှန်မှန်ကန်ကန်ထင်မြင်သင့်သည်။ မလိုမုန်းထား ဣဿာများသော သို့မဟုတ် အလုပ်မရှိ အလုပ်ရှာ၍ ကဲ့ရဲ့စရာပေါ်များသော ခေတ်ကာလတွင် ချီးမွမ်းခံရနိုင်ရန် ခဲယဉ်းသော်လည်း ကဲ့ရဲ့ခံရဖို့ရာ သေချာပါသည်။ ထို့ကြောင့် ကဲ့ရဲ့မခံရလိုလျှင် မိမိကိုယ်ကိုလည်း ကောင်းမွန်မှန်ကန်စွာ နေထိုင်ရမည်ဖြစ်သည်။

လူတိုင်းလူတိုင်းသည် သာမန်ပုထုဇဉ်များဖြစ်သောကြောင့် ခြောက်ပြစ်ကင်းသဲလဲစင်မဟုတ်သည်ကိုလည်း သိထားသင့်သည်။ "မုန်းအပြစ်၊ ချစ်အကျိုး၊ မြတ်နိုးမှုသဒ္ဓါ" ဆိုနိုင်သောခေတ်ကာလဝယ် မုန်းသူမရှားသဖြင့် အပြစ်မြင်သူများလည်း များနေမည်ဖြစ်သလို အချစ်ဝင်နေသူများကလည်း တစ်ဖက်လိုက်နေမည်သာဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မိမိအကျိုးဖြစ်စေ၊ အများအကျိုးဖြစ်စေ သယ်ပိုးရာတွင် ကဲ့ရဲ့ပြစ်တင်ခြင်းနှင့်လွတ်ကင်းမည်မဟုတ်ချေ။ အကဲ့ရဲ့ခံရခြင်းသည်ပင် အားတက်စရာဟု မှတ်ယူသင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် လမ်းဘေးက မထင်ရှားအချည်းအနှီးဖြစ်နေသူတို့ကို မည်သူမျှ ကဲ့ရဲ့ပြစ်တင်ကြလိမ့်မည်မဟုတ်၊ အတော်အတန် ထင်ရှားနေ၍သာ ကဲ့ရဲ့ခြင်းကိုခံရခြင်းဖြစ်ပေသတည်း။ ။

---

## မြန်မာနိုင်ငံတွင် ပထမဆုံး ရပ်ရွာလူထုကိုအခြေခံသောခရီးသွားလုပ်ငန်း ဇန်နဝါရီ ၇ ရက်တွင် မြိုင်မြို့နယ်၌ ဖွင့်လှစ်မည်

**ပခုက္ကူ ဇန်နဝါရီ ၆**

ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် ရပ်ရွာလူထုကို အခြေခံသော ခရီးသွားလုပ်ငန်းဖွင့်လှစ်နိုင်ရေးအတွက် စီမံကိန်းမိတ်ဆက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၅ ရက်က အဆိုပါလုပ်ငန်းဆောင်ရွက်မည့် ယင်တိုင်းတောင်ဆည် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရပ်ရွာလူထုအခြေခံသော ခရီးသွားလုပ်ငန်းကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် Action Aid Myanmar INGO အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ခရီးစဉ်ဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ပခုက္ကူခရိုင်သည် ယဉ်ကျေးမှုကိုအခြေခံသောခရီးသွားလုပ်ငန်း၊ သမိုင်းအချက်အလက်ကိုအခြေခံသော ခရီးသွားလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ကိုအခြေခံသောခရီးသွားလုပ်ငန်းနှင့် ယခုဖွင့်လှစ်မည့် ရပ်ရွာလူထုကိုအခြေခံသောခရီးသွားလုပ်ငန်းများလုပ်ဆောင်နိုင်သည့်အတွက် ဒေသခံများအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းနှင့် ဝင်ငွေများ တိုးတက်ရရှိနိုင်မည်ဖြစ်သည်။

ရပ်ရွာလူထု အခြေခံသော ခရီးသွားလုပ်ငန်းသည် အာဆီယံနိုင်ငံများဖြစ်သော ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် နိုင်ငံများတွင်လည်း အောင်မြင်လျက်ရှိပြီး မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖွင့်လှစ်မည့် ခရီးစဉ်လုပ်ငန်းလည်းဖြစ်သည်။

အဆိုပါခရီးစဉ်အတွက် JOURNEYS Adventure Travel မှ နိုင်ငံခြားသားခရီးသည်များကို ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး ခရီးသည် ၁၀၆၄ ဦးအား လက်ခံထားပြီးဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ခရီးသွားဧည့်သည် ၄ ဒသမ ၇ သန်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းမိတ်ဆက်ပွဲအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးညိုအေး၊ ပခုက္ကူခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်နှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းလုပ်ဆောင်မည့် ကျေးရွာလေးရွာမှ ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **ပခုက္ကူ(မြန်/ဆက်)**

---

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်(ရွှေဈေး) ၇၄၅၅၀၀ - ၇၄၅၅၀၀ မန္တလေး(ရွှေဈေး) ၇၄၅၅၀၀ - ၇၄၅၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၉၀/၆၂၀ ကျပ်၊ | ၆၄၀/၆၈၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၂၀/၇၅၀ ကျပ်၊ | ၈၂၀/၉၁၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၁၀/၆၄၀ ကျပ်၊ | ၇၀၀/၇၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၇၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၃၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၀၃.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၉၉.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၉.၇၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆.၀၄၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၉.၇၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၅၈၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၉၃.၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၉.၆၁ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၃.၉၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၄.၆၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

---



## ကြည့်မြင်တိုင်အရိုးကုဆေးရုံကြီးတွင် အာဟာရဒါနလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ အရိုးကုဆေးရုံကြီးတွင် တက်ရောက် ဆေးကုသနေသည့် လူနာများ၊ လူနာစောင့်များနှင့် ဆေးရုံလုပ်သားများအား အာဟာရဒါနလှူဒါန်းခြင်းကို ဇန်နဝါရီ ၄ ရက် မွန်းလွဲပိုင်းမှစတင်၍ ဝေငှလှူဒါန်းခဲ့သည်။

မုဒိတာအဖွဲ့ (ရွှေလက်မှတစ်ဆင့်) လူမှုရေးအသင်းမှ ဦးဆောင်၍ အလှူရှင် ဦးဝင်းမောင်၊ ဇနီး ဒေါ်သီဂီလွင်နှင့် မိသားစုမှ ထမင်းဟင်း ပွဲပေါင်း ၃၅၀ကျော်ကို လှူဒါန်းဝေငှခဲ့ပြီး သဇင်မင်းစားသောက်ဆိုင်မှလည်း မုဒိတာရွှေလက်လူမှုကူညီမှုအသင်းသို့ ဝက်သားနှင့် မျှစ်ချဉ်ဟင်းများ ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကိုကြီးစိုး(ဆိပ်ကမ်း)**

---

## သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဟန်ချက်ညီညီ တိုးတက်ရန် ဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၆**

နိုင်ငံတော်အတွက် အကျိုးရှိမည့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံကျန်းမာရေးသုတေသန၊ လက်တွေ့အသုံးချ ကျန်းမာရေးသုတေသန၊ ကျန်းမာရေးစနစ်သုတေသန ကဏ္ဍကြီး(၃)ရပ်လုံးကို ဟန်ချက်ညီညီ တိုးတက်ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပြောသည်။

ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပသည့် (၄၄)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် "ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူလူထုအများစု၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လူတိုင်းသာတူညီမျှ လက်လှမ်းမီနိုင်ရန် ကြိုးပမ်းသောအခါ Evidence-based decision များ လိုအပ်လာကြောင်း၊ ခိုင်မာသော အထောက်အထားများအတွက် သုတေသီများ၏ Data Quality Assurance နှင့် ရလဒ်များကို အမှန်တကယ်အသုံးချနိုင်မှုတို့က အရေးကြီးလာတာ တွေ့ရကြောင်း၊ ရောဂါကုထုံးနည်းပညာအသစ်များကို ယခုထက်ပို၍ အဆင့်မြင့်လာစေရေးအတွက် နိုင်ငံတကာအဆင့်မီ ကာကွယ်ထိန်းချုပ်ခြင်း၊ နည်းစနစ်များ၊ စတင်သုံးစွဲခြင်း မပြုရသေးသည့် ကုထုံးများ၊ နည်းပညာများကို သုတေသီများအနေဖြင့် မိမိနိုင်ငံနှင့် လျော်ညီမှုရှိအောင် စမ်းသပ်အကောင်အထည်ဖော်နိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အတွက် အရေးကြီးသည့် အမျိုးသားဆေးဝါး မူဝါဒတစ်ရပ် ပေါ်ထွက်လာပြီးနောက် ကြောင်းကျိုးညီညွတ်စွာ ဆေးဝါးများကို အသုံးပြုနိုင်ခြင်း၊ ဘေးအန္တရာယ်ကင်းပြီး အရည်အသွေးနှင့် အာနိသင်ပြည့်ဝသည့် အဓိကဆေးဝါးများကို လက်လှမ်းမီနိုင်ခြင်း၊ ပဋိဇီဝဆေးများကို မမှန်မကန်အသုံးပြုနေကြသည့်အတွက် (Anti Microbial Resistance)အဖြစ်များနေခြင်း အစရှိသည်တို့နှင့် ပတ်သက်သည့် သုတေသနလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယခုနှစ် စာတမ်းဖတ်ပွဲတွင် သုတေသနစာတမ်းပေါင်း (၉၉) စောင်၊ သုတေသန ပိုစတာပေါင်း (၄၉) စောင်၊ ဆေးပညာဗဟုသုတများပါဝင်သည့် Symposia (၁၀)ခု၊ Scientific Talk (၄)ခုနှင့် ဆေးပြခန်းများပါဝင်သည်။ အဆိုပါ စာတမ်းဖတ်ပွဲနှင့် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၅ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **မြတ်စန္ဒီသင်းဇော်**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြို့စန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

## ပြည်တွင်းရေးရာ

**✻ ရွှေဖုံးမှ**

လေ့လာသုံးသပ်ကြိုတင်ပြင်ဆင်စီမံထားပြီး မိမိဒေသ၏ သဘာဝဘေးကို ကြံ့ကြံ့ခံနိုင်စွမ်းနှင့် တုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ထားရမည်ဖြစ်ကြောင်း။

၂၀၁၅ ခုနှစ် မိုးရာသီကာလအတွင်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှု၊ မြေပြိုမှုများကို လက်တွေ့ရင်ဆိုင် တွေ့ကြုံခံစားခဲ့ကြရပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက်ဖြေရှင်းဆောင်ရွက်ခဲ့ရသည့် ဘေးအန္တရာယ်တစ်ခုဖြစ်ခဲ့ကြောင်း။

မြန်မာနိုင်ငံတစ်ဝန်း မြစ်ကြီးများနှင့် မြစ်လက်တက်များတွင် မြစ်အောက်ကြမ်းပြင်များ တိမ်ကောလာခြင်း၊ မြစ်ကြောင်းပြောင်းလဲခြင်းနှင့် ကမ်းပါးပြိုမှုများ အလွယ်တကူဖြစ်ပေါ်လာခြင်းတို့ကြောင့် မိုးများသည့်မုတ်သုံကာလတွင် မြစ်ဝှမ်းဒေသများနှင့် ကမ်းရိုးတန်းဒေသများတွင် ရေလွှမ်းမိုးမှုအား ကာကွယ်ထိန်းချုပ်နိုင်စွမ်းအပေါ် ကြီးမားသော သက်ရောက်မှုများဖြစ်ပေါ်စေပါကြောင်း။

ရေးဘေးအန္တရာယ်၏ ကြီးမားစွာထိခိုက်နိုင်မှုနယ်ပယ်ကို မခန့်မှန်းနိုင်ခြင်းနှင့် ကြိုတင်သတိပေးစနစ် အားနည်းခြင်းတို့ကြောင့်လည်း ရေလွှမ်းမိုးမှုအန္တရာယ်နှင့် မမျှော်လင့်ဘဲ ရင်ဆိုင်ရချိန်တွင် ပြည်သူလူထုအနေဖြင့် ထိခိုက်နစ်နာမှုကြီးမားခဲ့ရပါကြောင်း၊ ဘေးလွန်ကာလ လိုအပ်ချက်များ ဆန်းစစ်ခြင်းအစီရင်ခံစာပြုစုပြီး ပြန်လည်ထူထောင်ရေးမဟာဗျူဟာချမှတ်၍ စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ပြည်တွင်းပြည်ပမှ ထောက်ပံ့ငွေ၊ လှူဒါန်းငွေများဖြင့် ထူထောင်ထားသည့် သဘာဝဘေးစီမံခန့်ခွဲမှုရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ စနစ်တကျ သုံးစွဲသွားရန်ဖြစ်ပါကြောင်း။

ရေလွှမ်းမိုးမှု သဘာဝဘေးအန္တရာယ်ကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ခဲ့ကြမှုများနှင့် ပတ်သက်၍ နိုင်ငံတကာဥပမာများကို လေ့လာနိုင်ပါကြောင်း၊ အမေရိကန်နိုင်ငံရှိ Tennessee မြစ်ဝှမ်းဒေသသည် မိုးရေချိန်မြင့်မားပြီး သစ်တောများပျက်စီးကာ သဘာဝပတ်ဝန်းကျင် ပျက်စီးနေသည့် မကြာခဏ ရေလွှမ်းမိုးရာ ဒေသဖြစ်ခဲ့ပါကြောင်း၊ ၁၉၃၃ ခုနှစ်တွင်အမေရိကန်ကွန်ဂရက်မှ Tennessee Valley Authority Act ပြဋ္ဌာန်းပြီး Tennessee Valley Authority (TVA) ကို ဖွဲ့စည်းကာ ရေလွှမ်းမိုးမှုထိန်းချုပ်ရေး၊ ရေကြောင်းသွားလာမှုလွယ်ကူစေရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ရေရရှိရေး၊ ရေဆိုင်ရာသဘာဝပတ်ဝန်းကျင်ကာကွယ်ရေးနှင့် လူထုအပန်းဖြေနိုင်စေရေး သွင်ပြင်လက္ခဏာများပါဝင်သည့် မြစ်ဝှမ်းဘက်စုံဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုကို တာတမံပေါင်း ၅၄ ခုဖြင့် တည်ဆောက်ခဲ့ပါကြောင်း။

ထိုကဲ့သို့ TVA ဖွဲ့စည်းခဲ့သဖြင့် ရေလွှမ်းမိုးမှုများကြောင့် ပျက်စီးဆုံးရှုံးရမည့် ပမာဏ အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော် သက်သာစေခဲ့ပြီး အခြားသောအကျိုးစီးပွားများ ဖြစ်ထွန်းစေခဲ့သဖြင့် တည်ဆောက်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုပမာဏထက် အကျိုးအမြတ်ရရှိမှုမှာ ခြောက်ဆခန့်ပိုမိုခဲ့ပါကြောင်း၊ ယနေ့ကာလတွင် Tennessee မြစ်ဝှမ်းဒေသသည် အမေရိကန် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အားကောင်းသော စေ့ဆော်မှုပြုရာ နေရာတစ်နေရာနှင့် ကမ္ဘာပေါ်တွင် ဘက်စုံတိုးတက်သည့် အသုံးဝင်ဆုံးသော ရေနုတ်ဒေသတစ်ခုအဖြစ် နမူနာယူစရာဖြစ်လာခဲ့ပါကြောင်း။

ထို့အတူ တရုတ်နိုင်ငံ ယန်စီမြစ်ဝှမ်းဒေသသည် ယခင်က ရေလွှမ်းမိုးမှုပုံမှန်ဖြစ်လေ့ရှိသဖြင့် လူသန်းရာပေါင်းများစွာကို အိုးမဲ့အိမ်မဲ့ဖြစ်စေကာ လူမှုစီးပွားဘဝများ ပျက်စီးခဲ့ကြရပါကြောင်း၊ ၁၉၉၄ ခုနှစ်တွင် ယန်စီမြစ်ဝှမ်းထိန်းသိမ်းရေး (Yangtze River water conservancy commence) ကော်မရှင်ဖွဲ့စည်း၍ မြစ်ကျဉ်းသုံးသွယ်စီမံကိန်းကို ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ်တွင် လုံးဝပြီးစီးခဲ့ပြီး ရေလွှမ်းမိုးမှုကာကွယ်ရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယင်းစီမံကိန်းကြောင့် မြစ်ကြေဒေသများတွင် ရေလွှမ်းမိုးမှုဒဏ်ကို ကာကွယ်နိုင်ခဲ့သည့်အပြင် ရင်းနှီးမြှုပ်နှံသူများ ပိုမိုဆွဲဆောင်နိုင်ခဲ့ခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ခြင်း၊ ရေကြောင်းသွားလာမှု ပိုမိုအဆင်ပြေစေခြင်းနှင့် မိုးခေါင်ရေရှားမှုကို လျော့ပါးစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိခံစားခဲ့ရပြီး လူနေထူထပ်သော ရေအရင်းအမြစ် အကြွယ်ဝဆုံးနှင့် တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု အရှိဆုံးသော ဒေသတစ်ခုဖြစ်လာခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် Yangtze River စီးပွားရေးဇုန်၏ ဝင်ငွေသည် တရုတ်နိုင်ငံ GDP ၏ ၂၈ ရာခိုင်နှုန်းရှိခဲ့ပါကြောင်း။

ထို့အပြင် ဩစတြေးလျ၊ ဂျာမနီ၊ပြင်သစ်နှင့် နယ်သာလန်တို့ရှိ Murray – Darling Rhine, Maas နှင့် Scheldt မြစ်ဝှမ်းဒေသတို့တွင်လည်း ရေလွှမ်းမိုးမှုနှင့် ဒီရေမုန်တိုင်းအန္တရာယ်တို့မှ ကာကွယ်နိုင်ရန် ရေလွှမ်းမိုးမှုကာကွယ်ရေး စီမံကိန်းကြီးများ တည်ဆောက်ခြင်း၊ ရေသဘာဝပတ်ဝန်းကျင်အား ကာကွယ်နိုင်သော ဘက်စုံကုစားသည့် ကြိုးပမ်းမှုများဆောင်ရွက်ခြင်း၊ ဂေဟစနစ်ပျက်ယွင်းစေမှုကို ကာကွယ်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အား အလေးထားလုပ်ဆောင်ခဲ့ကြကြောင်း။

မြန်မာနိုင်ငံတွင်လည်း ရေလွှမ်းမိုးမှုကာကွယ်ထိန်းချုပ်နိုင်ရန် အဓိကမြစ်ကြီးများတွင် ပြီးပြည့်စုံသည့် ဘက်စုံပါဝင်သော Water Basin စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးမှုအစီအမံများ ပြုလုပ်ခြင်း၊ ရာသီအလိုက် ရေစီးဆင်းမှုကို ထိန်းညှိနိုင်ရန် ရေထိန်းသိမ်းရေးအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ မြစ်ကြောင်းများအတွင်း ရေကြီးမှု ထိန်းချုပ်နိုင်မည့် တာတမံများ တည်ဆောက်ခြင်း၊ ပေါင်းစည်းမြစ် စီမံခန့်ခွဲမှုစနစ်များ တည်ဆောက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကာကွယ်မှု အားကောင်းစေခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် မြစ်ဝှမ်းဒေသ အာဏာပိုင်ဆိုင်ရာ ဖွဲ့စည်းမှုဥပဒေများ ရေးဆွဲပြီး ဥပဒေနှင့်အညီ မြစ်ဝှမ်းဒေသ အာဏာပိုင်အဖွဲ့အား ဖွဲ့စည်းနိုင်ရေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ချမှတ်ထားရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက သဘာဝဘေး ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့မှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က သဘာဝဘေးဒဏ်သင့် ဒေသများ အမြန်ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတကာမှ နည်းပညာနှင့် အကူအညီအထောက်အပံ့များ ရရှိရေး နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က သဘာဝဘေးဒဏ်သင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အကြံပေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာဇော်ဦးက ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ၊ ဇုန်လိုအပ်ချက်များဆန်းစစ်ချက်အစီရင်ခံစာ ရေးဆွဲခဲ့မှုနှင့် ရေရှည်တည်တံ့သည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ မူဘောင်တစ်ရပ်ရေးဆွဲရန် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ၂၀၁၅ခုနှစ်က ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု၊ ဘေးဒဏ်သင့်ပြည်သူများ၏ လူမှုစီးပွားဘဝ မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ကူညီထောက်ပံ့ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ ထိန်းသိမ်းရေးအခြေအနေများကိုလည်းကောင်း၊ စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများက ဒေသနှင့် ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်အတွင်း အဆိုးရွားဆုံးသော ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် အယ်လ်နီညိုရာသီဥတုကြောင့် အလွန်အမင်း မိုးခေါင်ခြင်း၊ ရေကြီးခြင်းတို့ ဖြစ်ပေါ်နိုင်ပါကြောင်း၊ နောက်ဆက်တွဲ ပြဿနာများအဖြစ် အစာရေစာရှားပါးပြတ်လပ်ခြင်း၊ ရောဂါဘယများ ကျရောက်ခြင်း၊ အပူရှိန်လွန်ကဲ၍ တောမီးလောင်ခြင်း စသောပြဿနာများနှင့် ရင်ဆိုင်ရလေ့ရှိကြောင်း၊ ၁၉၉၇-၁၉၉၈ ခုနှစ် အယ်လ်နီညိုရာသီဥတုကြောင့် မြို့ကြီး ၁၈ မြို့၌ အပူချိန်အမြင့်ဆုံး စံချိန်သစ်များ တင်ခဲ့ပြီး မြို့ကြီး ၁၅ မြို့တွင် မိုးရေချိန်အနည်းဆုံး စံချိန်သစ်များ တင်ခဲ့မှုကို သမိုင်းမှတ်တမ်းများအရ သိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အယ်လ်နီညို ကာကွယ်ရေးအစီအမံများ စနစ်တကျ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**




ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ။





**သဘာဝ ဘေးအန္တရာယ် စုပေါင်းကာကွယ်**

### သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပါက အသင့်အနေအထားရှိစေရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သင်တန်းများဖွင့်လှစ်ခဲ့မှု၊ သင်တန်းသားများမွေးထုတ်ပေးနိုင်မှုနှင့် ဟောပြောပွဲများ ပြုလုပ်နိုင်မှုအခြေအနေ

| စဉ် | ဖွင့်လှစ်ပို့ချခဲ့သည့် သင်တန်း /ဟောပြောပွဲ အမျိုးအစား | အကြိမ် | သင်တန်းသား/သူဦးရေ |
|---|---|---|---|
| ၁။ | သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်းသင်တန်း | (၁၃၈)ကြိမ် | (၆၁၉၅)ဦး |
| ၂။ | သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလုပ်ငယ်(နည်းပြ)သင်တန်း | (၂၆)ကြိမ် | (၁၃၉၁)ဦး |
| ၃။ | သဘာဝဘေးလျော့ပါးရေးစေတနာ့ ဝန်ထမ်းလုပ်ငယ်(ဆင့်ပွား)သင်တန်း | (၄၈)ကြိမ် | (၁၄၄၀)ဦး |
| ၄။ | သဘာဝဘေးလျော့ပါးရေးစေတနာ့ ဝန်ထမ်းလုပ်ငယ်(မွမ်းမံ)သင်တန်း | (၁၂)ကြိမ် | (၆၇၇)ဦး |
| ၅။ | ရပ်ကွက်/ကျေးရွာအဆင့် အသိပညာပေးဟောပြောပွဲ | (၆၄၇)ကြိမ် | (၉)သောင်းကျော် |

### အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ အလှူငွေရရှိမှု၊ သုံးစွဲမှုနှင့် လက်ကျန်ငွေစာရင်း

| စဉ် | ရန်ပုံငွေအမျိုးအစား | မူလရှိငွေ | သုံးစွဲငွေ | လက်ကျန်ငွေ |
|---|---|---|---|---|
| ၁။ | အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ(OA-011834) | မြန်မာကျပ်ငွေ (၁၃၁၇၈ ဒသမ ၁၃၇)သိန်း | မြန်မာကျပ်ငွေ (၆၀၂၆ ဒသမ ၉၂၃)သိန်း | မြန်မာကျပ်ငွေ (၇၁၅၁ ဒသမ ၂၁၄)သိန်း |
| ၂။ | Natural Disaster Management Fund (1DA-0300086) | အမေရိကန်ဒေါ်လာ (၄ ဒသမ ၈၄၆)သိန်း | အမေရိကန်ဒေါ်လာ (၂ ဒသမ ၂၇၁)သိန်း | အမေရိကန်ဒေါ်လာ (၂ ဒသမ ၅၇၅)သိန်း |

## အိန္ဒိယနိုင်ငံ အမျိုးသားနေ့မတိုင်မီ နယူးဒေလီ၌ လုံခြုံရေးတိုးမြှင့်ထား



**နယူးဒေလီ ဇန်နဝါရီ ၆**

အိန္ဒိယအာဏာပိုင်များက နယူးဒေလီမြို့တော်၌ သတိပေးချက်တစ်ရပ်ထုတ်ပြန်လိုက်ပြီး မြို့တော်အတွင်း အကြမ်းဖက်မှုများကို ကာကွယ်တားဆီးရေးအတွက် နိုးနိုးကြားကြားရှိနေရန် ဒေလီရဲတပ်ဖွဲ့ကို တောင်းဆိုထားကြောင်း အေအိုင်အာအသံလွှင့်ဌာနက ပြောကြားသည်။

အဆိုပါလမ်းညွှန်ချက်မှာ ပါသန်ကော့လေတပ်အခြေစိုက်စခန်းတိုက်ခိုက်ခံပြီးနောက်ပိုင်း ရရှိသည့်ထောက်လှမ်းရေးသတင်းများအပေါ် အခြေခံကြောင်း သတင်းရပ်ကွက်များအား ကိုးကား၍ အေအိုင်အာကဆိုသည်။ အာဏာပိုင်များက အင်ဒီရာဂန္ဒီအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ပြည်တွင်းနှင့် နိုင်ငံတကာဝင်ပေါက်များ၌ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ခဲ့သည်။ လေကြောင်းလိုင်းအများအပြားမှ ဝန်ထမ်းများကို သတိပေးချက်နှင့်ပတ်သက်၍ ပြောကြားခဲ့သည့်အပြင် သံသယဖြစ်ဖွယ်ရာမည်သည့်လှုပ်ရှားမှုသို့မဟုတ် အရာဝတ္ထုတွေ့ရှိပါက အကြောင်းကြားရန် တောင်းဆိုထားကြောင်း အေအိုင်အာက ဆက်လက်ပြောကြားသည်။

တန်ဖိုးကြီးအဆောက်အအုံများကို စောင့်ကြပ်သော ဗဟိုလုံခြုံရေးတပ်ဖွဲ့(CISF)မှ တပ်ဖွဲ့ဝင်များအား အရန်တပ်ဖွဲ့ဝင်များဖြန့်ကြက်မှုနှင့်အတူ နိုးနိုးကြားကြား ဆက်လက်ရှိနေရန် တောင်းဆိုထားကြောင်းသိရသည်။ အိန္ဒိယနိုင်ငံအမျိုးသားနေ့မှာ ၁၉၅၀ ခုနှစ်က အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်လာခဲ့သောနေ့ကို အထိမ်းအမှတ်ပြုလုပ်သည့်နေ့ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း အမျိုးသားနေ့ကို ဇန်နဝါရီ ၂၆ ရက်တွင် အိန္ဒိယနိုင်ငံ၌ အခမ်းအနားဖြင့် တရားဝင်ကျင်းပသည်။ အဆိုပါအခမ်းအနားကို အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးမှုပေါင်းစုံနှင့် စစ်ဘက်အင်အားတစုတဝေးတည်း ခင်းကျင်းပြသထားရာ နယူးဒေလီမြို့တော်တွင် ကျင်းပကြောင်းသိရသည်။

**ဆင်ဟွာ။**

## မြောက်ကိုရီးယားနိုင်ငံက ဟိုက်ဒရိုဂျင်ဗုံး ပထမဆုံးအကြိမ် စမ်းသပ်

**ပြုံယမ်း ဇန်နဝါရီ ၆**

မြောက်ကိုရီးယားနိုင်ငံ၏ ဟိုက်ဒရိုဂျင်ဗုံး ပထမဆုံးအကြိမ် စမ်းသပ်မှုအောင်မြင်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနဖြစ်သည့် ကိုရီးယားဗဟိုတယ်လီဗီဇှင်း(ကေအာတီ)က ယနေ့ ကြေညာခဲ့ကြောင်းသိရသည်။

မြောက်ကိုရီးယားခေါင်းဆောင်၏ ဆုံးဖြတ်ချက်ရရှိပြီးနောက် ဟိုက်ဒရိုဂျင်ဗုံးစမ်းသပ်မှုကို ပထမဆုံးအကြိမ်အဖြစ် စတင်ဆောင်ရွက်ခဲ့သည်။ နိုင်ငံ၏ နည်းပညာကဏ္ဍ တိုးတက်လာမှုကြောင့် ထိုသို့အောင်မြင်စွာစမ်းသပ်နိုင်ခြင်းဖြစ်ကြောင်းနှင့် ဟိုက်ဒရိုဂျင်ဗုံး အောင်မြင်စွာစမ်းသပ်နိုင်ခြင်းသည် နိုင်ငံ၏သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်းကို သက်သေထူလိုက်ခြင်းဖြစ်ကြောင်း အဆိုပါရုပ်သံလိုင်းက ပြောကြားခဲ့သည်။

ယင်းသို့ ဓာတုဗုံးစမ်းသပ်မှုသည် နိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက်သာ ရည်ရွယ်ခြင်းဖြစ်သည်ဟု ရုပ်သံလိုင်းက ဆက်လက်ပြောသည်။

ခေါင်းဆောင် ကင်ဂျုံအန်က ဒီဇင်ဘာ ၁၅ ရက်တွင် ဟိုက်ဒရိုဂျင်ဗုံးစမ်းသပ်ရန် ဆုံးဖြတ်ထားသော်လည်း ဇန်နဝါရီ ၃ ရက်မှသာ စမ်းသပ်ရန် ခွင့်ပြုမိန့်ကို လက်မှတ်ထိုးခဲ့သည်။ ယခု စမ်းသပ်မှုသည် ပြုံယမ်း၏ လေးကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုဖြစ်သည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် သုံးကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ခေါင်းဆောင်ကင်ဂျုံအန်၏ မွေးနေ့ဖြစ်သော ဇန်နဝါရီ ၈ ရက်မတိုင်မီ ဟိုက်ဒရိုဂျင်ဗုံးစမ်းသပ်နိုင်ခြင်းသည် နိုင်ငံ၏ဂုဏ်ကို မြှင့်တင်ရာရောက်သည်ဟု မြောက်ကိုရီးယားကျွမ်းကျင်ပညာရှင်များက ဆိုသည်။

မြောက်ကိုရီးယားရာသီဥတုဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့သည် မြောက်ကိုရီးယားနိုင်ငံ၏ မြောက်ဘက်ပိုင်းတွင် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက ဟိုက်ဒရိုဂျင်ဗုံး စမ်းသပ်မှုတစ်ရပ်ကို ဆောင်ရွက်ခဲ့ကြောင်း ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်စမ်းသပ်မှုဆိုင်ရာ မည်သည့်ကြိုတင်သတိပေးချက်ကိုမျှ ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း တောင်ကိုရီးယားထောက်လှမ်းရေး တာဝန်ရှိသူများကဆိုသည်။

**အင်န်အိတ်ချ်ကေ။**

## တရုတ်၌ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် တစ်ဦးသေဆုံး ဟောင်ကောင်၌ နှစ်သစ်ကူးကာလ ကျန်းမာရေးသတိပေးချက် ထုတ်ပြန်

**ဟောင်ကောင် ဇန်နဝါရီ ၆**

တရုတ်နိုင်ငံတောင်ပိုင်း ရှန့်ကျန်းမြို့ရှိ အမျိုးသမီးတစ်ဦးသည် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးခဲ့ရပြီးနောက် ယင်းမြို့နှင့် အိမ်နီးချင်းဟောင်ကောင်တွင် နှစ်သစ်ကူးကာလ အပန်းဖြေခရီးသွားလာသူများအတွက် ကျန်းမာရေးသတိပေးချက်ထုတ်ပြန်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ရှန့်ကျန်းမြို့မှ အသက် ၂၆ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးသည် H5N6 ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးကူးစက်ခံနေရကြောင်း သိရှိရပြီးနောက် လွန်ခဲ့သည့်ရက်သတ္တပတ်က သေဆုံးခဲ့ကြောင်း ဟောင်ကောင်ကျန်းမာရေးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံ၏ နှစ်သစ်ကူးအားလပ်ရက်ကာလမှာ ဖေဖော်ဝါရီလအစောပိုင်းတွင် ကျရောက်မည်ဖြစ်သည်။ နှစ်သစ်ကူးကာလအတွင်း တရုတ်လူမျိုးသန်းပေါင်းများစွာသည် မိသားစုနှင့် ဆွေမျိုးသားချင်းများနှင့် ပေါင်းစည်းရန် ဇာတိရပ်ရွာများသို့ ပြန်ကြလေ့ရှိရာ ခရီးသွားလာသူအလွန်များပြားသည့်ကာလ ဖြစ်သည်။

ရှန့်ကျန်းမြို့နှင့် ဟောင်ကောင်မြို့အကြား နယ်စပ်စခန်းများ၌ ကျန်းမာရေးစစ်ဆေးမှုကို တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဟောင်ကောင် ကျန်းမာရေးဌာနက ပြောကြားသည်။

လေဆိပ်တွင် ကြက်ငှက်တုပ်ကွေးရောဂါတားဆီးကာကွယ်ရေးအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံတွင် အိပ်ချ်-၇ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးကို ကြက်များတွင် စမ်းသပ်တွေ့ရှိရပြီးနောက် ဒီဇင်ဘာလအတွင်း ပြည်မကြီးမှ ကြက်အရှင်တင်သွင်းမှုကို ဆိုင်းငံ့ထားလိုက်ပြီး ရောဂါပိုးကူးစက်ခံရဖွယ်ရှိသော ကြက်များကို သုတ်သင်ရှင်းလင်းခဲ့သည်။

**ရိုက်တာ။**

## အီရန်နှင့် လေကြောင်းခရီးစဉ်ပျံသန်းမှုအရပ်ရပ် ဆိုင်းငံ့ထားမည်ဟု ဘာရိန်းကြေညာ

**ပနားမား ဇန်နဝါရီ ၆**

ဘာရိန်းနိုင်ငံသည် အီရန်နိုင်ငံသို့ပျံသန်းသော၊ ယင်းနိုင်ငံမှ ထွက်ခွာလာသော လေကြောင်းခရီးစဉ်အားလုံးကို ဇန်နဝါရီ ၅ ရက်မှစ၍ ဆိုင်းငံ့ထားလိုက်ကြောင်း ဘာရိန်းနိုင်ငံပိုင် ဘီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်သည်။ ဘာရိန်းနိုင်ငံသည် ဆော်ဒီအာရေဗျနိုင်ငံနှင့်အတူ အီရန်နှင့် သံတမန်ဆက်ဆံရေးဖြတ်တောက်ကြောင်း ကြေညာခဲ့ပြီးတစ်ရက်အကြာတွင် လေကြောင်းခရီးစဉ်များကို ဆိုင်းငံ့လိုက်ခြင်းဖြစ်သည်။

ဘာရိန်းမြို့ပြလေကြောင်းဌာနသည် အမျိုးသားလေကြောင်းဌာနနှင့် အခြားသောလေကြောင်းသယ်ယူပို့ဆောင်ရေးဌာနများအားလုံးအား အီရန်သို့လေယာဉ်ပျံသန်းခြင်း၊ သို့မဟုတ် အီရန်မှ ဘာရိန်းသို့လေယာဉ်ပျံသန်းခြင်းရပ်ဆိုင်းထားရန် ညွှန်ကြားခဲ့သည်။

ဘာရိန်းအမျိုးသားလေကြောင်းဌာနသည် ယင်းအမိန့်မထုတ်ပြန်မီအထိ ကြိုတင်လေယာဉ်လက်မှတ်များ ဝယ်ယူထားသည့်ခရီးသည်များ အဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ဆော်ဒီအာရေဗျနိုင်ငံတွင် ရှီးယိုက်ဘာသာခေါင်းဆောင်တစ်ဦးအပါအဝင်လူ ၄၇ ဦးကို သေဒဏ်စီရင်ချက်အရ ကွပ်မျက်မှုများပြုလုပ်အပြီး အီရန်နိုင်ငံ တီဟီရန်မြို့၌ ဆော်ဒီအာရေဗျသံရုံးရှေ့တွင် လွန်ခဲ့သည့်တနင်္ဂနွေနေ့က အကြမ်းဖက်ဆန္ဒပြမှုများဖြစ်ပွားခဲ့သည်။ ယင်းဆန္ဒပြမှုများကြောင့် ဆွန်နီအများစုနေထိုင်သည့် ဘာရိန်း၊ ဆူဒန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့သည် ဆော်ဒီအာရေဗျနှင့်အတူ အီရန်နှင့် သံတမန်ဆက်ဆံရေး ဖြတ်တောက်ခဲ့ရာ မတည်မငြိမ်မှုများ ဖြစ်ပေါ်လာရသည်။

**ဆင်ဟွာ။**

## ကမ္ဘာစစ်ကာလ ဆောင်ကြာမြိုင်မယ်အဖြစ်စေခိုင်းခံရသူ ဖိလစ်ပိုင်အမျိုးသမီးများ ဂျပန်ထံမှ လျော်ကြေးရလို

**မနီလာ ဇန်နဝါရီ ၆**

ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျပန်တပ်ဖွဲ့၏ အဓမ္မစေခိုင်းခံခဲ့ရသော ဖိလစ်ပိုင်လူမျိုး အမျိုးသမီးများအနက် အသက်ရှင်နေဆဲအမျိုးသမီးတစ်စုသည် ဂျပန်အစိုးထံမှ ဝန်ချတောင်းပန်မှုနှင့် လျော်ကြေးငွေရရှိရေးတို့အတွက် ဖိလစ်ပိုင်အစိုးရက ထိရောက်စွာအကူအညီပေးခြင်းမရှိဟု စွပ်စွဲလိုက်ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာစစ်ကာလအတွင်း ဆောင်ကြာမြိုင်မယ်များအဖြစ် ဂျပန်တပ်ဖွဲ့၏စေခိုင်းခံခဲ့ရသော ကိုရီးယားအမျိုးသမီးများအား ဂျပန်နိုင်ငံက ဝန်ချတောင်းပန်ခဲ့ပြီး၎င်းတို့၏ လူမှုဘဝတိုးတက်ရေးအတွက် ယန်းတစ်ဘီလီယံခန့်(ဒေါ်လာ ၈ ဒသမ ၄၃ သန်း)ခန့်ရှိ ရန်ပုံငွေထူထောင်ပေးရန် လွန်ခဲ့သည့်လက သဘောတူညီချက်တစ်ရပ်ရရှိခဲ့ပြီးနောက် ဖိလစ်ပိုင်ဆောင်ကြာမြိုင်မယ်ဟောင်းများကလည်း အလားတူသဘောတူညီချက် ရရှိလာရေးအတွက် အစိုးရအဖွဲ့အပေါ် ဖိအားပေးလာခြင်း ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျပန်တပ်ဖွဲ့က ဖိလစ်ပိုင်နိုင်ငံကို ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ သိမ်းပိုက်ခဲ့သည်။

တောင်တရုတ်ပင်လယ်အတွင်း ပိုင်နက်နယ်မြေ အငြင်းပွားမှု တရုတ်နိုင်ငံနှင့် ဖြစ်ပွားနေခြင်းကြောင့် ဆောင်ကြာမြိုင်များအရေး မေ့မှိန်သွားမည်ကို ဖိလစ်ပိုင် ဆောင်ကြာမြိုင်မယ်အဖြစ် စေခိုင်းခြင်းခံရသူများ စိုးရိမ်ပူပန်လျက်ရှိကြသည်။

**ရိုက်တာ။**



# မြန်မာနိုင်ငံသား ရေလုပ်သား ၁၄ ဦး အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းမှ ပြန်လည်ရောက်ရှိ

သတင်းနှင့် ဓာတ်ပုံ
ဇော်ကြီး (ပဏီတ)

ရန်ကုန် ဇန်နဝါရီ ၆

**အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ရေလုပ်သား (၁၄) ဦးတို့သည် ယနေ့ ညနေ ၆ နာရီ မိနစ် ၅၀ က ထိုင်းနိုင်ငံ လေကြောင်းလိုင်းမှTG-305 လေယာဉ်ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။**



"အခုပြန်ရောက်လာတဲ့ သူတွေက အင်ဒိုနီးရှားရေပိုင်နက်ထဲက ငါးဖမ်းလှေတွေပေါ်မှာ အလုပ်လုပ်တဲ့ သူတွေပါ။ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးနဲ့ IOM တို့က စီစဉ်ဆောင်ရွက်ပေးလို့ သူတို့အားလုံး လုပ်ခလစာတွေ ရခဲ့တယ်။ လတ်တလောမှာတော့ လူမှုဝန်ထမ်း ဦးစီးဌာနနဲ့ IOM တို့ရဲ့အစီအစဉ်နဲ့ ခေတ္တစောင့်ရှောက်ပေးပါမယ်။ သူတို့ရဲ့ အတွေ့အကြုံတွေကို မေးမြန်းပြီး နေရပ်တွေကိုပြန်ပို့ပေးသွားမှာပါ"ဟု လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကိုယ်စား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲမှူးကြီး ခင်မောင်လှကပြောသည်။

အဆိုပါ ရေလုပ်သားများသည် အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာသံရုံးနှင့်ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)တို့၏ အကူအညီဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ မြန်မာနိုင်ငံသားအဖြစ် အတည်ပြုချက်ရယူပြီး ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်ကာ ရန်ကုန်၊ တနင်္သာရီ၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးတို့နှင့် မွန်၊ ရခိုင်ပြည်နယ်တို့မှ ပါဝင်ကြောင်း သိရသည်။

"အင်ဒိုနီးရှား အစိုးရက ငါးဖမ်းခွင့် ပိတ်လိုက်တဲ့အတွက် အခက်အခဲတွေကြုံခဲ့ရတယ်။ ကျန်ရှိနေတဲ့ လုပ်အားခတွေကိုလည်း သက်ဆိုင်ရာက ကူညီပေးလို့အားလုံး ရရှိခဲ့ပါတယ်။ နောက်ထပ်သွားဖို့ အစီအစဉ် မရှိတော့ပါဘူး" ဟု ပြန်လည်ရောက်ရှိလာသူ ကိုနိုင်ဦးကပြောသည်။

ထိုသို့ပြန်လည်ရောက်ရှိလာသူတို့ကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာနရှိ မသန်စွမ်းသက်ငယ် သင်တန်းကျောင်းတွင် သက်ဆိုင်ရာမှ ခေတ္တနေရာချပေးထားသည်။ IOM အနေဖြင့်လည်း ၎င်းတို့ကို သက်ဆိုင်ရာနေရပ်အသီးသီးသို့ ပြန်နိုင်ရန် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ပေးနေသည့်အပြင် နောက်ဆက်တွဲစောင့်ကြည့်လေ့လာမှုများ ပြုလုပ်၍ လိုအပ်ပါက ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးရန် စီစဉ်ထားကြောင်း IOM မှ သိရသည်။

# အောက်ဆီဂျင် စနစ်ချွတ်ယွင်း၍ အရေးပေါ်ဆင်းသက်ခဲ့ရသည့် လေယာဉ်မှခရီးသည်များ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၆**

အောက်ဆီဂျင်စနစ်ချွတ်ယွင်း၍ အရေးပေါ်ဆင်းသက်ခဲ့ရသည့် Jet Airways လေကြောင်းလိုင်းလေယာဉ်မှ ခရီးသည်များကို နောက်ထပ်လေယာဉ် တစ်စင်းဖြင့် တင်ဆောင်ကာ ယနေ့နံနက် ၁ နာရီ ၂၆ မိနစ်တွင် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ လေဆိပ်သို့ ပြန်လည်ထွက်ခွာသွားကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စုံစမ်းသိရှိရသည်။

အိန္ဒိယနိုင်ငံအခြေစိုက် Jet Airways လေကြောင်းလိုင်းမှ လေယာဉ် အမှတ် VT-JBZ လေယာဉ်သည် ခရီးစဉ်အမှတ်9W 70 အဖြစ် လေယာဉ်အမှုထမ်း ရှစ်ဦးနှင့် ခရီးသည် ၁၈၃ ဦး လိုက်ပါလာပြီး အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာလာရာ မြန်မာနိုင်ငံသို့ဖြတ်ကျော်ပျံသန်းစဉ် အောက်ဆီဂျင်စနစ်ချွတ်ယွင်းခဲ့သဖြင့် ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၅ ခန့်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရသည်။

ထိုလေယာဉ်မှ ခရီးသည်များအတွက် ယင်းလေကြောင်းလိုင်းရှိ နယူးဒေလီလေဆိပ်မှ လေယာဉ်တစ်စင်းသည် ခရီးစဉ် အမှတ် 9W-9902 အဖြစ် ယင်းနေ့ည ၁၁ နာရီ ၁၀ မိနစ်တွင် ရောက်ရှိလာခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ခရီးသည်များကိုတင်ဆောင်၍ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခြင်းဖြစ်သည်။

"လာခေါ်တဲ့လေယာဉ်က ခရီးသည်အားလုံး မဆံ့လို့ အယောက် ၂၀ လောက်ကို ထိုင်းလေကြောင်းလိုင်းနဲ့လွှဲပြီးပို့လိုက်ရတယ်။ လေယာဉ်အမှုထမ်းခြောက်ဦးလည်း ပြန်လိုက်သွားတယ်။ ကျွန်တော်တို့လေကြောင်းလိုင်းအနေနဲ့ လေယာဉ်နဲ့ပတ်သက်တာတွေအပြင် ခရီးသည်တွေရဲ့ လိုအပ်ချက်တွေကို သက်ဆိုင်ရာနဲ့အတူ ကူညီဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လက်ထောက်ကြီးကြပ်ရေးမှူး ကိုဇွဲရဲအောင် ကပြောသည်။

အောက်ဆီဂျင်စနစ် ချွတ်ယွင်းခဲ့သည့်လေယာဉ်ကို အဆိုပါလေယာဉ် အမှုထမ်းများနှင့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ အင်ဂျင်နီယာတို့ ညှိနှိုင်းပေါင်းစပ်၍ ပြုပြင်ခဲ့ရာ ယနေ့နံနက် ၆ နာရီခွဲခန့်တွင် ပြန်လည်ကောင်းမွန်သွားသဖြင့် ညနေ ၅ နာရီခန့်တွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ သိရသည်။

**ဇော်ကြီး (ပဏီတ)**

# ချမ်းအေးဓမ္မစာဆိုပူဇော်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ချမ်းအေးဓမ္မစာဆို ရဟန်းတော်များ၊ လူပုဂ္ဂိုလ်များပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၄၄)လမ်းအောက် ဗုဒ္ဓဝိဟာရဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ချမ်းအေးဓမ္မစာဆိုပူဇော်ပွဲနှင့် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဆရာချစ်ဦးညိုက ဘာသာသာသနာအတွက် ဓမ္မစာပေကောင်းများ ပေါ်ထွက်လာရေးအတွက် နှစ်စဉ် ဓမ္မစာဆိုပူဇော်ပွဲများကို ကြိုးစားကျင်းပနေခဲ့မှုများကို အဖွင့်နိဒါန်းတွင် တင်ပြလျှောက်ထားပြီး ဦးကျော်ခင်မြင့်က ဓမ္မစာဆိုရဟန်းတော်များ အတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ဆရာ သူရဇော်က ကန်တော့ခံလူပုဂ္ဂိုလ် ဦးအောင်ညွန့်ဝင်း၏ အတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ဆရာတိုးတက်က ကန်တော့ခံ လူပုဂ္ဂိုလ် ဦးလှသိန်းထွန်း၏ အတ္ထုပ္ပတ္တိကိုလည်းကောင်း ဖတ်ကြားတင်ပြသည်။

ထို့နောက် အပူဇော်ခံ ဓမ္မစာဆိုကြီးများအား ဆရာသူရဇော်ဦးဆောင်၍ တက်ရောက်သူများက ကန်တော့ချီးဖြင့် လက်အုပ်ချီမိုး ရှိခိုးပူဇော်ကန်တော့ကြပြီး တာဝန်ရှိသူများနှင့် စေတနာရှင်များက ဓမ္မပူဇာလှူဖွယ်ပစ္စည်းများနှင့် အလှူငွေကျပ်သုံးသိန်းစီ ပူဇော်ကန်တော့ကြ သည်။

ဓမ္မစာဆိုပူဇော်ပွဲတွင် ပဲခူးအရှင်တေဇောသာရ၊ စစ်ကိုင်းအရှင်သုမင်္ဂလ၊ ရန်ကုန်သယ်န်းကျွန်း အရှင်သံဝရ လင်္ကာရနှင့် ဦးအောင်ညွန့်ဝင်း၊ ဦးလှသိန်းထွန်းတို့ အပူဇော်ခံကြသည်။

**(စိန်ရွှေလှိုင်)**

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၆**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

# ပုဗ္ဗသီရိမြို့နယ်တွင် လျှပ်စစ်မီးလင်းရေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၆**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာအုပ်စု သာယာဝှမ်းကျေးရွာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ရန်ပုံငွေနှင့်အတူ ကျေးရွာပြည်သူလူထု၏ ထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခဲ့သည့် လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက် ညနေ ၅ နာရီက သာယာဝှမ်းကျေးရွာရှိ ထရန်စဖော်မာရှေ့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးအောင်ဇော်ဦးက လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့် လျှပ်စစ်ဓာတ်အားကို ဒေသခံပြည်သူများ အသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစေရေး သတိပြုသင့်သည့်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၁၁ ကေဗွီဓာတ်အားလိုင်း ၁ မိုင် ၂ ဖာလုံနှင့် ၁၁/သုည ဒသမ ၄ ကေဗွီ (၂၀၀) ကေဗွီထရန်စဖော်မာတစ်လုံး၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၁ ဒသမ ၆ ကေဗွီဖြင့် ကျေးရွာရှိ အိမ်ခြေ ၁၆၈ လုံးကို မီးလင်းရေးဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။

**ကိုကိုရှုပ(မန်းတက္ကသိုလ်)**

❑ ဒီဇယ်မြစ်ရေတင်မှ

ကျောက်ဆည်ခရိုင်ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်နိုင်က ပြောသည်။

"တောင်သူတွေရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စိုက်ပျိုးရေရရှိစေဖို့ ဒီစီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရဲ့ လမ်းညွှန်မှုနဲ့လယ်ယာကုန်ထုတ်လုပ်မှုမြင့်မားစေဖို့နဲ့ တောင်သူတစ်ဦးတစ်ဦးချင်းဆီ ဝင်ငွေတိုးတက်စေဖို့ လျှပ်စစ်ဓာတ်အားရရှိနိုင်မှုအခြေအနေပေါ် မူတည်၍ မူလတည်ဆောက်ပြီး ဒီဇယ်မြစ်ရေတင်လုပ်ငန်းအား လျှပ်စစ်ရေတင်စနစ်သို့ပြောင်းလဲဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။ တမာပင်ဒီဇယ်မြစ်ရေတင်လုပ်ငန်းမှလျှပ်စစ်မြစ်ရေတင်စီမံကိန်းအဖြစ်ပြောင်းလဲခြင်းကို ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်းကိုလျှပ်စစ်ဖြင့် ပန့်မော်တာများအသုံးပြု ရေစုပ်တင်၍ ရေသောက်စနစ်ကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

"တောင်သူတွေရဲ့ လယ်တစ်ကွက်ချင်းစီကို စိုက်ပျိုးရေလွယ်ကူစွာရရှိစေဖို့နဲ့ ရေအလေအလွင့်မရှိအောင် မူလရေသောက်စနစ်အပြင်လယ်ကြားမြောင်းအရှည်ပေ ၆၀၀၀ ခန့်ကိုလည်း ဌာနက မီနီဘတ်ဟိုးတွေအသုံးပြုပြီး တစ်ပြိုင်တည်းဖောက်လုပ်ပေးနေတဲ့အတွက် လာမယ့်နွေသီးနှံအမီလျာထား ဧက ၁၀၀ ကို ရာနှုန်းပြည့်စိုက်ပျိုးရေတွေပေးဝေသွားနိုင်တော့မှာဖြစ်ပါတယ်" ဟု စီမံကိန်းလုပ်ငန်းတာဝန်ခံ ဦးစီးမှူး(မြို့ပြ)ဦးသက်နိုင်စိုးက ပြောသည်။

"ကျွန်တော်တို့လက်ရှိမှာ ကြက်သွန်နဲ့ ငရုတ်တွေကို စမုံမြစ်ကနေဒီဇယ်နဲ့ ရေတင်ပြီး စိုက်ပျိုးနေရတာပါ။ တစ်ဧကကို စက်ငှားရမ်းခနဲ့ဒီဇယ်ဖိုးငွေက နှစ်သိန်းနဲ့သုံးသိန်းကြားကုန်ကျနေတဲ့အပြင် သီးနှံစိုက်ခင်းအရောက် ရေသွယ်ယူမှုမှာလည်း အခက်အခဲဖြစ်ပေါ်နေပါတယ်။ တချို့မြစ်နဲ့ဝေးကွာတဲ့ စိုက်ခင်းတွေဆို မိုးရေကိုပဲ အားကိုးနေကြရပါတယ်။ အခုလျှပ်စစ်နဲ့ ရေတင်ပေးမယ်ဆိုတဲ့အတွက် ဝမ်းသာနေကြတယ်" ဟုမြစ်သားမြို့နယ် နွားဖြူငယ်ကျေးရွာမှ တောင်သူဦးလှအောင်က ပြောသည်။ တမာပင်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို စမုံမြစ်၏ရေအရင်းမြစ်ကိုရယူဆောင်ရွက်ခြင်းဖြစ်ပြီး စီမံကိန်းတွင် ပင်မမြောင်းအရှည် သုည ဒသမ ၃၇ မိုင်၊ လက်တံမြောင်းအရှည် သုည ဒသမ၇၄ မိုင်၊အုတ်လိုင်နင် အရှည် ပေ ၂၃၀၊ တူးမြောင်းအေ ဆောက်အအုံ ၃၆ ခုပါဝင်ပြီး 9 Cusec Pump(2)Sets& 75KW Motor, 11/0.4KV (200KVA) ထရန်စဖော်မာတစ်လုံးတပ်ဆင်ထားကာ Fixed Type အမျိုးအစားရေတင်စနစ်ဖြစ်သောကြောင့် မူလစိုက်ပျိုးမြေဧက ၄၅၀ အတွက် စိုက်ပျိုးရေလုံလောက်စွာစုပ်တင်ပေးနိုင်ရန် လျာထားဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

○ ကျောဖုံးမှ

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ မှာယူထားသော ဒုတိယမြောက် ATR (72-600) XY-AJZ လေယာဉ်သစ်တစ်စင်း ဇန်နဝါရီ ၅ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ရုံသို့ ရောက်ရှိလာပြီး အဆိုပါလေယာဉ်သစ်အား ပြည်တွင်း၊ပြည်ပခရီးစဉ်များတွင် ထည့်သွင်းအသုံးပြုသွားမည်ဟု သိရသည်။ ယခုရောက်ရှိလာသော လေယာဉ်အပါအဝင် လေယာဉ်နှစ်စင်း လက်ခံရရှိပြီးဖြစ်ပြီး စုစုပေါင်း ခြောက်စင်း မှာယူထားကြောင်း သိရသည်။ ကျန်ရှိသော လေယာဉ်သစ်လေးစင်းမှာ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွင် လက်ခံရရှိမည်ဟု သိရသည်။ အဆိုပါ လေယာဉ်များဖြင့် ပြည်တွင်း၊ပြည်ပခရီးစဉ်များ တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည့်အပြင် ဘိုးရင်းလေယာဉ်သစ်များလည်း မှာယူထားရာ ထပ်မံရောက်ရှိလာသော လေယာဉ်သစ်များဖြင့် ဒေသတွင်း အချက်အချာဒေသများသို့ ပျံသန်းပြေးဆွဲသွားမည်ဟု သိရသည်။

လက်ရှိတွင် ဘိုးရင်းလေယာဉ်သစ် နှစ်စင်းဖြင့် စင်ကာပူ၊ ဟောင်ကောင်ခရီးစဉ်များကို ပုံမှန်ပြေးဆွဲပေးနေကြောင်း သိရသည်။ ယင်းအပြင် ပြည်တွင်းခရီးစဉ်များတွင် စင်းလုံးငှားခရီးစဉ်အဖြစ် Cessna Grand Caravan Ex လေယာဉ်များဖြင့် ပြေးဆွဲပေးနေသည့်အပြင် အဆိုပါလေယာဉ်ငယ်များဖြင့် ကျောက်ဖြူမြို့၊ မာန်အောင်မြို့တို့အပြင် စစ်တွေမြို့တို့သို့ အပတ်စဉ်တနင်္လာနေ့နှင့် သောကြာနေ့တို့တွင် ပြေးဆွဲပေးနေကြောင်း သိရသည်။

" ခရီးသွားဖွံ့ဖြိုးလာတော့ လေကြောင်းလိုင်းတွေက အရေးပါလာတယ်။ ပြည်ပကိုသွားရင် လေကြောင်းလိုင်းတွေလည်းများလာတော့ လေယာဉ်လက်မှတ်ခက ဘယ်လောက်မှ မရှိတော့လို့ သွားနိုင်လာကြတယ်။ ပြည်တွင်းမှာလည်း ပြိုင်ဆိုင်မှုများလာပြီး စျေးနှုန်းသင့်လာမယ်ဆိုရင် နိုင်ငံခြားသားတွေသာမက ပြည်တွင်းခရီးသွားတွေလည်း လေယာဉ်အသုံးပြုမှု ပိုများလာပါလိမ့်မယ်" ဟု ပြည်တွင်းခရီးသွားတစ်ဦးက မှတ်ချက်ပြုသည်။

❑❑

# အတ္ထုပ္ပတ္တိစာပေမှပေးသောအမွေ

ဦးဟန်ညွန့်(ဥပဒေ)

**စာဆိုရာသီ**

နတ်တော်လဆန်းတစ်ရက်ကို အခြေပြု၍ စာဆိုရာသီပွဲဆင်နွှဲနေချိန်. . ။ စာပေဆုများချီးမြှင့်နေချိန်. . ။ ဤအချိန်၊ ဤရာသီတွင် အတ္ထုပ္ပတ္တိစာပေ၏စွမ်းရည်ကို သတိရသည်။ အချက်အလက်စုဆောင်းခြင်း၊ တကယ့်အဖြစ်အပျက်ကို အခြေခံခြင်း၊ အကိုးအကားကောင်းခြင်း၊ သမိုင်းတင်နိုင်ခြင်းတို့နှင့် ပြည့်ဝသော အတ္ထုပ္ပတ္တိ စာပေဖြစ်ပေသည်။

**အတ္ထုပ္ပတ္တိဟူသည်အဘယ်နည်း**

"အတ္ထုပ္ပတ္တိ"ဟူသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဘဝနှင့်စရိုက်ကို ဖော်ပြသည့်စာဖြစ်သည်။ အတ္ထုပ္ပတ္တိသည် ကဗျာ၊ ပြဇာတ်၊ ဝတ္ထု စသည်တို့ကဲ့သို့ပင် စာပေအင်္ဂါအစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ပုံစံအမျိုးမျိုးရှိနိုင်သည်။ အဖွဲ့အနွဲ့လား။ မှတ်တမ်းသုတလား။

**အတ္ထုပ္ပတ္တိလေးမျိုး**

အတ္ထုပ္ပတ္တိလေးမျိုးရှိသည်-

(၁) ရိုးရိုးအတ္ထုပ္ပတ္တိ
(၂) ကိုယ်ရေးအတ္ထုပ္ပတ္တိ
(၃) ဝတ္ထုသဘောပါသော အတ္ထုပ္ပတ္တိ
(၄) မှတ်တမ်းသဘောပါသော အတ္ထုပ္ပတ္တိ

**အတ္ထုပ္ပတ္တိ၏ အရှေ့ဦး**

မြစေတီကျောက်စာသည် မြန်မာအတ္ထုပ္ပတ္တိစာပေ၏ အရှေ့ဦးဖြစ်သည်။ ပုဂံမြို့ သရဖာတံခါး အနောက်ဂူ၌ ပါဠိဘာသာဖြင့် ရေးထိုးထားသော မဟာအဂ္ဂပဏ္ဍိတ မထေရ်၏ အတ္ထုပ္ပတ္တိကျောက်စာ၊ ပဲခူးမြို့ ကလျာဏီသိမ် အနီးရှိ ကလျာဏီကျောက်စာ၊ ၁၈၈၄ ခုနှစ်တွင် ရေးထိုးသော ယောမင်းကြီးဦးဘိုးလှိုင်၏ အတ္ထုပ္ပတ္တိကျောက်စာများမှာ အတ္ထုပ္ပတ္တိကျောက်စာများအဖြစ် သမိုင်းဝင်သည်။

**ပုဂ္ဂိုလ်များ၏အတ္ထုပ္ပတ္တိ**

ဆရာကြီး ဦးဖိုးကျားရေးသားသော ဦးထွန်းရှိန်အတ္ထုပ္ပတ္တိနှင့် ဦးပုညအတ္ထုပ္ပတ္တိ၊ မှော်ဘီဆရာသိန်းရေးသားသော မြန်မာဝန်ကြီးမှူးကြီးများ အတ္ထုပ္ပတ္တိ၊ ပုဂံဝန်ထောက် ဦးတင်ရေးသားသော တော်စိန်ခို အတ္ထုပ္ပတ္တိ၊ မဟာဆွေရေးသားသော သတင်းစာဆရာ ဖိုးဝဇီရ၏ အတ္ထုပ္ပတ္တိများမှာ ပုဂ္ဂိုလ်များ၏အတ္ထုပ္ပတ္တိဖြစ်သည်။ တက်ဘုန်းကြီး သိန်းဖေရေးသားသော ဆရာလွန်း အတ္ထုပ္ပတ္တိ၊ မြဒေါင်းညိုရေးသားသော ရဲဘော်သုံးကျိပ်အတ္ထုပ္ပတ္တိများသည်လည်း ထင်ရှားသည်။ စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး၏"သူလိုလူ"ဝတ္ထု၊ ဒဂုန်တာရာ၏"ရုပ်ပုံလွှာ"စာပန်းချီအတ္ထုပ္ပတ္တိများမှာလည်း ရင်ဝယ်ထိသောစာပေများဟု စာရေးသူယုံသည်။ စာရေးဆရာမကြီး လူထုဒေါ်အမာရေးသားသော "ပြည်သူချစ်သော အနုပညာသည်များ"၊ "အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး" အတ္ထုပ္ပတ္တိများကိုလည်း ချန်ထား၍ မရနိုင်။ အခြားအခြားလည်း များစွာကျန်သေးသည်။

**စာရေးဆရာမကြီး ခင်ဆွေဦးရေးသော မှတ်မှတ်ရရနေ့ရက်များ**

စာရေးဆရာမကြီး(ဒေါ်)ခင်ဆွေဦးအား ၁၃၇၇ ခုနှစ် စာပေပညာရှင်ကြီးများပူဇော်ပွဲနေ့က ကျန်းကျန်းမာမာတွေ့ရသည်။ ဆရာမကြီး၏ စာတွေဖတ်ပြီး ဆရာမကြီးလို ဝတ္ထုတွေရေးချင်သည်။ ဆရာမကြီး၏ အဖွဲ့အနွဲ့များကို ရင်ဝယ်စွဲလမ်းနေဆဲ။ မနေ့ကပဲ ဆရာမကြီးရေးသားသော မှတ်မှတ်ရရနေ့ရက်များ(---နှင့်ကျွန်မ)ကို ပြန်လည်ဖတ်ဖြစ်သည်။ လက်ကမချနိုင်။ ဆွဲဆောင်လွန်းအားကြီးလှသည်။

**ဗေဒါမဖေဖေမှ နှင်းဆီများနှင့်---ကျွန်မအထိ**

"မှတ်မှတ်ရရနေ့ရက်များ"တွင် ခံစားချက် ၂၆ ပုဒ်ပါသည်။ ဘယ်လိုများရေးဖွဲ့လိုက်ပါသလဲ ဆရာမကြီးရယ်. . ။ လူငယ်တွေ ဖတ်မှတ်သင့်ပါဘိ။ ရှုပါ။

အသားဝါဝါ၊ နဖူးပြေပြေ၊ နှာတံစင်းစင်း၊ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ အရပ်မြင့်ကာ ကိုယ်ဟန်သွယ်လှလှနှင့် ဆရာအကြောင်း. . . ။

ထိုဆရာသည် "၁၉၄၈ ခုနှစ်လွတ်လပ်ရေးနေ့တွင်" ဆိုသော အောက်ပါကဗျာကို ရေးခဲ့ကြောင်း. . ။

* ရေးမိသည် တည့်ရေးမိသည်
မလေးမောင်သည်ယနေ့
ရေးမွေ့မိသည်။

* စီးခဲ့တဲ့ သွေးမျက်ရည်၊ ပြည်နိုင်ငံအရေးစာတေးသည် မြိုင်ချောင်ကသည် ကလောင်ရောင်ခြည်လွှတ်ဦးညွှတ်တယ်လေး။ ။

စာဆိုရှင် ဆရာကြီးဇော်ဂျီ၏ အတ္ထုပ္ပတ္တိဖြစ်ပါသည်။

**ထာဝရမွေး(သို့မဟုတ်)မမစု**

၂၀၀၂ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့ မိုးစက်တင်လေအကြား အိပ်ရာထဲပက်လက်ဝေဒနာခံနေရဆဲ၊ ကျွန်မသူ၏ ညာလက်ဆုပ်ကိုင်တော့ လက်တွေမှာ အေးစက်လို့၊ ဖျော့တော့နေသော မမစုမျက်နှာလေးကို ကျွန်မစိုက်ငေးဆဲ၊ သူ၏အပြုံးယဲ့ယဲ့လေးနှင့်. . ။

**တရားသူကြီး ဦးမြင့်သိန်းနှင့်ကျွန်မ**

M.M.T ၏ အရှည်ကောက်မှာ မောင်မြင့်သိန်းဖြစ်သော်လည်း သူ့ကို မိတ်ဆွေများ တလေးတစားခေါ်ဝေါ်ကြသည်မှာ "Justice U Myint Thein" (တရားသူကြီးဦးမြင့်သိန်း)။ ဆရာသည် ကျွန်မ တက္ကသိုလ်ရောက်စဉ်တုန်းက ပါမောက္ခချုပ် (Rector)ဖြစ်သော ဒေါက်တာထင်အောင်နှင့် ညီအစ်ကိုအရင်းဖြစ်သည်။ ဒေါက်တာထင်အောင်ကိုယ်တိုင်က အင်္ဂလိပ်ရော၊ မြန်မာဘာသာပါရေးသားသော စာရေးဆရာဖြစ်သည်။ ဝတ္ထုတို/ရှည်အရေးအသားနှင့်ပတ်သက်၍ အင်္ဂလိပ်ဘာသာနှင့်ပို့ချသော သင်တန်းကိုလည်း ကျွန်မတက်ဖူးသေးသည်။ ပို၍ ပို၍ ထူးခြားသော အကြောင်းအရာတစ်ခုမှာ ဆရာ M.M.T ၏ နှမအရင်းတစ်ဦးမှာ (ဒေါ်)ခင်စောမူဖြစ်ပြီး ဂန္ထလောက မဂ္ဂဇင်းတွင် ဦးဆောက်ပန်းနာမည်ဖြင့် ကဗျာများရေးခဲ့သူဖြစ်သည်။ ယနေ့ထင်ရှားလာသော (ဒေါ်)ခင်စောတင့်၏ မိခင်လည်းဖြစ်သည်။ တိုက်ဆိုင်စွာပင် ဆရာ၏နှမထွေး ဒေါ်တင်စောမူသည် ရန်ကုန်တက္ကသိုလ်ဥပစာသင်တန်းနှစ်များတွင် ကျွန်မတို့ကို ပင်ရင်းအင်္ဂလိပ်စာပြသော ဆရာမလည်းဖြစ်သည်။

**စာရေးဆရာ လူထုဦးလှအကြောင်း**

အသားဖြူဖြူ ထောင်ထောင်မောင်းမောင်း၊ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ လူပုံချောချောနဲ့ ဦးလေးလှဟာ ဦးလေးလှရဲ့ ဂျပန်ဘာသာပြန်ဆိုတဲ့ ရွှံ့နဲ့စစ်သား၊ ပန်းနဲ့စစ်သား၊ ပင်လယ်နဲ့စစ်သားဝတ္ထုတွေ။ ရဲဘော်နဲ့မောင်ကြီးနှမဝတ္ထုဖတ်ပြီး စာရေးဆရာမဖြစ်လာမယ့်သူဆိုတော့ ဘယ်သိဦးမှာလဲ။ ဒီစာတွေဟာ "တို့တိုင်း ဌာနီ"ဆိုတဲ့ ဝတ္ထုကို ရင်ထဲမျိုးစေ့ချပေးလိုက်တယ်ဆိုတာ "အချိန်"ကာလတစ်ခုမှာ ဆုံးဖြတ်လိုက်တာပါပဲ။

လူထုဦးလှဟာ ဂန္ထဝင်မြောက်စာအုပ်များ ရေးဖွဲ့သူ၊ လူထုသတင်းစာထုတ်လုပ်သူ၊ ဦးလေးလှရဲ့စာနဲ့ နှုတ်ပြောစကားများသာမက ဦးလေးလှနဲ့ကံကောင်းထောက်မစွာ အတူတွေ့ဆုံခဲ့ရလို့ ဦးလေးလှရဲ့အတွေးများကို လက်လှမ်းမိသိခွင့်ရခဲ့ပါတယ်။ ဦးလေးလှဟာ လူငယ်တွေအတွက် လိုအပ်သူ၊ ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌တည်စေတဲ့ လူငယ်တိုင်းဟာ ဦးလေးလှနဲ့ထိတွေ့ဖြတ်သန်းဖို့ လိုအပ်ပါသတဲ့။

ဦးလေးလှဟာ ဘဝတစ်လျှောက်လုံး "အတ္တအကျိုး" ထက်"ပရအကျိုး"ဆောင်ရွက်ခဲ့သူဖြစ်လို့ပါပဲ။

**ပန်းတွေကိုချစ်သည့်ခင်ဆွေဦး**

ပန်းတွေကိုချစ်သည့် ဆရာမကြီး ဒေါ်ခင်ဆွေဦးက "နှင်းဆီများနှင့်ကျွန်မ" စာစုတွင်-

တစ်ခါတုန်းက ကျွန်မရဲ့ လုံးချင်းဝတ္ထုတစ်ပုဒ်ဖြစ်တဲ့ "အသက်လေးရယ်တဲ့ရှည်စေလို"ထဲမှာ ကျွန်မ ကယားပြည်နယ်၏ နောက်ခံဇာတ်အိမ်တည်တော့ ခြံစည်းရိုးပတ်လည်မှာ အလေ့ကျပေါက်ရောက်နေတတ်တဲ့ နှင်းဆီတွေကို နှင်းဆီရိုင်းလို့ နာမည်တပ်ရေးမိလို့ ကယားပြည်နယ်သားတစ်ဦးဆီက ဝေဖန်စာရောက်လာပါတယ်။ ဆရာမရေးခဲ့တဲ့ နှင်းဆီကို သူတို့ကယားပြည်နယ်မှာ နှင်းဆီရိုင်းလို့မခေါ်ဘူးတဲ့။ နှင်းဆီဟာ နှင်းဆီပဲပေါ့တဲ့။ သူက"ရိုင်း" ဆိုတဲ့ စကားလုံးကိုကြိုက်ပုံမရဘူး။ ကျွန်မလည်း ကျွန်မအမြင်မှာ သိပ်မပြုပြင်ရဘဲ သူ့အလိုလိုပေါက်လာတဲ့ နှင်းဆီပင်က ပန်းတွေကိုပြောတာပါ။ "ရိုင်း"ဆိုတာဟာ ဆရာဒဂုန်တာရာက "အောင်ဆန်း(သို့မဟုတ်)အရိုင်း" တင်စားသလို အရိုးခံအတိုင်း ရေးသွားတာပါ။ ကျွန်မငယ်ငယ်တုန်းက "တာဇံ"ကို ချစ်သလို ကြီးလာတော့ ကာတွန်းသော်ကရဲ့ "အရိုင်း"ဇာတ်ကောင်ကို အင်မတန်သဘောကျနှစ်ခြိုက်မိပါတယ်တဲ့။ ဆရာမကြီး ဒေါ်ခင်ဆွေဦးရေးခဲ့သော စာစု ၂၆ ပုဒ်ထဲမှာ စာရေးသူအကြိုက်ဆုံးစာပိုဒ်များကို ထုတ်နုတ်တင်ပြရခြင်းသာဖြစ်ပါသည်။

တကယ်တော့ ၂၆ ပုဒ်စလုံးကို ရင်ထဲစွဲမိနေခြင်းပါ။ ဝတ္ထုသဘောပါသော၊ မှတ်တမ်းသဘောပါသော အတ္ထုပ္ပတ္တိစာပေထဲ ပါဝင်မည်ထင်သည်။ ဖတ်ကြည့်ပါ။

မှတ်မိမှာအသေအချာပါ။ တမြည့်မြည့်ခံစားနေရသည်ပါ။ ကွက်ကွက်ကွင်းကွင်းဘဝပေါ်သည်။ စရိုက်ပီပြင်သည်။ ရောင်စုံဆေးခြယ်ထားသည့်ပန်းချီပမာ. . ။

**သေတစ်နေ့မွေးတစ်နေ့**

၂၈-၁၂-၂၀၁၅ နံနက်ပိုင်းက ဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)ကွယ်လွန်ရှာပြီ။ စာရေးဆရာ နောင်စစ်သည်(ကလောင်အမည်) ကျန်ရစ်သည်။ ဗိုလ်ချုပ်ကြီးကွယ်လွန်သော်ငြား(လူသေသော်လည်း၊ နာမည်မသေ)သူ့စာအုပ်တွေ ကျန်ခဲ့ပေသည်။

**သူ့စာအုပ်ထဲက အမှာစာကလေးမှာ-**

"သေတစ်နေ့မွေးတစ်နေ့ဖြစ်သည်။ တစ်နေ့မွေးပြီးလျှင် တစ်နေ့တော့သေရမည်။ သေမှာကြောက်ရွံ့ကြသူများအတွက်ကား အကြိမ်ကြိမ်သေကြရ၍ သေတစ်နေ့ မွေးတစ်နေ့သမားများအတွက်ကတော့ တစ်ကြိမ်မွေးပြီး တစ်ကြိမ်သာသေကြရသည်။ စစ်သားဆိုတာက သေတွင်းနှုတ်ခမ်းပေါ်တွင်လျှောက်နင်းရင်း သေတစ်နေ့မွေးတစ်နေ့ ဇာတ်ခင်းကြသူများဖြစ်သည်။ ဤစာအုပ်သည် သေတစ်နေ့ မွေးတစ်နေ့ဇာတ်လမ်းများထဲမှ ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်"---တဲ့။

**ဦးဘညိမ်၏ ဦးဘညိမ်**

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်တွင် တော်လှန်ရေးကောင်စီဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးဘညိမ်၏ ဦးဘညိမ်ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ (ခေတ်ပြတိုက် စာပေထုတ်၊ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ) ဖတ်ရသည်။ ဌာနအကြီးအကဲများ တာဝန်ပျက်ကွက်မှုကြောင့် အတိဒုက္ခရောက်ကြရသည့် ပြည်သူများမှာ အနန္တရှိသည်။ သာဓကတစ်ခုမှာ ပခုက္ကူခရိုင်တွင် အငတ်ဘေးနှင့် ရင်ဆိုင်ရသည့် ပြဿနာဖြစ်သည်။ အောက်တန်းစာရေး၊ အထက်တန်းစာရေး၊ ရုံးအုပ်များမှတစ်ဆင့် အတွင်းဝန်အဆင့်ဆင့်မှတ်ချက်ရေးကြန့်ကြာမှုကြောင့် အငတ်ပြဿနာ သံသရာလည်ပုံကို ပြန်ရေးပြခြင်းဖြစ်သည်။ သင်ခန်းစာယူဖွယ်။ သတိပြုဖွယ်။

**ခေါင်းဆောင်ကြီးများ၊ ထင်ရှားသူများ**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမှအစပြု၍ ထင်ရှားသူများအသီးသီး၏ အတ္ထုပ္ပတ္တိဖြစ်ရပ်များသည် သမိုင်းမှတ်တမ်းများဖြစ်သည်။ သင်ခန်းစာများဖြစ်သည်။ ဆောင်ရန်၊ ရှောင်ရန်များကိုဖော်ပြသည်။ အနာဂတ်လူငယ်အပေါင်း၏ ထုံးဟောင်းသက်သေဖြစ်ပါစေဟု စာရေးသူမျှော်လင့်သည်။ မှန်မှန်ကန်ကန်၊ မခြွင်းမချန် သမိုင်းဖြစ်ရပ်အမှန်ကို ရေးသားဖော်ပြနိုင်လေလေ အနာဂတ်အတွက် အကျိုးများလေလေဟု စာရေးသူယုံသည်။ ဖတ်စရာတွေများစွာကျန်သေးသည်။ ဤမျှရည်ညွှန်းဖော်ပြပါရစေ။

**သက်ကြီးရွယ်အိုများ၏လက်ဆင့်ကမ်း**

နိုင်ငံနှင့်လူမျိုးအတွက် သမိုင်းတင်ရစ်မည့် ရှေ့မီနောက်မီ သက်ကြီးရွယ်အိုများ၏ တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံများကို "အတ္ထုပ္ပတ္တိစာပေ"ဖြင့်သာ မော်ကွန်းတင်ရပေလိမ့်မည်။ သူတို့ သူတို့၏ လက်ဆင့်ကမ်းအမွေများကို အချိန်မီ စုဆောင်းရယူအပ်လှသည်။

**တင်ပြချက်**

(၁)ဖတ်ကြည့်ပါ၊ မှတ်မိစရာ၊ အတ္ထုပ္ပတ္တိပါ။
(၂)ထုံးဟောင်းသက်သေ တည်ပါစေခင်ဗျာ. . ။

> **အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမှအစပြု၍ ထင်ရှားသူများအသီးသီး၏ အတ္ထုပ္ပတ္တိဖြစ်ရပ်များသည် သမိုင်းမှတ်တမ်းများဖြစ်သည်။ သင်ခန်းစာများဖြစ်သည်။ ဆောင်ရန်၊ ရှောင်ရန်များကို ဖော်ပြသည်။ အနာဂတ်လူငယ်အပေါင်း၏ ထုံးဟောင်းသက်သေဖြစ်ပါစေဟု စာရေးသူမျှော်လင့်သည်။ မှန်မှန်ကန်ကန်၊ မခြွင်းမချန် သမိုင်းဖြစ်ရပ်အမှန်ကို ရေးသားဖော်ပြနိုင်လေလေ အနာဂတ်အတွက် အကျိုးများလေလေ. . . .**

# ယခုဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄ ဘီလီယံကျော်ရှိပြီး ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာ

**နေပြည်တော် ဇန်နဝါရီ ၆**

ယခုဘဏ္ဍာနှစ်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှု လေးဘီလီယံကျော်သို့ ရောက်ရှိလာပြီး ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအနက် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် တိုးတက်လာကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏကို အမေရိကန်ဒေါ်လာ ၆ ဘီလီယံအထိရရှိရန် မျှော်မှန်းထားပြီး ယခုအချိန်တွင် အမေရိကန်ဒေါ်လာ ၄ ဘီလီယံကျော် ရောက်ရှိလာသည်ဟု သိရသည်။ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုများတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုတွင် ယခင်ကထက် တိုးမြင့်လာသည်ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ထုတ်ပြန်ချက်များအရ သိရသည်။

"နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု မျှော်မှန်းထားတာက အမေရိကန်ဒေါ်လာ ၆ ဘီလီယံ မှန်းထားပါတယ်။ အခုအချိန်မှာ ၄ ဘီလီယံကျော်သွားပြီဖြစ်တဲ့အတွက် ဘဏ္ဍာနှစ်အကုန်မှာ မျှော်မှန်းထားတဲ့အတိုင်း ရောက်ရှိလာမယ်လို့ သုံးသပ်ပါတယ်"ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ အများဆုံးဖြစ်ကာ ယခုနောက်ပိုင်းတွင် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြင့်လာကာ ရင်းနှီးမြှုပ်နှံမှုပမာဏတွင် တတိယအများဆုံးဖြစ်လာကြောင်း သိရသည်။

ယင်းသို့ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာခြင်းသည် ကုန်ထုတ်လုပ်မှုကို တိုးတက်စေပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများစွာကိုလည်း ဖန်တီးပေးနိုင်သည်ဟု သိရသည်။

အစိုးရသစ်လက်ထက်တွင် ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာပြီး ယခုနှစ် ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးအပြီး နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုအပေါ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုစိတ်ဝင်စားလာကာ လာရောက်ရင်းနှီးမြှုပ်နှံရန် ပြင်ဆင်လျက်ရှိရာ မူလရည်မှန်းလျာထားချက်ကို ကျော်လွန်နိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။ (၀၀၁)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်းမှုနှင့် ကုန်သွယ်မှုအပေါ် အချိုးကျရောက်မှုဆိုင်ရာများအပေါ် အသေးစိတ်ဖတ်ကြား

**နေပြည်တော် ဇန်နဝါရီ ၆**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ အစီရင်ခံစာတစ်ခု ဖတ်ကြားတင်ပြခြင်းနှင့် စီမံကိန်းတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာကံဇော်

ရှေးဦးစွာ ၂၀၁၆-၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက ဖတ်ကြားတင်ပြရာ၌ နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများတွင် ပြည်ပပို့ကုန်/သွင်းကုန်နှင့် စုစုပေါင်းကုန်သွယ်မှုဆိုင်ရာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပညာရေး၊ စက်မှု၊ လယ်ယာနှင့် ကုန်သွယ်မှုစသည့်ကဏ္ဍရပ်များတွင် စီးပွားရေးဆိုင်ရာ လျာထားချက်များနှင့် ခန့်မှန်းချက်ဆိုင်ရာများ၊ ဘဏ္ဍာရေးစနစ်ပြုပြင်ပြောင်းလဲရေးများနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှစ်အလိုက် နှိုင်းယှဉ်ဖော်ပြခြင်းဆိုင်ရာများ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းကြောင့် ကုန်ဈေးနှုန်းအပေါ် တိုက်ရိုက်ထိခိုက်နိုင်သည့် အခြေအနေများဖြစ်ပေါ်လာနိုင်မှုအပေါ် သတိပြုကိုင်တွယ်ဆောင်ရွက်သင့်သည့် သတိပြုဖွယ်ရာ အကြောင်းအချက်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်းမှုနှင့် ကုန်သွယ်မှုအပေါ် အချိုးကျရောက်မှု ဆိုင်ရာများအပေါ် အသေးစိတ် ဖတ်ကြားတင်ပြသည်။



ဒေါက်တာမြတ်ညဏစိုး

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်း၏ မူနှင့် အခြေခံသဘော အပါအဝင် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း -NCDP (၂၀၁၀-၂၀၃၀) နှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က လွှတ်တော်သို့တင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယကက အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း ပေးသွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

## ယနေ့ မိုးလေဝသ

**နေပြည်တော် ဇန်နဝါရီ ၆**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့တွင် -၁ ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် သုည ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီနှင့် ပြင်ဦးလွင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

အမျိုးသားလွှတ်တော်အစည်းအဝေး

# မြန်မာနိုင်ငံတွင် မောင်းသူမဲ့ လေယာဉ်၊ ရဟတ်ယာဉ်များကို စနစ်တကျ တရားဝင်အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ မေးမြန်း၊ ဖြေကြား

**နေပြည်တော် ဇန်နဝါရီ ၆**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ်(၁၃)ခုဖြင့် ကျင်းပရာ **ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ၏ အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**အပါအဝင် အစီရင်ခံစာ (၄)ခု တင်သွင်းအတည်ပြုခြင်း၊ **အဆို**တစ်ခုတင်သွင်းခြင်းနှင့် **မေးခွန်း**(၃)ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု၏ **ရန်ကုန်တိုင်းဒေသကြီး ပုလဲမြို့သစ် ပုလဲ(၃)ရပ်ကွက် အတွင်းရှိ ပုလဲမြို့သစ်ဈေးအား ခေတ်မီအဆင့်မြင့်ဈေး ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပုလဲမြို့သစ်ဈေးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် သန့်ရှင်းရေးအခွန်မှလွဲ၍ ကျန်အခွန်အခများ ကောက်ခံခြင်းမရှိဘဲ ဈေးလူကြီး ငါးဦးက စီမံအုပ်ချုပ်လျက်ရှိသော ဈေးဖြစ်ပါကြောင်း၊ မြေပိုင်ဆိုင်မှုအနေဖြင့် လမ်းမြေပေါ်တွင် တည်ရှိနေသည့် ဈေးတစ်ဈေးဖြစ်၍ ခေတ်မီဈေးအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၏ **ချင်းပြည်နယ်၌ ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြေပြိုမှုနှင့် ကြုံတွေ့နေရသော အိမ်ထောင်စုများအတွက် ဖလမ်းမြို့နယ် ဝေဘူလအုပ်စု ကင်မွန်းချောင်းကျေးရွာအနီးတွင် စံပြကျေးရွာတစ်ခုတည်ထောင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖလမ်းမြို့နယ်အတွင်း ရပ်ကွက် (၃)ရပ်ကွက်၊ ကျေးရွာ (၁၄)ရွာတို့တွင် မြေပြိုအက်ကွဲမှုများ ဖြစ်ပွားခဲ့ပါကြောင်း။

ဖလမ်းမြို့ပေါ် ရပ်ကွက် (၃) ခုတွင် လုံးဝပြိုကျပျက်စီးနေသည့် နေအိမ်ငါးလုံးနှင့် အန္တရာယ်ရှိ၍ ပြောင်းရွှေ့ရမည့် နေအိမ် ၁၂ အိမ် စုစုပေါင်းနေအိမ် ၁၇ အိမ်ရှိသည့်အတွက် နေအိမ်များ ပြန်လည်တည်ဆောက်ပေးနိုင်ရန် ကျင်မွှာလ်ရပ်ကွက်အတွင်းရှိ မြေလပ်နေရာတွင် လမ်းဖောက်လုပ်၍ မြေနေရာများ လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အန္တရာယ်ရှိ၍ နေအိမ်များ ပြောင်းရွှေ့ရမည့် ကျေးရွာ (၁၄)ရွာအတွင်းရှိ လူနေအိမ် ၉၅ လုံးအနက် **မိမိကျေးရွာ**အတွင်း၌ လူနေအိမ် ၂၅ လုံးကို ဆောက်လုပ်ပြီးဖြစ်ပါကြောင်း၊



ဒုတိယဝန်ကြီး
ဦးဇင်ယော်



ရန်ကုန်တိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်

ဆောက်လုပ်ရန် ကျန်ရှိသည့် နေအိမ်အလုံး ၇၀ သည် **မိမိကျေးရွာ**အတွင်းရှိ မြေလပ်နေရာများတွင် ပြန်လည်ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖလမ်းမြို့နယ် ဝေဘူလအုပ်စု ကင်မွန်းချောင်းကျေးရွာအနီးတွင် စံပြကျေးရွာတစ်ခု တည်ထောင်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်၏ **မြန်မာနိုင်ငံတွင် ယခုအခါ မောင်းသူမဲ့ လေယာဉ်၊ ရဟတ်ယာဉ် (DRONES)များကို စနစ်တကျ တရားဝင် အသုံးပြုခွင့် မှတ်ပုံတင်ခြင်းလုပ်ရန် အစီအစဉ် ရှိ၊ မရှိ နှင့် မြေပြင်မှ ထိန်းချုပ်မောင်းနှင်သူများ၏ ကျွမ်းကျင်မှု ရှိ၊ မရှိ စိစစ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က မောင်းသူမဲ့ လေယာဉ်၊ ရဟတ်ယာဉ်များကို ဓာတ်ပုံ၊ ဗွီဒီယိုရိုက်ကူးရေးလုပ်ငန်း၊ ရာသီဥတုနှင့် ဘေးအန္တရာယ်လေ့လာရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေး လုပ်ငန်း၊ တံတားနှင့် အထပ်မြင့်အဆောက်အအုံများ၏ ကြံ့ခိုင်မှုစစ်ဆေးခြင်းလုပ်ငန်း၊ လမ်းပိတ်ဆို့မှုစောင့်ကြည့်ရေး လုပ်ငန်း၊ သုတေသနလုပ်ငန်း၊ ကာကွယ်ရေးလုပ်ငန်းစသည့် လူသားအကျိုးပြုလုပ်ငန်းများတွင် အသုံးဝင်သကဲ့သို့ အကြမ်းဖက်လုပ်ရပ်များတွင်လည်း အသုံးပြုလာနိုင်သည့်အတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရန် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် မောင်းသူမဲ့လေယာဉ်၊ ရဟတ်ယာဉ်များကို အလေးချိန်နှင့် စွမ်းဆောင်နိုင်မှုအပေါ် မူတည်၍ အတန်းအစား ခွဲခြားသတ်မှတ်ပြီး စနစ်တကျ မှတ်ပုံတင်ခြင်း၊ စီးပွားရေးလုပ်ငန်း အသုံးပြုခွင့်လက်မှတ်ထုတ်ပေးခြင်း၊ မြေပြင်မှ ထိန်းချုပ်မောင်းနှင်သူများကို စိစစ်ခြင်းများအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများအား ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ Advisory Circular အဖြစ် ထုတ်ပြန်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် **တောင်သူလယ်သမားများ၊ ဥယျာဉ်ကိုင်းသမားများ ဘဝမြင့်မားရေးအတွက် ဈေးကွက်ညှိနှိုင်းပေးနိုင်ရေးနှင့် စိုက်ပျိုးစရိတ် ချေးငွေတိုးမြှင့်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း**အဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးမြင့်ထွန်းက တင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် **အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ၏ ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**တို့ကို အတည်ပြုကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် **ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**ကို ကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက ဖတ်ကြားတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၆။** မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျှက်ရှိသော Woodside Energy Myanmar Co,Ltd သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-7 တွင် သလင်း(၁)တွင်းတူးဖော်ရေးလုပ်ငန်းများကို Drillship DEEPWATER MILLENNIUM ဖြင့် Thalin 1 တွင်းတည်နေရာ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၂မိနစ် ၀၂ ဒသမ ၅၈၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၄ မိနစ် ၀၁ ဒီဂရီ ၆၇၃ စက္ကန့်တွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-7 တွင် သလင်း(၁)တွင်းတူးဖော်ရေးလုပ်ငန်းများကို Drillship DEEPWATER MILLENNIUM ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးကြေညာထားသည်။ **(ကြေးမုံ)**




# The Voice Weekly မှ သတင်းမှားယွင်းဖော်ပြခဲ့မှုအပေါ် ပြည့်စုံမှန်ကန်စွာ ဖော်ပြပေးနိုင်ရေး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီထံသို့ အကြောင်းကြားထားရှိ

**နေပြည်တော် ဇန်နဝါရီ ၆**

The Voice Weekly ၏ ဇန်နဝါရီ ၂ ရက် Facebook စာမျက်နှာတွင် **"ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် ဖားကန့်မှော်နယ်မြေအတွင်း စစ်ဆေး"** ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ်တင်ခဲ့ခြင်းနှင့်ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် အနေဖြင့် ၎င်းဒေသသို့ သွားရောက်ခဲ့ခြင်း မရှိသဖြင့် သတင်းမှားယွင်းကြောင်း ဖော်ပြချက်ကို The Voice Weekly ၏ Facebook စာမျက်နှာ၊ နေ့စဉ်ထုတ် သတင်းစာနှင့် ဂျာနယ်များ၌ ဖော်ပြပေးနိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာနမှ The Voice Weekly သို့ ညှိနှိုင်းအကြောင်းကြားခဲ့သည်။

ထိုသို့ အကြောင်းကြားခဲ့သော်လည်း The Voice Weekly အနေဖြင့် "ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်" (အစား) "ရထားပို့ဆောင်ရေးဝန်ကြီး"ဟု ပြင်ဆင်ဖတ်ရှုရန် Facebook စာမျက်နှာ၌ ဖော်ပြခဲ့သဖြင့် မှန်ကန်ပြည့်စုံစွာ ပြင်ဆင်ထုတ်ပြန်ခြင်း မရှိခဲ့မှုအပေါ် လိုအပ်သလို ဆောင်ရွက်ပေးနိုင်ပါရန် စွမ်းအင်ဝန်ကြီးဌာနမှ ပြန်ကြားရေးဝန်ကြီးဌာနသို့ ညှိနှိုင်းခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီထံသို့ **"ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် ၎င်းဒေသသို့ သွားရောက်ခဲ့ခြင်းမရှိသည့် ဖြစ်စဉ်အား The Voice Weekly ၏ Facebook စာမျက်နှာ၊ နေ့စဉ်ထုတ်သတင်းစာနှင့် ဂျာနယ်များတွင် မှန်ကန်ပြည့်စုံစွာ ပြင်ဆင်ရေးသားထုတ်ပြန်ပေးနိုင်ရေး"** အတွက် The Voice Weekly ဂျာနယ်နှင့် ညှိနှိုင်းဆောင်ရွက်ပေးပါရန် အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**❖ ငမိုးရိပ်(သုနန္ဒာ)**

သုနန္ဒာကြိုးတံတားနှင့် ကပ်လျက်တည်ဆောက်နေသော အဆိုပါ တံတားသစ်၏ အမျိုးအစားမှာ ကွန်ကရစ်အမျိုးအစားဖြစ်သည်။

လက်ရှိအနေအထားအရ မြောက်ဥက္ကလာပဘက်ခြမ်း၌ ရေလယ်တိုင်နှင့် ဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး မြောက်ဒဂုံဘက်ခြမ်းရှိ ရေလယ်တိုင်အား ဇန်နဝါရီ ၂ ရက်က ဘိုးပိုင်စတင်တူးဖော်နေပြီဖြစ်သည်။ မြောက်ဥက္ကလာပဘက်ခြမ်းနှင့် မြောက်ဒဂုံဘက်ခြမ်း နှစ်ခုစလုံးရှိ Temporary Jetty ထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး တံတား၌ တပ်ဆင်အသုံးပြုမည့် Girder များအတွက်လည်း I -Girder ထုတ်လုပ်ရေးလုပ်ငန်းကို မင်္ဂလာဒုံရှိ စက်ရုံ၌ ဆောင်ရွက်နေပြီဖြစ်သည်။

ငမိုးရိပ်(သုနန္ဒာ) တံတားသစ် တည်ဆောက်ရေးစီမံကိန်းမှ Project မန်နေဂျာ ဦးစောဝင်းစိုးက "တံတားကြီး ပြီးစီးသွားရင်တော့ ကြိုးတံတားကနေ လမ်းလျှောက်တဲ့သူ နည်းသွားပြီး ယာဉ်များကိုပဲ အသုံးပြုသူများသွားကြမှာပါ။ တံတားသစ်ပလက်ဖောင်းဘေးပေါ်မှာလည်း မြောက်ဥက္ကလာပ ဘက်ခြမ်းနဲ့ မြောက်ဒဂုံဘက်ခြမ်းကို ရေ၊ မီး သွယ်တန်းဖို့နဲ့ ဂက်စ်ပိုက်လိုင်းအတွက် ထည့်သွင်းဆောင်ရွက်သွားမှာပါ၊ မြောက်ဒဂုံမြို့နယ်က လူတွေက မြောက်ဥက္ကလာပ စက်မှုဇုန်ဘက်အလုပ်သွားလုပ်ကြတာကို နေ့စဉ်နဲ့အမျှ ထောင်ချီမြင်တွေ့နေရပါတယ်။ ကြိုးတံတားလေးကိုပဲ အသုံးပြုပြီး စက်ဘီး၊ ဆိုက်ကားတွေနဲ့ ခက်ခဲစွာ သွားလာနေကြရတာပါ။ ဒီတံတားသစ် ပြီးစီးသွားရင်တော့ ကားလမ်း၊ ဆိုင်ကယ်၊ ဆိုက်ကားတွေ မောင်းနှင်နိုင်ကြပြီဆိုတော့ သူတို့အတွက် အများကြီးအကျိုးရှိလာတော့မှာပါ"ဟု ပြောသည်။

"မြောက်ဒဂုံဘက်ခြမ်းရှိ ရပ်ကွက်တော်တော်များများက ကြိုးတံတားကနေ ဖြတ်သန်းသွားလာနေကြရတာဆိုတော့ ညနေပိုင်းဆို ကျပ်နေပါတယ်။ မြောက်ဒဂုံမြို့သစ် စတည်ကတည်းက ကြိုးတံတားကလည်း ရှိခဲ့တာဆိုတော့ ကြိုးတံတားသက်တမ်းက ကြာလာပါပြီ။ အဲဒီတော့ လူတွေ ဖြတ်သန်း သွားလာနေရတဲ့အတွက် လွန်စွာအန္တရာယ်လည်းရှိပါတယ်။ ဒီနှစ်လမ်းသွား တံတားသစ်ကြီး တည်ဆောက်ပြီးစီးသွားပြီဆိုရင်တော့ ပြည်သူတွေအတွက် အကျိုးကျေးဇူးကောင်းကောင်းရမှာပါ၊ အိမ်ခြံမြေဈေးနှုန်း ကောင်းလာနိုင်ပြီး ဆန်ဈေးနှုန်းလည်း ကောင်းလာနိုင်တော့ ဒီဘက်က ပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်လာတော့မှာပါ"ဟု မြောက်ဒဂုံမြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဇော်က ပြောသည်။

တံတားသစ်တည်ဆောက်မှု ပြီးစီးပါက ဗထူးတံတား၌ ယာဉ်ကြောပိတ်ဆို့တော့မည် မဟုတ်တော့ဘဲ မြောက်ဥက္ကလာပမြို့နယ်ဘက်မှ တစ်ဆင့် မြို့ထဲသို့ တိုက်ရိုက်ဖြတ်သန်းသွားလာရလွယ်ကူသွားမည်ဖြစ်သည်။ ငမိုးရိပ်(သုနန္ဒာ)တံတားသစ် တည်ဆောက်ရေးစီမံကိန်းအား ဩဂုတ်လလယ်က စတင်ခဲ့ခြင်းဖြစ်ပြီး တံတားအကြို၊အင်ဂျင်နီယာလုပ်ငန်းများ စတင်ခဲ့ကာ ဘိုးပိုင်စတင်တူးဖော်ခြင်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၉ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်းနှင့် ၂၀၁၆ ခုနှစ် မတ်လကုန်၌ အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ကြောင်း ငမိုးရိပ်(သုနန္ဒာ) တံတားသစ်တည်ဆောက်ရေးစီမံကိန်းမှ သိရသည်။

**စိုးဝင်း(MLA)**

---

# မူးယစ်ဆေးဝါးမှုကြောင့် ၂၀၁၅ ခုနှစ်အတွင်း တရားခံပေါင်း ၉၁၈၈ ဦး အရေးယူနိုင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၆**

၂၀၁၅ ခုနှစ်အတွင်း တပ်မတော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့ ပါဝင်သော အဖွဲ့များသည် ဘိန်း ၃၈၈ မှု၊ အလေးချိန် ၈၈၈ ဒသမ ၈၄၄ ကီလို၊ ဘိန်းဖြူ ၂၅၀၂ မှု၊ အလေးချိန် ၁၈၆ ဒသမ ၀၄၁၁ ကီလို၊ ဘိန်းညှိမှုနှင့် လေးမှု၊ အလေးချိန် ၅၁၈ ဒသမ ၉၀၆၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၁၅ မှု၊ ၄၉၉၅၀၉၁၂ ပြား၊ ဆေးခြောက် ၂၁၅ မှု၊ အလေးချိန် ၈၇ ဒသမ ၇၀၅၆ ကီလို၊ ဘိန်းရည် ၁၂ မှု၊ ၅၇ ဒသမ ၁၇၁၉ လီတာ၊ ဘိန်းဆီခဲ ၇၈ မှု၊ အလေးချိန် ၃၈ ဒသမ ၀၈၄၇ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၃၇ မှု၊ အလေးချိန် ၃၄ ဒသမ ၉၂၀၃ ကီလို၊ ဆူဒိုအက်ဖီဒရင်း ကိုးမှု၊ ၁၀၀၀၉၅၀၀၊ အိုက်စ် ၄၉ မှု၊ အလေးချိန် ၂၂၆၁ ဒသမ ၆၉၃၈ ကီလို၊ ဘိန်းစာမှုနှင့် အမှု ၃၀၊ အလေးချိန် ၆၈၇ ဒသမ ၃၅၁၅ ကီလို၊ ဗျူပရီနော်ဖင်းဆေးပြား လေးမှု၊ အပြား ၂၉၀၀၊ စိတ်ကြွအကြေမှုနှင့် ၂၅ မှု၊ အလေးချိန် ၁၉၇ ဒသမ ၈၇၉၂ ကီလို၊ ကဖင်း ခြောက်မှု၊ အလေးချိန် ၉၉၃၂ ဒသမ ၂၆၀၈ ကီလို၊ ကတ်တမင်းအရည် တစ်မှု၊ ၃ ဒသမ ၁ လီတာ၊ အက်ဖီဒရင်း ကိုးမှု၊ အလေးချိန် ၁၁၁ ဒသမ ၉၄၄၅ ကီလို၊ အမိုနီယမ်ကလိုရိုက် ၁၈ ကီလို၊ ဆူဒိုအက်ဖီဒရင်းမှုနှင့် တစ်မှု၊ အလေးချိန် ၂၃၅ ဒသမ ၂၅၃ ကီလို၊ လွိုင်ဇောအရည် နှစ်လီတာ၊ ဟိုက်ဒရိုကလိုရစ်အက်စစ် အရည် တစ်မှု၊ လီတာ ၇၉၅၀၊ ဗျူပရီနော်ဖင်း ထိုးဆေး တစ်မှု၊ ၄၄၃ ပုလင်း၊ ဒိုင်ယာဇီပမ်ဆေးပြား လေးမှု၊ ၂၀၁၇၈၂ ပြား၊ ဒိုင်ယာဇီပမ်ထိုးဆေး ခြောက်မှု၊ ၂၈၃၃ ပုလင်း၊ ထရာမဒေါလ်ထိုးဆေး ပုလင်း ၈၀၊ အက်စီတစ်အင် ဟိုက်ဒရိုက် ကီလို ၃၀၊ Sedil ဆေးရည် သုည ဒသမ ၀၀၂ လီတာ၊ အယ်ပရာဇိုလမ် ဆေးပြား နှစ်မှု၊ အပြား ၁၀၄၃၀၊ ဘိန်းဆီရည် နှစ်မှု၊ ၂၇ ဒသမ ၅၇၅ လီတာ၊ ဓာတုဆေးရည် တစ်မှု၊ ၁၀၆၃၉ လီတာ၊ ဆေးပြားအရောင်တင်မှုနှင့် သုည ဒသမ ၈ ကီလို၊ Anthranilic Acid တစ်မှု၊ အလေးချိန် ကီလို ၁၁၀၀၊ အက်စီတစ်အင်ဟိုက်ဒရိုက်အရည် တစ်မှု၊ လီတာ ၂၆၀၊ အက်စီတုန်းအရည် လီတာ ၁၈၈၀၊ ဆာလဖျူရစ်အက်စစ်အရည် ၂၁၉၇ ဒသမ ၆၅ လီတာ၊ ဖီနိုင်းအက်စီတစ်အက်ဆစ်ခဲ ကီလို ၂၁၅၀၊ ဖီနိုင်းပရိုပီနုန်း အရည် တစ်မှု၊ လီတာ ၈၁၉၀၊ အက်တက်စီဆေးပြား တစ်မှု၊ တစ်ပြား၊ အရိုး မီးသွေးအလေး ချိန် ကီလို ၇၅၀၊ ဖင်စီဒိုင်းထိုးဆေး ၅၇၅ ပုလင်း၊ ကိုဒင်းချောင်းဆိုးဆေးရည် တစ်မှု သုည ဒသမ ၁ လီတာ၊ မော်ဖင်းထိုးဆေး တစ်မှု၊ ခြောက်ပုလင်း၊ ဒက်စတာ မီတာဇုန်းဆေးပြား ၇၀၊ ဒိုင်မီသိုင်းဆာလဖိတ် နှစ်မှု၊ လီတာ ၁၉၂၀၊ ထရာမဒေါလ်ဆေးတောင့် ရှစ်မှု၊ ၂၂၅၇၇ တောင့်၊ ဆက်စပ်ပစ္စည်း တစ်မှု၊ မှတ်ပုံတင်ပျက် ၆၆ မှု၊ အခြားမှု ၂၉ မှု ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၆၃၀၄မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသား တရားခံ ၈၀၅၅ ဦး၊ အမျိုးသမီး တရားခံ ၁၁၃၃ ဦး စုစုပေါင်း တရားခံ ၉၁၈၈ ဦးတို့အား ဥပဒေအရအရေးယူနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

# ပြည်ဝင်ဗီဇာ စနစ်သစ်ဖြင့် ဇန်နဝါရီ ၁၁ ရက်မှ စတင်ပြောင်းလဲကျင့်သုံးမည်

**နေပြည်တော် ဇန်နဝါရီ ၆**

မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် လာရောက်လိုကြသည့် နိုင်ငံခြားသားများအတွက် လက်ရှိအသုံးပြုလျက်ရှိသော ပြည်ဝင်ခွင့်ဗီဇာ (၆)မျိုး(အစား) ခေတ်စနစ်နှင့်အညီ ပြောင်းလဲကျင့်သုံးမည့် ပြည်ဝင်ဗီဇာ (Entry Visa)(၁၂)မျိုးနှင့် ပြည်ပြန်ဝင်ခွင့်ဗီဇာ (Re-entry Visa) (၃)မျိုးတို့အား ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှစ၍ အောက်ပါအတိုင်း ခွင့်ပြုပေးသွားမည်ဖြစ်သည်-

**ပြည်ဝင်ဗီဇာ(Entry Visa)(၁၂) မျိုး**

| စဉ် | ဗီဇာအမျိုးအစား | အခကြေး | နေခွင့် |
|---|---|---|---|
| (၁) | သံတမန်/သံအဖွဲ့ဝင်ဗီဇာ (Gratis Diplomatic / Official Courtesy Visa) | အခမဲ့ | တာဝန်ထမ်းဆောင်သည့်ကာလ |
| (၂) | နိုင်ငံတကာအဖွဲ့အစည်းများ ဗီဇာ (Official Visa) | US$ ၂၀ | (၂၈) ရက် |
| (၃) | ကမ္ဘာလှည့်ဗီဇာ (Tourist Visa) | US$ ၂၀ | (၂၈) ရက် |
| (၄) | လုပ်ငန်းဗီဇာ (Business Visa) | US$ ၃၆ | (၇၀) ရက် |
| (၅) | အလုပ်သမားဗီဇာ (Employment Visa) | US$ ၃၆ | (၇၀) ရက် |
| (၆) | လူမှုရေးဗီဇာ (Social Visa) | US$ ၃၆ | (၂၈) ရက် |
| (၇) | သာသနာရေးဗီဇာ (Religious Visa) | US$ ၃၆ | (၇၀) ရက် |
| (၈) | ပညာရေးဗီဇာ (Education Visa) | US$ ၃၆ | (၇၀) ရက် |
| (၉) | စာနယ်ဇင်း/မီဒီယာဗီဇာ (Journalist Visa) | US$ ၃၆ | (၂၈) ရက် |
| (၁၀) | ယာဉ်အမှုထမ်းဗီဇာ (Crew Visa) | US$ ၃၆ | (၂၈) ရက် |
| (၁၁) | အလုပ်ရုံ/ဆွေးနွေးပွဲ/အစည်းအဝေး/သုတေသနဗီဇာ(Workshop/ Seminar/ Meeting / Research Visa) | US$ ၃၆ | (၂၈) ရက် |
| (၁၂) | ဖြတ်သန်းဗီဇာ (Transit Visa) | US$ ၁၈ | (၂၄) နာရီ |

(၎င်းဗီဇာအမျိုးအစားများအား သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများတွင် လျှောက်ထားရပါမည်။ ဆိုက်ရောက်ဗီဇာ (Visa On Arrival) ဖြင့် လုပ်ငန်းဗီဇာ (Business Visa)၊ **အလုပ်ရုံ/ဆွေးနွေးပွဲ/အစည်းအဝေး/သုတေသနဗီဇာ** (Workshop/Seminar/Meeting/Research Visa)၊ **ယာဉ်အမှုထမ်းဗီဇာ**(Crew Visa)၊ **ဖြတ်သန်းဗီဇာ** (Transit Visa) **တို့ခွင့်ပြုပါမည်။** eVisa လျှောက်ထားမှုမှာ လက်ရှိအတိုင်းပြောင်းလဲမှုမရှိပါ)

**ပြည်ပြန်ဝင်ခွင့်ဗီဇာ(Re-entry Visa)(၃) မျိုး**

| စဉ် | ဗီဇာအမျိုးအစား | အခကြေး | နေခွင့် |
|---|---|---|---|
| (၁) | အကြိမ်ကြိမ်အထူးပြည်ပြန်ဝင်ခွင့်ဗီဇာ Multiple Journey Special Re-entry Visa | US$ ၁၈၀ | ခွင့်ပြုနေခွင့်ကာလ |
| (၂) | အထူးပြည်ပြန်ဝင်ခွင့်ဗီဇာ (သို့မဟုတ်) တစ်ကြိမ်ပြည်ပြန်ဝင်ခွင့်ဗီဇာ Special Re-entry Visa | US$ ၅၄ | ခွင့်ပြုနေခွင့်ကာလ |
| (၃) | ပြည်ပြန်ဝင်ခွင့်ဗီဇာ(Re-entry Visa) (ပြည်တွင်း၌ နေထိုင်သည့် အမြဲနေအရည်အချင်းရှိ နိုင်ငံခြားသားများအတွက်သာ) | ၅၀၀၀ ကျပ် | ခွင့်ပြုနေခွင့်ကာလ(၆)လ |

(၎င်းဗီဇာအမျိုးအစားများအား နိုင်ငံခြားသားများရေးရာဌာနခွဲ နေခွင့်ဌာနစိတ် အမှတ်(၁၂၂) မြေညီထပ် ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရပါမည်)

အဆိုပါ ပြည်ဝင်ဗီဇာစနစ်သစ်နှင့်ပတ်သက်၍ အသေးစိတ်ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ Website www.mip.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## နေပြည်တော် ပြည်သူ့လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဇန်နဝါရီ ၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရုံးအမှတ်(၂၀) လွှတ်တော်ရုံးသို့ **၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် (တနင်္လာနေ့) ထက်မစော၊ ဇန်နဝါရီ ၂၆ ရက် (အင်္ဂါနေ့)ထက် နောက်မကျစေဘဲ** သတင်းပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နေပြည်တော် အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဇန်နဝါရီ ၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ရန်ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင် (I-19)သို့ **၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၂၅)ရက်ထက်မစော (၂၆)ရက်ထက် နောက်မကျစေဘဲ** သတင်းပို့ကြရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားယူဆောင်လာကြရန် ပန်ကြားထားသည်။ **(သတင်းစဉ်)**

## နွားနို့တိုက်ပါ

**ကိုယ်ခန္ဓာ ဖွံ့ဖြိုးစေဖို့**
**ကျန်းမာ သန်စွမ်းစေဖို့**
**ဉာဏ်ရည်ဉာဏ်သွေး ကောင်းစေဖို့**
**အသားအရည် လှပစေဖို့**
**ကျောင်းနေအရွယ် သင့်ကလေးကို**
**နွားနို့တိုက်ပါစို့**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် Vice Admiral HCS Bisht, AVSM အား လက်ခံတွေ့ဆုံစဉ်။** (မြဝတီ)

## မြန်မာ-အိန္ဒိယ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြားဆက်ဆံရေး ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး အပြန်အလှန်ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် Vice Admiral HCS Bisht, AVSM အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံရေတပ်စစ်သံမှူး Capt. Manish Bhandari နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးအား ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်နိမိတ်တွင် အောက်ခြေတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ နှစ်နိုင်ငံရေတပ်များအကြား လေ့ကျင့်ရေးပိုင်းဆိုင်ရာများ၊ ပင်လယ်ပြင်ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် လှေစီးသွားလာသူ (Boat People) ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။ **(မြဝတီ)**

## လျှပ်စစ်မဂ္ဂါဝပ် (၂၈၀) ထုတ်လုပ်နိုင်မည့် အထက်ရဲရွာစီမံကိန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၆**

ရှမ်းရိုးမကို မြစ်ဖျားခံပြီး စီးဆင်းလာသော ဒုဌဝတီမြစ်သည် မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့အနီးတွင် ဧရာဝတီမြစ်နှင့် ပေါင်းစုံစီးဝင်သည်။အဆိုပါ ဒုဌဝတီမြစ်ပေါ်ရှိ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့၏ တောင်ဘက်မိုင် ၂၀ ခန့်အကွာတွင် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန တည်ဆောက်ရေး(၃)က ဆောင်ရွက်လျက်ရှိသည်။

အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၏ ဒီဇိုင်းပုံစံရေးဆွဲခြင်းနှင့် အတိုင်ပင်ခံလုပ်ငန်းများကို ဆွစ်ဇာလန်နိုင်ငံ LahmeyerStucky SA ဖြင့် ဆောင်ရွက်လျက်ရှိပြီး၂၀၁၀ခုနှစ်မှ စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့ရာ၂၀၁၈ ခုနှစ်တွင် ပြီးစီးနိုင်ရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည်။ ၎င်းတွင် မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပူးပေါင်းထားသည့် International Power Generation RazelBec-IPGRB ကုမ္ပဏီမှလည်း ရေသွယ်ဥမင်လိုဏ်ဖောက်လုပ်ခြင်းလုပ်ငန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းတွင် အလျား ပေ ၈၁၀၊ အမြင့် ၃၁၈ ပေရှိ RCC ကွန်ကရစ်တမံ (Roller Compacted Concrete Dam) ပါဝင် တည်ဆောက်မည်ဖြစ်ရာ မြန်မာနိုင်ငံတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်မည့် စတုတ္ထမြောက် RCC ကွန်ကရစ်တမံဖြစ်လာမည်ဖြစ်သည်။ ၎င်းတွင် မဂ္ဂါဝပ်(၇၀)ရှိ ဓာတ်အားပေးစက်လေးလုံးဖြင့် စုစုပေါင်းတပ်ဆင်စက်အင်အား မဂ္ဂါဝပ်(၂၈၀)တပ်ဆင်ပြီး တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီ သန်းပေါင်း ၁၄၀၉ သန်းထုတ်လုပ်ပေးနိုင်မည့်စီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ ပြည်တွင်းသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် အဓိကတည်ဆောက်ရမည့် လုပ်ငန်းကြီးများအနက် အချင်း ၃၃ ပေ၊ အလျား ပေ ၁၀၁၀ရှိ ရေလွှဲဥမင်လိုဏ်ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ယူစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြီးစီးခဲ့သည်။ ထို့ပြင် စီမံကိန်းလုပ်ငန်းများအနက် အဓိကကျသည့် ရေလွှဲဥမင်လိုဏ်မှတစ်ဆင့် မြစ်ရေလွှဲခြင်းလုပ်ငန်းကိုလည်း ၂၀၁၅ ခုနှစ် မတ် ၉ ရက်တွင် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။





အဆိုပါ အထက်ရဲရွာစီမံကိန်းသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီး ဦးမော်သာထွေးနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၃ ရက်က သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြသည်။ **(အပေါ်ပုံ)**

ဒုဌဝတီမြစ်ပေါ်တွင် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ မဂ္ဂါဝပ် (၇၉၀) ကို ပထမဆုံးအကောင်အထည်ဖော်၍ တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ ယခုအထက်ရဲရွာစီမံကိန်း မဂ္ဂါဝပ် (၂၈၀)သည် ဒုတိယမြောက်စီမံကိန်းဖြစ်သည်။ အလားတူ ဒုဌဝတီမြစ်ပေါ်တွင်ဒီးဒုတ်(အနိမ့်တမံစနစ်)စီမံကိန်း(၆၆)မဂ္ဂါဝပ်၊ နမ္မတူ(သီပေါ)စီမံကိန်း(၁၀၀)မဂ္ဂါဝပ်၊ အလယ်ရဲရွာစီမံကိန်း မဂ္ဂါဝပ် (၇၀၀) စီမံကိန်းသုံးခု စုစုပေါင်း (၈၈၆)မဂ္ဂါဝပ်အား ပဏာမစူးစမ်းလေ့လာရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်းနှင့် စီမံကိန်းငါးခုလုံးပြီးစီးပါက ဒုဌဝတီမြစ်ပေါ်မှ လျှပ်စစ်ဓာတ်အား(၁၉၃၆) မဂ္ဂါဝပ်ကို တပ်ဆင်ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်သို့ မျက်စိရောဂါအဖွဲ့ ကွင်းဆင်းကုသ

**ကျောက်တန်း ဇန်နဝါရီ ၆**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်ကျန်းမာရေးဦးစီးဌာနတွင် မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး မျက်စိရောဂါကုသဌာနမှ မျက်စိအထူးကုဆရာဝန်များအဖွဲ့သည် မျက်စိရောဂါဝေဒနာရှင်များအား ဆေးကုသမှုနှင့် လိုအပ်ပါက ခွဲစိတ်ကုသမှုများကိုပါက တစ်ပါတည်း ဆောင်ရွက်ပေးမှုကို ယနေ့ နံနက် ၇ နာရီမှစတင်၍ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကုသမှုတွင် အဖွဲ့ခေါင်းဆောင် ဆေးရုံအုပ် ဒေါက်တာဌေးဌေးလှိုင်နှင့် ဆရာဝန်ရှစ်ဦး၊ သူနာပြုငါးဦးနှင့် အခြားသုံးဦးတို့က စမ်းသပ်ကုသပေးခဲ့ပြီး ကုသသည့် လူနာပေါင်း ၂၀၀ ကျော်ရှိကြောင်း သိရသည်။

**ကျော်ဆန်းမြင့် (ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။**

# မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

## မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁ ။ )
၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(a) officer assigned duty by the Myanmar Port Authority means any officer assigned duty by the Myanmar Port Authority with the approval of the Ministry of Transport to levy the light-dues, expenses, costs and fines, and to perform the other duty under this Act."

၃။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၇၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲငယ်(က) နှင့် ပုဒ်မ ၁၈ တို့တွင် ပါရှိသော "President of the Union" ဆိုသည့်စကားရပ်ကို "Ministry of Transport" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မ ၅၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၂၁ ဘေးခေါင်းစဉ်၊ ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၂ တို့တွင် ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Myanmar Port Authority" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၅။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(၁) နှင့် ပုဒ်မ ၁၆ တို့တွင် ပါရှိသော "President of the Union may" ဆိုသည့် စကားရပ်ကို "Ministry of Transport may, with the approval of the Government of the Union"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၆။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"Appointment of the officer of lighthouse**

4. The Myanmar Port Authority may, with the approval of the Ministry of Transport, by notification, appoint an officer of lighthouse. In addition, in order to cooperate and coordinate together with the other marine related organizations internal or external for the purposes of channel safety, consistency with the international navigation standard, and implementation national maritime policy, lays the Lighthouse Division under the supervision of Master Attendant."

၇။ မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"Superintendence and Management**

6. The superintendence and management of general lighthouses shall vest in the Ministry of Transport with the power to make arrangements it thinks fit, by contract or otherwise, and it may discharge this responsibility through the Myanmar Port Authority."

၈။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၄ တို့တွင် ပါရှိသော "Customs-Collector" ဆိုသည့်စကားရပ်ကို "officer assigned duty by the Myanmar Port Authority with the approval of the Ministry of Transport" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(၃)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(3) If any person refuses or neglects to produce any register or other papers or otherwise to satisfy the officer as to the true tonnage of any ship when required to do so under this section, such person shall be liable to pay the expenses of the measurement of the ship and of the ascertainment of the tonnage. Such person shall, on the reasonable ground of willful commission, further be liable to pay a fine from a minimum of fifty thousand to a maximum of one hundred thousand kyats, under the order passed by the Master Attendant or any officer with the approval of the Chief Executive Officer of the Myanmar Port Authority."

၁၀။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၃)၏နောက်တွင် ပုဒ်မခွဲ(၄)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(4) The person who dissatisfies with the order passed by the Master Attendant or any officer under sub-section (3) may appeal to the Ministry of Transport within 60 days from the date of such order."

၁၁။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"Determination of disputes as to liability for payment**

13. If any dispute arises as to whether light-dues, expenses or costs are payable in respect of any ship under this Part of this Act, or as to the amount of such dues, expenses or costs, the dispute shall, on application made in this behalf by either of the disputing parties, be heard and determined by the Master Attendant or any officer assigned duty by the Myanmar Port Authority with the approval of the Chief Executive Officer of the Myanmar Port Authority, and such decision shall be final."

၁၂။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"Penalty for evading payment of Light-dues**

15. (1) If the owner or master of a ship willfully evades or attempts to evade the payment of any light-dues, expenses or costs payable in respect of the ship under this Part of this Act, such person shall, on the maximum of five times the amount of the sum payable, under the order passed by the Master reasonable ground of willful commission, be liable to pay a fine from a minimum of three times to an Attendant or any officer with the approval of the Chief Executive Officer of the Myanmar Port Authority.

(2) The person who dissatisfies with such order passed under sub-section (1) may appeal to the Ministry of Transport within 60 days from the date of such order."

၁၃။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(1) The Master Attendant, at any time, and any officer of Lighthouse Division, if authorized in this behalf by a general or special order in writing of the Myanmar Port Authority may enter upon and inspect any local lighthouse and make such inquiries in respect there of or of the management there of as he thinks fit."

၁၄။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၂၂ ၏ ခေါင်းစဉ်၊ ဘေးခေါင်းစဉ်နှင့် ပုဒ်မ ၂၂ တို့တွင် ပါရှိသော "Government" ဆိုသည့်စကားရပ်ကို "Myanmar Port Authority" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၂၂ ၏ နောက်တွင် ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၅ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"Limitation of Lighthouse Area**

23.(1) The Myanmar Port Authority has, with the approval of the Ministry of Transport, within port limit area or not, the power to issue order and notification any land or reef or sea within the 100 meters from the centre of light beacon or light tower as the lighthouse area.

(2) The person who dissatisfies with such order passed by sub-section (1) may appeal to the Ministry of Transport with credible document of ownership within 60 days from the date of such order and the decision of the Ministry of Transport shall be final.

24. The Myanmar Port Authority has the power to make Prohibition to erecting the buildings or growing the trees, not to become obstacle to high and luminous range of lighthouse within 1 kilometer from lighthouse. Moreover, the trees ordinarily grown which is likely to be obstacle to such high and luminous range of the lighthouse shall be cut and cleaned by the power given to the Myanmar Port Authority.

25. Any person who takes any material of the lighthouse without permission or destroys it or makes anything to disturb the lighthouse services shall be punished under the existing law."

၁၆။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ၏ ဇယားကို အောက်ပါဇယားဖြင့် အစားထိုးရမည်-

**"SCHEDULE**

(1) Lighthouse:-
- (a) Kyauk Phyu Kyun Island.
- (b) Meepya Kyun (Dawei) Island.
- (c) Malisoon Island.
- (d) Kalwin.
- (e) Myeik Seik Kan Thar.
- (f) Palaw Palin.
- (g) Kyaik Kha Mi Island.
- (h) Kyun Nyi Naung Island.
- (i) May Yu Island.
- (j) Sittwe.
- (k) Myae Pon Island.
- (l) Thantar Island.
- (m) Paung Net Gyi Island.
- (n) Man Aung Island.
- (o) Man Aung Chaung Wa.
- (p) Kyauk Ne Maw.
- (q) Sin Gaung Island.
- (r) Ohn Ta Bin Island.
- (s) Lone Thar.
- (t) Nan Thar Kyun Island.
- (u) Thante.
- (v) Minglar Island.
- (w) Pathein Reef.
- (x) Thamee Hla Island.
- (y) Chaung Gyi.
- (z) Pyi Taw Thar.

(2) Any other lighthouse in the Republic of the Union of Myanmar which the Ministry of Transport may declare to be a general lighthouse."

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

## ကျောက်တော်ကြီးဘုရား ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေးစည်းဝေး

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘ မုနိရုပ်ပွားတော်ကြီး(ကျောက်တော်ကြီးဘုရား)၏ (၁၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရန် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၅ရက် မွန်းလွဲ ၂ နာရီက ဘုရားကြီး၏ပြတိုက်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌက (၁၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေးအတွက် စီစဉ်ထားမှုများကိုတင်ပြရာ လူမှုရေးဝန်ကြီးက ဆပ်ကော်မတီများ ဖွဲ့စည်းပေးသည်။ ထို့နောက် ကော်မတီများက ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေးသည်။

ဒုတိယအကြိမ်အစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက်တွင် ထပ်မံပြုလုပ်မည်ဖြစ်သည်။ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်မှ အလှူရှင်များက ဆွမ်းဆန်စိမ်း လာရောက်လောင်းလှူဒါန်းကြမည်ဖြစ်ပြီး အငြိမ့်ပွဲ၊ ဇာတ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသန့်(ပြန်/ဆက်)**

# (၄၄)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

## ဒေါက်တာနီသက်ဦး (ဆေးသုတေသနဦးစီးဌာန)

၂၀၁၆ ခုနှစ် နှစ်ဦးအခါသမယ ဇန်နဝါရီ ၅ ရက် (အင်္ဂါနေ့)မှ ၉ ရက်(စနေနေ့)အထိ ကျန်းမာရေးဝန်ကြီးဌာနမှကြီးမှူးကျင်းပမည့် (၄၄)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ကျန်းမာရေးဆိုင်ရာ သုတေသနပညာရပ်များ အဆင့်မြင့်မားတိုးတက်လာစေခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းမြင့်မားလာစေရန်နှင့် ကျန်းမာရေးနှင့် နှီးနွှယ်ဆောင်ရွက်သော သုတေသီပညာရှင်များ၏ သုတေသနပြုလုပ်တွေ့ရှိချက်များကို တင်ပြခြင်းဖြင့် အသုံးပြုမည့်သူများလက်ဝယ်သို့ သုတေသနရလဒ်များရောက်ရှိစေရန် ရည်ရွယ်ချက်များဖြင့် ဆေးသုတေသနဦးစီးဌာန အမှတ်(၅) ဇီဝကလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် ကျင်းပလျက်ရှိပါသည်။

၁၉၆၅ ခုနှစ်မှစတင်၍ ကျင်းပခဲ့သော သုတေသနညီလာခံသည် ယခု ၂၀၁၆ ခုနှစ်တွင် (၄၄)ကြိမ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ကျန်းမာရေးသုတေသနလုပ်ငန်းများမှ ရရှိလာသော သုတေသနတွေ့ရှိချက်ရလဒ်များကို ညီလာခံတွင် စာတမ်းအဖြစ် တင်သွင်းဖတ်ကြားရုံမက ၁၉၉၁ ခုနှစ်မှစတင်၍ သုတေသနပိုစတာပြပွဲကိုလည်း ကောင်း၊ ၂၀၀၂ ခုနှစ်မှစတင်၍ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ဆွေးနွေးပွဲ (Symposium)များကိုလည်းကောင်း၊ ၁၉၉၃ ခုနှစ်မှစတင်၍ ညီလာခံအကောင်းဆုံးစာတမ်းဆုများ၊ အကောင်းဆုံးပိုစတာဆုများကို လည်းကောင်း၊ ၂၀၁၀ ခုနှစ်မှစတင်၍ လူငယ်သုတေသီဆုများကိုလည်းကောင်း ရွေးချယ်ချီးမြှင့်ခြင်းတို့ကို စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

(၄၄)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကျင်းပနိုင်ရန်အတွက် ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းမှစတင်၍ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖြစ်ကြသော စာတမ်းကြီးကြပ်ရေး၊ အကောင်းဆုံးစာတမ်းဆုရွေးချယ်ရေး၊ ကြိုဆိုနေရာချထားရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ပြန်ကြားရေး၊ ဧည့်ခံကျွေးမွေးရေးနှင့် အထောက်အကူပြုဆပ်ကော်မတီများ ဖွဲ့စည်းထားရှိရာ ယခုအခါ လုပ်ငန်းတာဝန်များကို စနစ်တကျတာဝန်ခွဲဝေ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။ ညီလာခံကြီးပြီးဆုံးပါကလည်း ဆိုင်ရာကော်မတီများမှ သုံးသပ်ချက် အစီရင်ခံစာများကို ဦးစီးကော်မတီသို့ တင်ပြရမည်ဖြစ်ပါသည်။

သုတေသနစာတမ်းများ တင်သွင်းဖတ်ကြားပြသလိုသော စာတမ်းရှင်သုတေသီများသည် စာတမ်းတစ်ခုလုံး ကိုယ်စားပြုနိုင်သည့် သုတေသနစာတမ်းအကျဉ်း(အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့်)ကို လိုရင်းတိုရှင်းရေးသားရမှာဖြစ်ပြီး စာတမ်းတစ်စောင်လုံးသည် စာလုံးရေ ၃၅၀၀ ထက် မများစေရဘဲ ဆေးသုတေသနဦးစီးဌာနမှ ထုတ်ဝေသော မြန်မာ့ကျန်းမာရေး သိပ္ပံသုတေသနဂျာနယ် (Myanmar Health Sciences Research Journal) ပါ ညွှန်ကြားချက်များနှင့်အညီ အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုရန်လိုအပ်ပါသည်။ သုတေသနအမျိုးအစားအလိုက် မိမိ၏ စာတမ်းသည် အခြေခံသုတေသန (Basic Research)၊ အသုံးချသုတေသန(Applied Research)၊ လူမှုရေးနှင့် ကျန်းမာရေးစနစ်သုတေသနဌာန (Social Science/ Health System Research)သတ်မှတ်ဖော်ပြလျက် အခြားတစ်နေရာ၌ ဖတ်ကြားတင်သွင်း ပုံနှိပ်ထားခြင်း မရှိကြောင်း လက်မှတ်ရေးထိုးဝန်ခံချက် တစ်ပါတည်းတင်ပြရန်လိုအပ်ပါသည်။ စာတမ်းကို ပိုစတာအဖြစ် တင်သွင်းမည့် သုတေသီများသည် အရွယ်အစား အလျား၊ အနံ ၄၈ လက်မစီရှိ ပိုစတာသင်ပုန်းတွင်ဖော်ပြရန် စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ညီလာခံတွင် တင်သွင်းဖတ်ကြားလာသည့် စာတမ်းများအနက်မှ အကောင်းဆုံးလက်တွေ့အသုံးချသုတေသန (Applied Research) စာတမ်းတစ်စောင်၊ အကောင်းဆုံး အခြေခံသုတေသန (Basic Research) စာတမ်းတစ်စောင်၊ အကောင်းဆုံးလူမှုရေးနှင့် ကျန်းမာရေး သုတေသန (Social Science/ Health System Research) စာတမ်းတစ်စောင်နှင့် ပိုစတာများမှ အကောင်းဆုံးပိုစတာတစ်စောင် စုစုပေါင်း လေးစောင်ကိုလည်းကောင်း၊ လူငယ်သုတေသီဆု သုံးခုအတွက် လက်တွေ့အသုံးချသုတေသနစာတမ်းတစ်စောင်၊ အခြေခံသုတေသနစာတမ်းတစ်စောင်၊ လူမှုရေးနှင့် ကျန်းမာရေးစနစ်သုတေသနစာတမ်းတစ်စောင် စုစုပေါင်း သုံးစောင်ကိုလည်းကောင်း အသီးသီးရွေးချယ်ပေး၍ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ယခုကျင်းပသည့် (၄၄)ကြိမ်မြောက် ညီလာခံတွင် သုတေသနစာတမ်း ၉၉စောင်၊ သုတေသနပိုစတာ ၄၉ စောင်နှင့် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ၁၀ ခုနှင့် ဟောပြောပွဲလေးခုတို့ကို ပြည်တွင်းနှင့် ဩစတြေးလျ၊ အမေရိကန်၊ ဂျပန်၊ ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့မှ ပညာရှင်များက တင်သွင်းဖတ်ကြား ပြသဆွေးနွေးနှီးနှောဖလှယ်ကြမည်ဖြစ်သဖြင့် ယခင်နှစ်များထက် တင်သွင်းမည့် စာတမ်း၊ ပိုစတာ၊ ဟောပြောပွဲနှင့် နှီးနှောဖလှယ်ပွဲ အရေအတွက် များစွာတိုးတက်လာသည်ကို တွေ့ရှိရပါသည်။ တင်သွင်းမည့် စာတမ်းများ၏ ပညာရပ်နယ်ပယ်များမှာ ငှက်ဖျား၊ ကင်ဆာ၊ တီဘီ၊ အသည်းရောင်အသားဝါ၊ သွေးလွန်တုပ်ကွေး၊ ကလေးကျန်းမာရေး၊ သားဖွားနှင့်မီးယပ်၊ အာဟာရ၊ မျိုးပွားကျန်းမာရေး၊ မြွေကိုက် သုတေသန၊ သွေးသုတေသန၊ ဇီဝကမ္မဆိုင်ရာသုတေသန၊ ကျန်းမာရေးစနစ်ဆိုင်ရာသုတေသန၊ ပတ်ဝန်းကျင် ကျန်းမာရေး၊ ခုခံအားကျဆင်းမှု၊ ပြည်သူ့ကျန်းမာရေး၊ တိုင်းရင်းဆေး၊ သွားကျန်းမာရေး စသည်တို့ဖြစ်ကြောင်း သိရှိရသည်။ ယခုအခါတွင် ကူးစက်နိုင်သော ရောဂါများအပြင် မကူးစက်နိုင်သော ရောဂါများလည်းဖြစ်ပွားမှုနှုန်း မြင့်မားလာသဖြင့် မကူးစက်နိုင်သော ရောဂါများနှင့်ပတ်သက်သည့် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲများကိုလည်း အလေးထားထည့်သွင်းကျင်းပလျက်ရှိသည်။

ညီလာခံကျင်းပသည့် ငါးရက်တာကာလအတွင်း ကျန်းမာရေးဆိုင်ရာ သုတေသနစာတမ်းများ ဖတ်ကြားခြင်း၊ ပိုစတာများပြသခြင်းအပြင် နည်းပညာရက်သတ္တပတ် (Technology Week) အဖြစ်သတ်မှတ်ကာ ဆေးကုမ္ပဏီများမှ ခေတ်ခွဲခန်းသုံး စက်ပစ္စည်းကိရိယာများအကြောင်း ရှင်းလင်းဟောပြောခြင်းနှင့် ဆေးနှင့် ဆေးကိရိယာပြခန်းများ ခင်းကျင်းပြသခြင်းတို့ကိုလည်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ညီလာခံတွင်တင်သွင်းဖတ်ကြားမည့် စာတမ်းများနှင့် ပိုစတာပြပွဲတွင်ပြမည့် စာတမ်းများ၏ စာတမ်းရှင်များသည် ဆေးသုတေသနဦးစီးဌာနမှ ထုတ်ဝေသည့် မြန်မာ့ကျန်းမာရေးသိပ္ပံသုတေသနဂျာနယ် (Myanmar Health Sciences Research Journal) သို့ ပေးပို့လိုပါကလည်း ဂျာနယ်သတ်မှတ်ချက်များနှင့်ကိုက်ညီအောင် ဆောင်ရွက်စေလျက် ညီလာခံကျင်းပမည့်ရက်များအတွင်း တစ်ပါတည်းပေးပို့နိုင်ရန် စီစဉ်ထားရှိမည်ဖြစ်ပါသည်။

ညီလာခံကျင်းပသည့် နေ့ရက်များ၏ ညနေပိုင်းတွင် တစ်နေ့တာ တင်သွင်းဖတ်ကြားခဲ့သည့် သုတေသနစာတမ်းများနှင့်ပတ်သက်၍ ပြန်ကြားရေးဆပ်ကော်မတီမှ သတင်းမီဒီယာများကို လက်ခံတွေ့ဆုံ၍ သိလိုသည်များကို ဖြေကြားပေးခြင်း (Press Release) ပြုလုပ်ပေးပါသည်။ ထို့အပြင် ပိုမိုအသေးစိတ်သိရှိလိုပါက သုတေသနစာတမ်း၏ သက်ဆိုင်ရာအဓိကသုတေသီပညာရှင် နှင့် သတင်းမီဒီယာတို့ တိုက်ရိုက်တွေ့ဆုံမေးမြန်းနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

စာတမ်းတင်သွင်းကြမည့် သုတေသီပညာရှင်များသည်လည်း မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ၌ ပေးအပ်ချီးမြှင့်မည့် အကောင်းဆုံးသုတေသနစာတမ်းဆုများ၊ ပိုစတာဆုနှင့် လူငယ်သုတေသီဆုများ ရရှိစေရေးအတွက် မိမိတို့၏ သုတေသနစွမ်းဆောင်ရည်ပြည့်ဝမှုကိုပြသရန် ယခုအခါအဆင်သင့်ဖြစ်နေပြီဖြစ်ပါသည်။ ညီလာခံသို့ အနယ်နယ်အရပ်ရပ်မှ ဆရာဝန်များ၊ သုတေသီများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နေသော ကျန်းမာရေးဝန်ထမ်းများ၊ ဘွဲ့လွန်သင်တန်းသားများသာမက သုတေသနစိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအသိပေးအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် သုတေသနညီလာခံရက်များအတွင်း ပညာရှင်များ၏ တင်ပြဆွေးနွေးတိုင်ပင်အဖြေရှာ ဖော်ထုတ်ချက်ရလဒ်များသည် မိမိတို့နိုင်ငံတွင်သာမက ကမ္ဘာတစ်လွှား ရင်ဆိုင်ကြုံတွေ့နေရသော အရေးကြီးကျန်းမာရေးပြဿနာများနှင့် ဆက်စပ်မှုရှိနေသဖြင့် “လူတိုင်းသက်ရှည်ကျန်းမာဖို့ သုတေသနဖြင့် အကျိုးပြုစို့” ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးကဏ္ဍတွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

# ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာအချက်ပြမီးများ ချောင်းဦးမြို့တွင် တပ်ဆင်ပြီးစီး

**ချောင်းဦး ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့သည် မုံရွာ-မန္တလေး ကားလမ်းမကြီးပေါ်တွင် တည်ရှိသဖြင့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် စည်ကားလျက်ရှိရာ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ချောင်းဦးမြို့၏ လူစည်ကားရာ နေရာများတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာအချက်ပြမီးများကို တပ်ဆင်အသုံးပြုထားရှိကြောင်း သိရသည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာ အချက်ပြမီးများကို ချောင်းဦးမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရန်ပုံငွေမှ ချောင်းဦးမြို့အတွင်းရှိ လူစည်ကားရာ လမ်းဆုံ၊ လမ်းခွများတွင် ယာဉ်အန္တရာယ်ကာကွယ်ရေးအတွက် တပ်ဆင်ပေးထားကြောင်း၊ ပခုက္ကူလမ်းဆုံ မန္တလေးဘက်ခြမ်း၊ ပခုက္ကူလမ်းဆုံ မုံရွာဘက်ခြမ်း၊ ဧရိပ်မွန်လမ်းဆုံ၊ မြို့နယ်ထွေ/အုပ်ရုံးလမ်းဆုံ၊ မြို့သစ်လမ်းဆုံ(မြတ်တော်ဝင်ရှေ့)၊ ဈေးလမ်းအဆင်း လမ်းဆုံနှင့် နွယ်ခွေလမ်းဆုံ စုစုပေါင်း ခုနစ်နေရာတွင် အချက်ပြမီး ခုနစ်ခု တပ်ဆင်ပေးထားကြောင်း ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ဆန်းယဉ်က ပြောသည်။ **ယုယုဝင်း (ပြန်/ဆက်)**



# ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ သထုံတွင်ရွေးချယ်

**သထုံ ဇန်နဝါရီ ၆**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့် အုပ်ချုပ်ရေးမှူးများအား ဇန်နဝါရီ ၅ ရက်မှစတင်ကာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်မှုပြုလုပ်လျက်ရှိပြီး ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထားကာ အပြီးသတ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

“လွှတ်တော်သက်တမ်းကုန်တာနဲ့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေရဲ့ သက်တမ်းလည်းကုန်မှာဖြစ်လို့ ဇန်နဝါရီ ၅ ရက်မှစပြီး အသစ်ရွေးချယ်မှုတွေ ဆောင်ရွက်နေတယ်။ ဒီလိုပြန်လည်ရွေးချယ်တဲ့နေရာမှာ စနစ်တကျနဲ့ ဥပဒေအတိုင်းဖြစ်ဖို့ အဖွဲ့တွေဖွဲ့ပြီး ဆောင်ရွက်နေပါတယ်။ လကုန်တာနဲ့ အုပ်ချုပ်ရေးမှူးတွေ အသစ်ခန့်ထားနိုင်ဖို့ ဇန်နဝါရီ ၁၅ ရက်ကို နောက်ဆုံးထားပြီးတော့ အပြီးသတ် ရွေးချယ်သွားမှာ ဖြစ်ပါတယ်”ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က ပြောသည်။

ဇန်နဝါရီ ၁ ရက်မှ စတင်ကာ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုများအလိုက် ရပ်မိရပ်ဖ ငါးဦးစီကိုရွေးချယ်ပြီး ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် ဆယ်အိမ်စုမှူးရွေးချယ်ခြင်းတို့အား မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များ ပါဝင်သော ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ အသစ်ပြန်လည် ရွေးချယ်ရေးကော်မတီအဖွဲ့ ငါးဖွဲ့ဖြင့် စနစ်တကျဆောင်ရွက်ခဲ့ပြီး ဆယ်အိမ်စုမှူး ရွေးချယ်ပြီးစီးသည့် ရပ်ကွက်နှင့်ကျေးရွာများတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူး ရွေးချယ်မှုများအား ပြုလုပ်ရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

“အရင်ကလုပ်ခဲ့တဲ့ ရွေးချယ်ပွဲတွေက အခြေအနေ အချိန်အခါအရ အားနည်းချက်တွေ ရှိခဲ့ပေမယ့် ဒီတစ်ခါ အုပ်ချုပ်ရေးမှူးရွေးပွဲက ပွင့်လင်းမြင်သာမှုရှိတယ်။ အများသဘောနဲ့အညီ ဆောင်ရွက်သွားတာတွေ့လို့ ကျေနပ်ရတယ်။ ခုရွေးချယ်ထားသူဟာ ပြည်သူက ရွေးချယ်တာဖြစ်လို့ ပြည်သူ့အတွက် အလုပ်လုပ်တယ်၊ မလုပ်ဘူးဆိုတာကို စောင့်ကြည့်သွားမှာပါ”ဟု ထောင်မျှူးကျေးရွာအုပ်စု သုဓမ္မဝတီမြို့သစ်မှ ဆယ်အိမ်စုမှူး ဦးဟန်မြင့်က ပြောသည်။

သထုံမြို့နယ်တွင် ရပ်ကွက် ရှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၄၆ အုပ်စုရှိရာ ဇန်နဝါရီ ၅ ရက်အထိ ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စုလေးအုပ်စုတို့တွင် အုပ်ချုပ်ရေးမှူးအသစ်များ အတည်ပြုရွေးချယ်မှု ပြီးစီးပြီဖြစ်ပြီး ၁၅ ရက်အထိ ရပ်/ကျေး အဆင့်ရွေးချယ်မှု အပြီးသတ်ဆောင်ရွက်ကာ ဇန်နဝါရီ ၃၁ ရက်တွင် အုပ်ချုပ်ရေးမှူးအသစ် အတည်ပြုခန့်ထားနိုင်ရေး ဥပဒေ လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**သက်ဦး(သထုံ)**

# မြစိမ်းရောင်စီမံကိန်းကျေးရွာများကွင်းဆင်းစစ်ဆေး

**သံဖြူဇရပ် ဇန်နဝါရီ ၆**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဝဲခမိကျေးရွာနှင့် အောက်ငှက်ပျောတောကျေးရွာတို့တွင်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများအား မော်လမြိုင်ခရိုင်ဦးစီးမှူးနှင့် သံဖြူဇရပ်မြို့နယ်ဦးစီးမှူးတို့က ဇန်နဝါရီ ၁ ရက်တွင် ကွင်းဆင်းစစ်ဆေးပြီးကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၇ - ၁ -၂၀၁၆ (ကြာသပတေးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် ကြေးမုံရိပ်သွင်တေးနှုယဉ် |
| ၆း၁၅ | ပြည်သူ့နီတိ "မိမိနေအိမ်ကို တည်ဆောက်ကြသူများ" (ပထမပိုင်း) |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၃၅) |
| ၇း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၇၄) |
| ၈း၃၅ | တေးဂီတအစီအစဉ် |
| ၈း၅၀ | ပြည်သူ့နီတိ "အလင်းလက်ဆုံးသော" |
| ၉း၁၀ | ASEAN China Cultural Show |
| ၉း၃၅ | မြန်မာဗီဒီယိုဇာတ်လမ်း "စိတ်ရဲ့မာယာ" (နေတိုး၊ မယ်လိုဒီ၊ မိုးယုစံ) (ဒါရိုက်တာ-ထွန်းအောင်ဖော်) |
| ၁၂း၀၀ | အစီအစဉ်ပြီး၏။ |

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ် |
| ၅း၄၀ | "အဖိုးနတ်ကျောက်ရအောင်ကောက် "တရားတော် [ဒေါက်တာအရှင်ဝိစိတ္တ (ထီးချိုင့်ဆရာတော်)] |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၆၄) |
| ၈း၁၀ | Cartoon Series (English Playground) |
| ၉း၂၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "မျှဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၈၇) |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၄၅ | အနုပညာမိုးကောင်းကင် |
| ၁၁း၀၅ | Food & De'cor |
| ၁၁း၃၅ | MRTV-4 Stage |
| ၁၂း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၃၁) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၃၂) |
| ၂း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၆၄) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၆၅) |
| ၇း၁၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၃၃) |
| ၈း၁၀ | ရသစုံညွှန်တမ်းများ |
| ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျှဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၈၈) |
| ၉း၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၃၂) |
| ၉း၄၅ | အနုပညာမိုးကောင်းကင် |
| ၁၀း၀၅ | MRTV-4 Stage |
| ၁၀း၃၄ | World of Knowledge (Dogfight Over Mig Alley) |

## မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၂၀ | မေတ္တာပို့ |
| ၆း၂၅ | ဓမ္မပူဇာတေး |
| ၆း၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၄၅ | မျိုးချစ်တပ်မတော် |
| ၆း၅၀ | မှတ်တမ်း |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၂၀ | အမျိုးသားရေးတေးကဗျာ |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ရှေးဟောင်းသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ |
| ၈း၄၅ | မြဝတီနေ့စဉ်သတင်း |
| ၈း၅၅ | လျှပ်တစ်ပြက် |
| ၄း၂၅ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄း၄၀ | ဇာတ်လမ်းတို |
| ၄း၄၅ | ဗီစီဒီကျော်ကြားတေး |
| ၄း၅၀ | မွေးမြူသုတ |
| ၅း၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အတိတ်ရဲ့ချစ်ခြင်းခြင်း အပိုင်း(၁၀၆) |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၅ | ရင်ခုန်လှုပ်ရှားအားကစား |
| ၆း၃၅ | ကိုယ်ပျောက်လူသား |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေရောင်သက်တံများ အပိုင်း(၁၆) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မောင်မောင့်ချစ်သူလေဒီ ဒီဇိုင်နာ အပိုင်း(၁၉) |

## mitv

| | |
|---|---|
| 07:26 | Trend Of Kachin Dress |
| 07:51 | Sai Ye Kwan |
| 08:25 | Orchid Lover |
| 08:34 | Shwe Maw Daw: The Glory Of Bago City |
| 09:26 | A Myanmar Tapestry |
| 09:35 | Independent Filmmaker |
| 09:41 | Climate Context "Adaptation to Climate Change" (Part- II) |
| 10:26 | Myanmar Masterclass: Artist Tin Win (Beikthano) |
| 10:36 | A Tea Business: Pankwan (Part-1) |
| 10:47 | A Historic Town: 9 Pagodas |
| 07:26 | A Trip To The City Of Rakkhita, Rakhine |
| 07:46 | A Way of Life: Karate-do |
| 08:26 | Pride of Myanmar - Bagan arts and handicrafts |
| 08:40 | Now in Yangon |
| 08:46 | A Life In The Ring |

# ဂျပန်ရုပ်ရှင်ပွဲတော် ရန်ကုန်မြို့တွင် သုံးရက်အခမဲ့ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၆**

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ကျင်းပသည့် ဂျပန်ရုပ်ရှင်ပွဲတော်ကြီးကို ရန်ကုန်မြို့တွင် ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ အခမဲ့ တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ၂၀၀၉ ခုနှစ် နောက်ပိုင်း ဂျပန်နိုင်ငံတွင် ရိုက်ကူးထားသည့် "ဆယ်ကျော်သက်တို့၏ ဖြူစင်မေတ္တာ"ကို ပုံဖော်ထားသော အင်္ဂလိပ်စာတန်းထိုးရုပ်ရှင်ကား ငါးကားကို တင်ဆက်ပြသသွားမည်ဖြစ်သည်။ ပုံမှန်အားဖြင့် ရုပ်ရှင်ရုံတွင် ကြည့်ခွင့်မရနိုင်သော အခွင့်အရေးကို မိသားစု၊ သူငယ်ချင်းများနှင့်အတူ ကြည့်ရှုနိုင်ရန် ဂျပန်သံရုံးက စီစဉ်ပေးခြင်းဖြစ်သည်။

ပြသမည့်အစီအစဉ်မှာ ရန်ကုန်မြို့ နေပြည်တော်ရုပ်ရှင်ရုံ၌ ဇန်နဝါရီ ၁၅ ရက် ညနေ ၆ နာရီခွဲတွင် "Beyond the Memories"၊ ဇန်နဝါရီ ၁၆ ရက် ညနေ ၃ နာရီခွဲတွင် "Jinx!!!"နှင့် ၆ နာရီခွဲတွင် "My Pretend Girlfriend"၊ ဇန်နဝါရီ ၁၇ ရက် ညနေ ၃ နာရီခွဲတွင် "Be Sure to Share"နှင့် ၆ နာရီခွဲတွင် "It All Began When I Met You" ဇာတ်ကားများ ပြသသွားမည်ဖြစ်သည်။

တင်ဆက်ပြသမည့်ဇာတ်လမ်းအကျဉ်းများမှာ"Beyond the Memories" ဇာတ်ကားကို ဒါရိုက်တာ Takehiko Shinjo က ရိုက်ကူးထားပြီးပြသချိန် နှစ်နာရီနှင့် ခုနစ်မိနစ် ကြာမြင့်သည်။ Ikuemi Ryo ၏ ပျော်ရွှင်ဖွယ် ရုပ်ပြဇာတ်လမ်းတွဲများကို ဆီလျော်အောင် ပြင်ဆင်ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။ မိမိအနီးပတ်ဝန်းကျင်မှ လူများသေဆုံးသွားမှုကြောင့် တုန်လှုပ်သွားသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး၊ တစ်ဦးကိုတစ်ဦး နှစ်သိမ့်ရင်း အပြန်အလှန် သံယောဇဉ်များဖြစ်လာသည့် ဇာတ်ကားဖြစ်သည်။

"Jinx!!!" ကို ဒါရိုက်တာ Naoto KUMAZAWA ကရိုက်ကူးထားပြီး ပြသချိန် နှစ်နာရီနှင့် နှစ်မိနစ်ကြာမြင့်သည်။ အချစ်ဇာတ်ကားဖြစ်ပြီး K-POP နာမည်ကြီး T-ARA အဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ယောက်ဖြစ်သည့် Hyomin က ကျောင်းသားဖလှယ်ရေးအစီအစဉ်အနေနှင့် ဂျပန်ကောလိပ်တစ်ခုတွင် ကျောင်းသားများကို အချစ်နှင့် ပတ်သက်သည်တို့ကို သင်ကြားပေးသည်။ ဇာတ်ကားမှာ ဒါရိုက်တာက ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့တွင် အချစ်အပေါ်ထားရှိသည့် ရှုထောင့်အမျိုးမျိုးကို ကရုဏာရသပေါ်အောင် တင်ပြထားသည်။

"My Pretend Girlfriend" ဇာတ်ကားကို ဒါရိုက်တာ Saiji YAKUMO ရိုက်ကူးပြီး ပြသချိန် တစ်နာရီနှင့် ၄၉ မိနစ် ကြာမြင့်သည်။ ဇာတ်လမ်းအကျဉ်းမှာ အထက်တန်းတက်ကတည်းက သရုပ်ဆောင် Noboru Aihara (Takeuchi)အား သက်တူရွယ်တူတို့က ဂရုမပြုမိကြရာမှဇာတ်လမ်းစသည်။ တစ်နေ့တွင် သူ့ကို သူ့ထက်အတန်းကြီးသည့် သူငယ်ချင်း Shun Miyazaki (Asuka Kudo)က ဘေးအတန်းက ကျောင်းသူ Yo Momose (Hayami)နှင့် မိတ်ဆက်ပေးပြီး ထူးဆန်းသည့် မေတ္တာရပ်ခံချက်တစ်ခုပြုလုပ်ခဲ့သည်။ ကျောင်းတွင် ရေပန်းစားသူတစ်ဦးဖြစ်သည့် Tetsuko Kanbayashi (Anna Ishibashi) နှင့် တွဲနေသော်လည်း Shun က Momose နှင့် ချစ်ကြိုက်နေသည်ဆိုသည့် ကောလာဟလကိုချေဖျက်ဖို့ Noboru ကို Momose ၏ ရည်းစားအဖြစ် ဟန်ဆောင်ခိုင်းထားသော ဇာတ်လမ်းဖြစ်သည်။

"Be Sure to Share" ဇာတ်ကားကို ဒါရိုက်တာ Sion SONO ကရိုက်ကူးပြီး ပြသချိန် တစ်နာရီနှင့် ၄၈ မိနစ် ကြာမြင့်သည်။ ခေါင်းဆောင်မင်းသားမှာ EXILE တေးဂီတအဖွဲ့၏အဆိုတော် Akira ဖြစ်သည်။ ဇာတ်ကားတွင် Akira က သူ့ဖခင် (Okuda Eiji) ကင်ဆာရောဂါနှင့် ဆေးရုံတက်နေရသည်ဆိုသည့်သတင်းကို ကြားလိုက်ပြီးနောက် တုန်လှုပ်ခြောက်ခြားသွားခဲ့သည်။ နာမကျန်းဖြစ်နေသည့် သူ့အဖေထံသို့ နေ့စဉ်နေ့တိုင်း တစ်နာရီမျှသာ သွားရောက်ပြုစုနိုင်သော်လည်း တဖြည်းဖြည်းနှင့် ဖခင်နှင့်သားတို့ ပိုပြီးအနေနီးစပ်လာကာ တစ်ယောက်နှင့် တစ်ယောက် ပိုမိုခင်တွယ်လာသည်။ နောက်ပိုင်းတွင် ယခင်ကနားမလည်နိုင်ခဲ့သည့် ဖခင်ကြီးကို နားလည်လာခဲ့သည်။ သို့သော် ဖခင်ကြီးမှာ ကင်ဆာရောဂါနှင့် သေလုဆဲဆဲဖြစ်နေသောအခါ. . ။

"It All Began When I Met You" ဇာတ်ကားကို ဒါရိုက်တာ Katsuhide MOTOKI က ရိုက်ကူးပြီး ပြသချိန် တစ်နာရီနှင့် ၄၆ မိနစ် ကြာမြင့်သည်။ ဇာတ်လမ်းတွင် အမျိုးသား၊ အမျိုးသမီး ၁၀ ယောက်၏ အချစ်ဇာတ်လမ်းကို ပေါင်းချုပ်ပုံစံဇာတ်လမ်းဆင်ပြီး ခရစ္စမတ်မတိုင်မီကာလနှင့် တိုကျိုဘူတာရုံကို ရိုက်ကွင်းတည်ကာ တင်ဆက်ထားသည်။ နှစ်တစ်ရာပြည့်အထိမ်းအမှတ်အတွက် အလှတန်ဆာဆင်ထားသည့် တိုကျိုဘူတာရုံနှင့် အနီးပတ်ဝန်းကျင် အထင်ကရနေရာများကို ကြည်နူးဖွယ်ပုံရိပ်အပြည့်နှင့် ရိုက်ကူးထားသည်။ **(ကြေးမုံ)**



# ကစ်တီပယ်ရီနဲ့ ဂျွန်မေရာတို့ ၂၀၁၆ မှာ ပြန်လည်လက်တွဲကြမှာလား

ကန်းထရီး အဆိုတော် ဂျွန်မေရာနဲ့ ပေါ့ပ်အဆိုတော် ကစ်တီပယ်ရီတို့နှစ်ဦးက လော့စ်အိန်ဂျလိစ်မြို့မှာ အတူတကွ ညစာစားပြီး နှစ်သစ်ကို ကြိုဆိုခဲ့ကြတယ်လို့ ဟောလိဝုဒ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။ ၂၀၁၆ ကို ဝင်ရောက်ပြီးရက်အနည်းငယ်ကြာမှ ဘာဖြစ်လို့ ဒီသတင်းကို ဖော်ပြရသလဲဆိုရင် သတင်းရင်းမြစ်ကပုံကိုပေးဖို့ ချက်ချင်းအဆင်ပြေမှုမရှိခဲ့သလို သူတို့နှစ်ဦးရဲ့ အနေအထားနဲ့ ပြောဆိုတဲ့စကားတွေကို သေသေချာချာ မသိသေးတဲ့အတွက် သတင်းခိုင်မာမှုရရှိအောင် စောင့်ဆိုင်းနေခဲ့ရတာကြောင့်လို့ အဆိုပါဝက်ဘ်ဆိုက်ကပဲ ပြောပါတယ်။

သူတို့နှစ်ဦးနဲ့နီးစပ်သူ အသိုင်းအဝိုင်းကတော့ "ဂျွန်နဲ့ ကစ်တီဟာ တစ်ယောက်ကို တစ်ယောက် တအားချစ်သလို လွန်လွန်ကဲကဲ ဂရုစိုက်လွန်းသူတွေပါ။ ဒါ့ကြောင့် နှစ်သစ်ပါတီပွဲလိုမျိုး အရေးကြီးတဲ့ အခိုက်အတံ့တွေမှာ သူတို့နှစ်ဦး အတူတူရှိနေချင်ကြတာပါ" လို့ ဆိုပါတယ်။

ဂျွန်မေရာက အဆိုဘက်မှာ လျှမ်းလျှမ်းတောက်အောင်မြင်သူ မဟုတ်ပေမယ့်လည်း သူ့ရဲ့ ချောမောတဲ့ရုပ်ရည်က မိန်းကလေးတွေအတွက် စိတ်ကူးယဉ်စရာကောင်းနေခဲ့တာဖြစ်ပါတယ်။ ဂျွန်မေရာက ဂျနီဖာ အနစ္စတန်၊ တေလာဆွစ်တို့လို နာမည်ကျော်တွေနဲ့ ဇာတ်လမ်းရှိခဲ့ဖူးသူဖြစ်သလို ကစ်တီပယ်ရီကလည်း ဂျွန်နီလီဝစ်၊ ဂျို့စ်ဂရာဘန်၊ ရက်ဆဲလ်ဘရန်းတို့လို ချောမောတဲ့ အမျိုးသားကိုးယောက်လောက်နဲ့ တွဲခဲ့ဖူးသူပါ။ ဒါ့ကြောင့် သူတို့နှစ်ဦး တွဲနေစဉ်ကာလမှာကတည်းက ကြာရှည်မြဲမှာ မဟုတ်ဘူးလို့ ထင်မြင်ယူဆချက်တွေရှိ ထွက်ပေါ်ခဲ့ပါတယ်။

တကယ်လက်တွေ့မှာလည်း အကြိမ်ကြိမ် လမ်းခွဲခဲ့ပြီး ၂၀၁၅ မတ်လမှာ အပြီးတိုင်ပျက်စဲဖို့ နှစ်ဖက်စလုံးက ဆုံးဖြတ်ခဲ့ကြတာဖြစ်ပါတယ်။ သူတို့နှစ်ယောက်ကြားဝေးကွာစေတဲ့ အဓိကအကြောင်းတရားကတော့ အသက်အရွယ်ကွာဟမှုဖြစ်ပြီး အခုမှ(၃၀)ပြည့်ခဲ့တဲ့ ကစ်တီက အနုပညာအလုပ်တွေကိုသာ အချိန်ပြည့်လုပ်ဆောင်ချင်သူဖြစ်ပါတယ်။ ဒါပေမယ့် ဂျွန်ကတော့ လက်ရှိမှာ (၃၈) နှစ်ကျော်လွန်လာပြီဖြစ်တာကြောင့် ရင်သွေးငယ်တွေနဲ့ မိသားစုဘဝထူထောင်ပြီး သိုက်သိုက်ဝန်းဝန်းနေလိုသူဖြစ်ပါတယ်။ ဒါ့ကြောင့် ညှိမရတဲ့ အဖြေတွေကြား ခွဲလိုက်တွဲလိုက်ဖြစ်နေတာဖြစ်ပြီး ၂၀၁၆အတွင်း ပြန်လည်လက်တွဲကြဦးမှာလားဆိုတာ. . . ။ **(မေလှဲ့သင်း)**

## ကြေးမုံ ရုပ်ရှင်အညွှန်း

ဖြိုးစန္ဒာမြင့်

# မိုးရုပ်ရှင်၏ ပွဲဦးထွက်ဇာတ်ကားသစ် ရုံးပတီသီးလေးများရုပ်ရှင် ရုံတင်ပြသမည်

ယခုတစ်ပတ်တွင် အသစ်ရုံတင်မယ့် "ရုံးပတီသီးလေးများ" မြန်မာဟာသဇာတ်ကားကို ရုပ်ရှင်အညွှန်းကဏ္ဍအတွက် မြည်းစမ်းတင်ဆက်ပေးချင်ပါတယ်။ ဒီဇာတ်ကားဟာ သရုပ်ဆောင် မိုးဟေကိုရဲ့ မိုးရုပ်ရှင်၏ ပွဲဦးထွက်ဇာတ်ကား တစ်ကားဖြစ်ပြီး မြန်မာရုပ်ရှင်သမိုင်းမှာ ရုံပြိုင်စနစ်နဲ့ ပထမဆုံး ပြသခွင့်ရတဲ့ ဇာတ်ကား တစ်ကားလည်း ဖြစ်ပါတယ်။




"ရုံးပတီသီးလေးများ" ရုပ်ရှင်ဇာတ်ကားမှာ ခန့်စည်သူ၊ ထွန်းထွန်း၊ ကျော်ကျော်ဗို၊ နေဒွေး၊ မင်းခ၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ၊မိုးဟေကို၊ ဖူးဖူး၊ အေးချမ်းမိုးနဲ့ ပွင့်တို့က အဓိက သရုပ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး အဲဒီဇာတ်ကားရဲ့ ထုတ်လုပ်သူ မိုးဟေကိုက မော်ဒယ်အေဂျင်စီတစ်ခုမှဆရာမအဖြစ် သရုပ်ဆောင်ထားပါတယ်။ ဇာတ်သိမ်းပိုင်းမှာ ပရိသတ်များ ထင်မှတ်မထားတဲ့ လှည့်ကွက်တစ်ခုနဲ့ အဆုံးသတ်ထားတယ်လို့ သိရပါတယ်။

ဒီဇာတ်ကားကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အပါအဝင် အခြားနယ်မြို့များ၌ ဇန်နဝါရီ ၈ ရက်တွင် စတင်ရုံတင်ပြသပေးမှာဖြစ်ပါတယ်။

မြန်မာ့ရုပ်ရှင်လောကရဲ့ ရုံပြိုင်စနစ်နဲ့ ပြသခြင်းကို ယခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်ခဲ့တာဖြစ်ပြီး အေအုပ်စုနှင့် ဘီအုပ်စုခွဲကာ ပြသသွားမည်ဖြစ်ကြောင်း သိရပါတယ်။ ❐

**အားကစား**



## အဲဗာတန်အသင်းမှ မီရာလက်စ် ထွက်ခွာမည်မဟုတ်ဟုဆို

ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်း၏ အားထားရသည့် တောင်ပံကစားသမားတစ်ဦးဖြစ်သည့် ကီဗင်မီရာလက်စ်သည် ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများရှိနေခဲ့သော်လည်း ၎င်းမှာ ယခုဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အဲဗာတန်အသင်းမှ ထွက်ခွာလိမ့်မည်မဟုတ်ကြောင်း အဲဗာတန်အသင်းနည်းပြ ရောဘတ်တိုမာတီနက်ဇ်က ပြောကြားခဲ့သည်။

တောင်ပံကစားသမား မီရာလက်စ်သည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ပွဲပေါင်း ၁၀ ပွဲသာ ပါဝင်ကစားပေးနိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီ၏ ရာသီဝက်ကာလကို အဲဗာတန်အသင်းအတွက် အဓိကလွှမ်းမိုးနိုင်သူ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်းလည်း ရောဘတ်တိုမာတီနက်ဇ်က ဆိုသည်။

ဒီလူဖူးသည် အဲဗာတန်အသင်းတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်သူအဖြစ် ပေါ်ထွက်လာခဲ့သော်လည်း တောင်ပံကစားသမား မီရာလက်စ်သည်လည်း အဲဗာတန်အသင်းတွင် ဆက်ရှိနေမည်ဟု မျှော်လင့်ထားကြောင်း နည်းပြ မာတီနက်ဇ်က ပြောကြားခဲ့သည်။

တောင်ပံကစားသမား မီရာလက်စ်သည် အဲဗာတန်အသင်းနှင့်အတူ ကတ်ပီတယ်ဝမ်းဖလားပွဲစဉ် သုံးပွဲပါဝင်ကစားပေးခဲ့ပြီး တစ်ဂိုးသွင်းယူပေးထားသည်။ **(ငွေကြယ်)**

# ဂွါဒီယိုလာနှင့် မနှိုင်းယှဉ်ရန် ဇီဒန်းတောင်းဆို

ဇန်နဝါရီ ၄ ရက် ညနေပိုင်းက ရီးယဲလ်မက်ဒရစ် နည်းပြသစ်အဖြစ် ခန့်အပ်ခံခဲ့ရသူ ဇီနက်ဒင်ဇီဒန်းက ၎င်းအား ဘိုင်ယန်နည်းပြ ဂွါဒီယိုလာနှင့် နှိုင်းယှဉ်ခြင်းမပြုရန် တောင်းဆိုလိုက်သည်။ ဂွါဒီယိုလာသည် ဘာစီလိုနာ လူငယ်အသင်းကို ကိုင်တွယ်ပြီးနောက် ပထမအသင်းကြီးကို တာဝန်ယူကိုင်တွယ်ခဲ့ရာ လေးနှစ်အတွင်း ဖလား(၁၄)လုံးဆွတ်ခူးနိုင်သည်အထိ အောင်မြင်မှုရရှိခဲ့သည်။

ဇီဒန်းက "ကျွန်တော့်ကို ဂွါဒီယိုလာနဲ့ မနှိုင်းယှဉ်ပါနဲ့။ သူက မယုံနိုင်လောက်စရာ အောင်မြင်မှုတွေ အသင်းအတွက် ဆွတ်ခူးပေးထားနိုင်ခဲ့သူပါ။ ဂွါဒီယိုလာက ဂွါဒီယိုလာပါ။ ဒါပေမယ့် ကျွန်တော်ကလည်း ကိုယ့်အလုပ်ကို အကောင်းဆုံးလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။



ဇန်နဝါရီ ၅ ရက်က ဇီဒန်းနှင့် ရီးယဲလ်အသင်းတို့၏ ပထမဆုံးအကြိမ်ပြုလုပ်သော လေ့ကျင့်ရေးအစီအစဉ်သို့ ပရိသတ်ပေါင်း ၆၀၀၀ ခန့် လာရောက်ကြည့်ရှုခဲ့ကြပြီး ယင်းအစီအစဉ်တွင် စီရိုနယ်လ်ဒို၊ ကာရင်ဘင်ဇီမာတို့အပါအဝင် အခြားကြယ်ပွင့်ကစားသမားများလည်း စုံစုံညီညီပါဝင်ခဲ့ကြသည်။

ဇီဒန်း နည်းပြသစ်ဖြစ်လာပြီးနောက် အသင်းပြောင်းမည်ဟု ရေပန်းစားနေသော ဂါရတ်ဘေးလ်မှာလည်း ကလပ်အသင်းတွင်သာ ဆက်ရှိနေမည်ဖြစ်ကြောင်း ဇီဒန်းက အာမခံချက်ပေးခဲ့သည်။ ဘင်ဇီမာမှာမူ ဘင်နီတက်ဇ်လက်ထက် ပုံမှန်ပွဲထွက် ကစားခွင့်ပျောက်ဆုံးနေရာမှ ဇီဒန်းလက်အောက်တွင် ပွဲထွက်ကစားခွင့်ပြန်လည်ရရှိလိမ့်မည်ဖြစ်ကြောင်း စပိန်မီဒီယာများက ခန့်မှန်းရေးသားနေကြသည်။

ဇီဒန်းအား ရီးယဲလ်နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းအပေါ် ကမ္ဘာ့ဘောလုံးလောကရှိ ပုဂ္ဂိုလ်အသီးသီးတို့က ထင်မြင်ချက်အမျိုးမျိုးပေးထားကြပြီး အကောင်းဘက်မှယူဆချက်များရှိသော်လည်း အဆိုးဘက်မှမြင်သည့် သဘောထားများမှာ ပိုမိုများပြားနေကြောင်း တွေ့ရှိရသည်။

ယခင်ရီးယဲလ်နည်းပြဟောင်းဖြစ်သူ မန်စီးတီးနည်းပြ ပယ်လီဂရီနီက လုံးဝအတွေ့အကြုံမရှိသည့် နည်းပြတစ်ဦးက ရီးယဲလ်နည်းပြအဖြစ် ကိုင်တွယ်ရမည်မှာ အင်မတန်ခက်ခဲမည်ဖြစ်ကြောင်း သူ၏ ထင်မြင်ချက်အား ဘီဘီစီသတင်းဌာနသို့ ပြောကြားခဲ့သည်။ သို့သော် ရီးယဲလ်ကစားဖော်ဟောင်း ဒေးဗစ်ဘက်ခမ်းကမူ ဇီဒန်းမှာ အရာရာကို အောင်မြင်အောင် စနစ်တကျဆောင်ရွက်တတ်သူဖြစ်သောကြောင့် ယခုနည်းပြဘဝကိုလည်း အောင်မြင်အောင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း အားပေးစကားပြောကြားခဲ့သည်။

ရောဘတ် တို ကားလို့စ် ကလည်း "ရီးယဲလ်ကစားသမားတွေက ရာဖေးလ်(ဘင်နီတက်ဇ်)ရဲ့ ဆုံးဖြတ်ချက်တွေကို နားမလည်ပေမယ့် ဇီဒန်းဘာဖြစ်ချင်သလဲဆိုတာတော့ သူတို့သိမှာပါ။ သူက နည်းပြတစ်ဦးနဲ့ မတူပေမယ့် ဆရာကောင်းတစ်ယောက်ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဥက္ကဋ္ဌကြီးက သူ့ကိုယုံယုံကြည်ကြည်နဲ့ ဒီတာဝန်ကို ပေးခဲ့တာပါ" ဟု ပြောကြားခဲ့သည်။

ဇီဒန်းကမူ ရီးယဲလ်အသင်းအနေဖြင့် နိုင်ပွဲစတင်ရရှိရန်သာ လိုအပ်ပြီး ထိုနိုင်ပွဲတစ်ပွဲမှ အစပြု၍ ကြီးမားသည့် အောင်မြင်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း သူ၏ ဘောလုံးဒဿနအား ဖောက်သည်ချခဲ့သည်။

ရှိုင်ယန်ဟောင်း
ရေးသားသည်

## အားကစားလောကသတင်းတိုများ

- ဂွါဒီယိုလာအနေဖြင့် မန်စီးတီးနည်းပြသစ် ဖြစ်လာခဲ့လျှင် ပထမဆုံးခေါ်ယူမည့်ကစားသမားမှာ မက်ဆီဖြစ်ကြောင်း အင်္ဂလန်မီဒီယာများက ဖော်ပြသည်။
- ရီးယဲလ်နည်းပြသစ်ဖြစ်လာသူ ဇီဒန်းမှာ ဟာဇက်၏ ပရိသတ်ဖြစ်သောကြောင့် လာမည့်နွေဈေးကွက်တွင် ယင်းချယ်လ်ဆီးကြယ်ပွင့်အတွက် အနည်းဆုံး ပေါင်သန်း ၁၀၀ ခန့်အသုံးပြု ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း သိရသည်။
- ဗလင်စီယာနည်းပြ ဂယ်ရီနဗီးလ်က မန်ယူ ကွင်းလယ်ကစားသမားနှစ်ဦးဖြစ်သော ဖယ်လိုင်နီနှင့် ဟာရဲရားတို့နှစ်ဦးအား အငှားဖြင့်ခေါ်ယူရန် မန်ယူဘက်သို့ ကမ်းလှမ်းခဲ့ပြီးဖြစ်သည်။
- မန်ယူသည် ဂါရတ်ဘေးလ်အတွက် ပြောင်းရွှေ့ကြေးပေါင် ၇၅ သန်းဖြင့် ကမ်းလှမ်းခဲ့ပြီးနောက် လက်ထောက်နည်းပြ ရှိုင်ယန်ဂစ်နှင့် ဘေးလ်တို့ကြားရင်းနှီးသည့် ဆက်ဆံရေးက အဆိုပါဝေလကွင်းလယ်ကစားသမားအား အိုးထရက်ဖို့ဒ်သို့ အပြီးသတ်ရောက်ရှိစေလိမ့်မည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။
- အာဆင်နယ်သည် ရိုးမားသို့ အငှားချထားသည့် ဂိုးသမား ဆက်ဇီနီအားလာမည့်နွေတွင် ကလပ်အသင်းသို့ ပြန်လည်ခေါ်ယူရန် စီစဉ်ထားပြီးဖြစ်သည်။
- ဆောက်သမ်တန်သည် အာဆင်နယ်မှ ပစ်မှတ်ထားနေသော ဗစ်တာဝါရာမာနေရာတွင် အစားထိုးနိုင်ရန် အက်သလက် လူငယ်ကစားသမားသောမတ်စ်အား အသင့်ချိတ်ဆက်နေကြောင်း သိရသည်။

## အရှုံးကို အမြန်ဆုံးချေဖျက်ပြနိုင်ခဲ့သည့် လီဗာပူးကြောင့် လူးကပ်စ်ကျေနပ်

လီဗာပူးအသင်းသည် ဝက်စ်ဟမ်းနှင့်ပွဲမှ အရှုံးကို အမြန်ဆုံး ချေဖျက်ကာ ကပ်ပီတယ်ဝမ်းဖလား အကြိုဗိုလ်လုပွဲပထမအကျော့တွင် စတုတ်ကဲ့သို့ ကစားရခက်ခဲသည့် အသင်းကို ပြန်လည်အနိုင်ယူပြနိုင်ခဲ့သည့်အတွက် ဂုဏ်ယူမိကြောင်း လူးကပ်စ်က ပြောကြားခဲ့သည်။ လီဗာပူးသည် ဇန်နဝါရီ ၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ဝက်စ်ဟမ်းအား နှစ်ဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သော်လည်း ယခုပွဲစဉ်တွင် ဂျော်ဒန်အိုင်ဘီး၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် အနိုင်ရလဒ်ပြန်လည်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

လူးကပ်စ်က လီဗာပူးသည် ဝက်စ်ဟမ်းနှင့်ပွဲမှ အရှုံးကို ပြန်လည်ချေဖျက်ပြရန်အတွက် ပွဲအစမှအဆုံးထိ အကောင်းဆုံးကစားနိုင်ခဲ့ကြောင်း၊ ပေးဂိုးမပေးရသဖြင့် နောက်တစ်ဆင့်တက်ရောက်ရန် အလားအလာကောင်းသွားသော်လည်း ဒဏ်ရာရရှိသော ကစားသမားများပြားခဲ့သည့်အတွက် စိတ်ပျက်ခဲ့ရကြောင်း၊ ဒုတိယအကျော့တွင်လည်း အနိုင်ရလဒ်အတွက်သာ ဦးတည်ကစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လီဗာပူးသည် ယင်းပွဲစဉ်၌ ကော်တင်ဟို၊ ကိုလိုတိုရေး၊ လော့ဗ်ရန်တို့ သုံးဦး ဒဏ်ရာရရှိခဲ့ပြီးနောက် ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်တွင် ကစားသမားသစ် မဖြစ်မနေ ထပ်မံဝယ်ယူရတော့မည်ဖြစ်ကြောင်း နည်းပြ ဂျာဂင်ကလော့က အတည်ပြုပြောကြားခဲ့သည်။

## ဖီအိုရင်တီးနား-လာဇီယို၊ ရိုးမား-မီလန်တို့ကြောင့် ပရိသတ်တွေရဲ့အာရုံကို ဖမ်းစားနိုင်ဦးမယ့်

### စီးရီးအေရင်ခုန်သံ - ၁၉

*အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ်(၁၉)ကို လာမယ့်ဇန်နဝါရီ ၉၊ ၁၀၊ ၁၁ နေ့တွေမှာ ကျင်းပပြုလုပ်သွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မတိုင်ခင်မှာ စီးရီးအေပွဲစဉ် ၁၈ကို ကြားရက်မှာ ယှဉ်ပြိုင်ကစားခဲ့မှာဖြစ်လို့ ပွဲစဉ်နှစ်ခုနီးကပ်နေတာ ပြိုင်ပွဲဝင်အသင်းတွေအနေနဲ့ ပွဲပန်းမှုဒဏ်ခံရနိုင်တာကို သတိပြုအားပေးသွားရမှာဖြစ်ပါတယ်။*



ရှိုင်းမင်းမင်း

**ကာပီ - အူဒီးနီးစ် ည ၈း၃၀ (၉-၁-၁၆)**

အူဒီးနီးစ်ဟာ အိမ်ကွင်းထက် အဝေးကွင်းပွဲစဉ်တွေမှာ နိုင်ပွဲပိုမိုရရှိထားခဲ့ပြီး တိုက်စစ်ကလည်း အဝေးကွင်းပွဲစဉ်တွေမှာ ဂိုးပိုရတတ်တာကို သတိပြုရပါလိမ့်မယ်။ ကာပီကတော့ ခြေစွမ်းပိုင်းအားနည်းမှုတွေများပြီး ခံစစ်က ကျစ်လျစ်မှုမရှိပါဘူး။ ဒါကြောင့် အူဒီးနီးစ်ကသာ နိုင်ပွဲရဖို့ရှိပြီး ဂိုးပြတ်ဖို့တော့ခက်မယ်။

**ဖီအိုရင်တီးနား - လာဇီယို ည ၁၁း၃၀ (၉-၁-၁၆)**

လာဇီယိုရဲ့ခြေစွမ်းပိုင်းက အခုနောက်ပိုင်းကောင်းမွန်လာတယ်လို့ဆိုနိုင်ပါတယ်။ ဒါပေမယ့် လာဇီယိုဟာ အဝေးကွင်းပွဲစဉ်တွေမှာတော့ ကစားအား ကျဆင်းလာတတ်ပါတယ်။ ဖီအိုရင်တီးနားကလည်း အိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့် အမှားအယွင်းအဖြစ်ခံမှာမဟုတ်ပါဘူး။ ဖီအိုရင်တီးနားကသာ ကပ်နိုင်သွားဖို့ရှိပါတယ်။

**ရိုးမား - အေစီမီလန် နံနက် ၂း၁၅ (၁၀-၁-၁၆)**

အေစီမီလန်ဟာ အခုနောက်ပိုင်းပွဲစဉ်တွေမှာ ကစားပုံအနည်းငယ်ကျဆင်းလာတယ်လို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် ကားလို့စ်ဘက်ကာရဲ့ ခြေစွမ်းအတက်အကျပေါ်မူတည်ကာ တိုက်စစ်ကဂိုးသွင်းခြေမတည်ငြိမ်ပါဘူး။ ရိုးမားက အိမ်ကွင်းမှာအားစိုက်မှာဖြစ်လို့ ရိုးမားပဲ အိမ်ကွင်းနိုင်ပွဲကပ်ရသွားဖို့ရှိပါတယ်။

**အင်တာမီလန်-ဆာစူအိုလို ည ၆း၀၀ (၁၀-၁-၁၆)**

အင်တာမီလန်ဟာ အသင်းလိုက်ကစားပုံကောင်းမွန်နေတဲ့အသင်းဖြစ်သလို ခံစစ်ကလည်း ကစားပုံကျစ်လျစ်မှုရှိပါတယ်။ အိမ်ကွင်းမှာ ကစားရမှာလည်းဖြစ်တာကြောင့် နိုင်ပွဲရဖို့အားစိုက်လာမှာလည်း သေချာပါတယ်။ ဆာစူအိုလိုကလည်း အဝေးကွင်း အားနည်းလို့ အင်တာမီလန်ပဲ အနိုင်ရမယ်။

**အတ္တလန္တာ - ဂျီနိုအာ ည ၈း၃၀ (၁၀-၁-၁၆)**

အတ္တလန္တာက အိမ်ကွင်းကစားပုံ ကောင်းမွန်မှုရှိတဲ့အသင်းဖြစ်ပါတယ်။ ဒါပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာတော့ ခံစစ်ပိုင်းကတည်ငြိမ်မှုသိပ်မရှိပါဘူး။ ဒါပေမယ့် ဂျီနိုအာကလည်း ခြေစွမ်းပိုင်းကျဆင်းနေတာကြောင့် အတ္တလန္တာတို့အခွင့်အရေးရနိုင်ပါတယ်။ အိမ်ကွင်းမှာ အတ္တလန္တာပဲ ကပ်ပြီးအနိုင်ရမှာပါ။

**ဘိုလော့နာ - ချီယေဗို ည ၈း၃၀ (၁၀-၁-၁၆)**

ချီယေဗိုရဲ့ခြေစွမ်းက မဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ အဝေးကွင်းပွဲစဉ်တွေမှာလည်း အမှတ်ရအောင် ကစားနိုင်တာကြောင့် ဘိုလော့နာရဲ့ အိမ်ကွင်းဖိအားပေးမှုကို ထိန်းချုပ်နိုင်ဖို့ရှိနေပါတယ်။ ဘိုလော့နာက အိမ်ကွင်းခြေမဆိုးပေမယ့် ချီယေဗိုရဲ့ ခံကစားအားကြောင့် သရေကျဖို့များနေတယ်လို့ ယူဆမိပါတယ်။

**ဖရိုစီနုန် - နာပိုလီ ည ၈း၃၀ (၁၀-၁-၁၆)**

တန်းတက်ဖရိုစီနိုနီဟာ အိမ်ကွင်းကစားပုံမဆိုးသလို လက်ရှိအနိုင်ရထားတဲ့ ပွဲတွေကိုလည်း အိမ်ကွင်းမှာရယူထားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် နာပိုလီကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ဆိုတာ ခက်ခဲပါလိမ့်မယ်။ အသင်းလိုက်ခြေရော ထိုးစစ်ကစားပုံပါ ကောင်းမွန်နေတဲ့ နာပိုလီကသာ နိုင်ပွဲရသွားမှာပါ။

**ဗီရိုနာ - ပါလာမို ည ၈း၃၀ (၁၀-၁-၁၆)**

အမှတ်ပေးဇယားအောက်ခြေက ဗီရိုနာဟာ နောက်ပိုင်းပွဲစဉ်တွေမှာ တန်းမဆင်းရဖို့ ကြိုးစားကစားနေပေမယ့် တိုက်စစ်ပိုင်းအားနည်းမှုနဲ့အတူ ရလဒ်တွေမကောင်းဖြစ်နေပါတယ်။ ပါလာမိုကလည်း အဝေးကွင်းမှာ တိုက်စစ်ကစားပုံကျဆင်းတတ်ပေမယ့် ဒီပွဲစဉ်မှာတော့ ပါလာမိုကို သရေလောက်အနိမ့်ဆုံးရမှာပါ။

**တိုရီနို - အမ်ပိုလီ ည ၈း၃၀ (၁၀-၁-၁၆)**

တိုရီနိုရဲ့ ခြေစွမ်းကမဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် တိုရီနိုဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံပိုကောင်းတတ်ပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါကြောင့် အမ်ပိုလီရဲ့ ခြေမဆိုးဘူးဆိုပေမယ့်လည်း ဒီပွဲစဉ်မှာတော့ တိုရီနိုကသာ နိုင်ပွဲကပ်ရသွားဖို့ရှိပါတယ်။

**ဆမ်ဒိုးရီးယား - ဂျူဗင်တပ် နံနက် ၂း၁၅ (၁၁-၁-၁၆)**

ဂျူဗင်တပ်ဟာ အခုနောက်ပိုင်းပွဲစဉ်တွေမှာ ကစားပုံပြန်ပြီး ကောင်းမွန်လာပါတယ်။ တိုက်စစ်ပိုင်းက အစ ထက်မြက်လာလို့ ဆမ်ဒိုးရီးယားရဲ့ အိမ်ကွင်းအားကို တုန့်ပြန်နိုင်မှာပါ။ ဆမ်ဒိုးရီးယားက အိမ်ကွင်းပွဲစဉ်တွေမှာ အသင်းလိုက်ကစားပုံ ပိုမိုကောင်းမွန်တတ်ပေမယ့် ဂျူဗင်တပ်ကသာ နိုင်ပွဲရယူသွားဖို့ရှိပါတယ်။

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိရာ အပတ်စဉ် ကြာသပတေးနေ့တိုင်းတွင် စာရေးဆရာ "ဝင်းအောင်ကြီး"၏ ဆောင်းပါးများကို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ စာရေးဆရာဝင်းအောင်ကြီးသည် မောင်အောင်မွန် နာမည်ဖြင့် ဘာသာပြန်နှင့် ပင်ကိုရေးဝတ္ထုစာအုပ်များ ရေးသူလည်းဖြစ်သည်။

(စာတည်း)



ဝင်း
အောင်
ကြီး

# ဝန်ကြီးချုပ်က သတင်းထောက်ပေါက်စအား တောင်းပန်ရခြင်း

မွေးခါစကလေး နတ်ရေကန်ထဲ ထည့်လိုက်လျှင် ၁၆ နှစ်သမီးဖြစ်သွားဆိုပါက ရန်ကုန်တက္ကသိုလ်သည် ကျွန်တော့်အဖို့ နတ်ရေကန်ဟုဆိုရပေလိမ့်မည်။ တက္ကသိုလ်ရောက်မှ ကျွန်တော်တကယ်ပင် လူတစ်လုံးသူတစ်လုံး ဖြစ်လာ၏။ လိုက်နာဖို့ ထုတ်ပြန်ထားသည့် စည်းကမ်းမရှိ၊ ကလေးများမဟုတ်၍ မည်သူကမှလည်း လာမဆုံးမ၊ အတန်းကြီးကျောင်းသားများကိုကြည့်ကာ ကျွန်တော်တို့ ကျောင်းသားသစ်များ လိုက်လုပ်၊ သူတို့လို လိုက်ပြီး နေကြရသည်။

ကျွန်တော့်မှာ အစ်ကို ၄ ယောက်ရှိ၍ မခက်ခဲပါ။ ခင်မင်အားကိုးရသော ကိုစိန်ဝင်းက ရွေးကောက်ပွဲတွင် ဖဆပလမဲပုံး၌ ဗိုလ်ချုပ်အောင်ဆန်းပုံသုံးထား၍ မျောက်ပြဆန်တောင်းဟုဆို၏။ မျောက်နှင့်မနှိုင်းဖို့ ကျွန်တော် ကပြောသောအခါ မျောက်နှင့်နှိုင်းခြင်းမဟုတ်၊ မျောက်လို အသုံးချခံရသည်ကိုသာ ပြောခြင်းဖြစ်ကြောင်း၊ ခွဲကြည့်၊ ခွဲမြင်တတ်ရန် ရှင်းပြရင်း တကသစာကြည့်တိုက်သို့ ခေါ်သွားကာ ကျွန်တော်ဖတ်ဖို့ စာအုပ်များ ရွေးပေး၏။

သတင်းလောက၌ ကျွန်တော် သိသော ပထမဆုံးစိန်ဝင်း။

သူ့လိုပင် ကျွန်တော်လည်းသတင်းကြိုက်၊ ဖတ်စရာသတင်းတွေကလည်းများ၊ ရွေးဖို့အခက်သား ဟုဆိုရပါမည်။ ကျွန်တော်အကြိုက်ဆုံးသတင်းများအနက် ဝန်ကြီးချုပ်၏ တစ်ပတ်ခြား ကျင်းပသော သတင်းစာရှင်းလင်းပွဲသတင်းမှာ ထိပ်ဆုံးကပါဝင်သည်။ ကျွန်တော်တို့ သထုံဆောင် သဟာယနှင့် စာဖတ်အသင်းက ပုံမှန်ဝယ်သော မြန်မာသတင်းစာ ၄ စောင်အပြင် The Nation အင်္ဂလိပ်သတင်းစာကိုပင် တတ်သလောက်ဖတ်၏။

> ဝန်ကြီးချုပ်ဦးနု ထိုင်နေရာကနေ မတ်တတ်ရပ်လိုက်ပြီး ကိုစိန်ဝင်းခင်ဗျာ၊ အရင်တစ်ပတ်က ကျွန်တော်မှားခဲ့တဲ့အတွက် တောင်းပန်ပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ ခင်ဗျာလို့ဆိုကာ ပြန်ထိုင်တော့မှ အမေးအဖြေများ ဆက်လုပ်ကြရသည်။

မကျေနပ်နိုင်သေးဘဲ အခြားအဆောင်များသို့ သွားကာ အခြားသတင်းစာများကိုလည်း ဖတ်ပြန်၏။ အဘယ့်ကြောင့်ဆိုသော် သတင်းစာတစ်စောင်နှင့်တစ်စောင် သတင်းရေးပုံ၊ မေးခွန်းမေးပုံမတူကြသလို၊ အမေးအဖြေတွေထဲက ဦးစားပေးရွေးချယ် ဖော်ပြရာ၌လည်းမတူကြလို့ပါ။ အကုန်သိချင်နေမှတော့ သတင်းစာ အစုံလိုက်ဖတ်ရပေမပေါ့။

ဝန်ကြီးချုပ်ဦးနုအား သတင်းစာဆရာများကလိကြပုံကိုလည်း ကျွန်တော်သဘောကျသည်။

မှတ်မိနေသေး၏။ မေးခွန်းထုတ်သူက အထောက်တော် သတင်းစာအယ်ဒီတာချုပ် ဦးအုန်းမြင့်။ ဦးနုဆိုဗီယက်ယူနီယံကိုရောက်သွားတော့ လီနင်ကြေးရုပ်ကြီး "လူမွဲတို့ထွက်ရာလမ်းစာအုပ်" ရေးသူကြီးလာပြီ၊ အမေရိကန်ကိုသွားလည်တော့ လစ်ဘာတီရုပ်ကြီးက "လူပေါ်လူဖော်လုပ်နည်း" ဆရာကြီးကိုကြိုဆိုပါ၏ဆိုတဲ့ကာတွန်း သတင်းစာတစ်စောင်မှာပါခဲ့သည်ကလည်း ပူပူနွေးနွေး၊ မကြာသေး။

ဒေးလ်ကာနက်ဂျီရေးသော How To Win Friends And Influence People စာအုပ်ကို ဘာသာပြန်စဉ်က မူလနာမည်က လူပေါ်လူဖော်လုပ်နည်း၊ နောက်ပိုင်းကျောင်းသုံးပြဋ္ဌာန်းဖို့ လုပ်တော့မှ မိတ္တဗလဋ္ဌိကာ ဟုနာမည်ပြောင်းလိုက်ခြင်းဖြစ်သည်။

သတင်းစာရှင်းလင်းပွဲမှာ ထိုအမေးက ဝန်ကြီးချုပ်အဖြစ်မှ အနားယူလျှင် ရုရှမှာသွားနေမလား၊ အမေရိကန်မှာ သွားနေမလားဆိုတာသိပါရစေတဲ့။ ဦးနုဒေါသထွက်၊ မျက်နှာနီရဲသွားပြီး ကျုပ်ကဘာကိစ္စ ဘယ်မှာသွားနေရမှာလဲ၊ ခင်ဗျားကကော အမေရိကန်မှာသွားနေမှာလား ပြောစမ်းပါဟု ပြန်မေး၏။ ဘယ်လိုဖြေမည်ဟု စာဖတ်သူထင်သနည်း။ ခဏလောက် တွေးကြည့်ပြီးမှ ဆက်ဖတ်ပါ။

ဝန်ကြီးချုပ်ခင်ဗျာ၊ ကျွန်တော်သတင်းလာယူတာပါဟု အထောက်တော် အုန်းမြင့်က ပြန်ဖြေလိုက်ရာ အားလုံးဝိုင်းရယ်ကြသဖြင့် ဦးနုလည်းလိုက်ရယ်ရကြောင်း သတင်းမျိုးဖတ်ရသောကြောင့် သတင်းစာ ရှင်းလင်းပွဲကို ကျွန်တော်စိတ်ဝင်စားတာပါ။

ရွာမှာ ဦးလေးသန်းပြောပြ၍ ကွန်မြူနစ်ဖြစ်သွားလျှင် ကျွန်တော်တို့ ရွာလည်း ပဲခူးမှာလိုရေဘုံဘိုင်တွေ၊ ကတ္တရာလမ်းတွေ ဖြစ်လာမည်ဆို၍ ငယ်စဉ်ကပင် သဘောကျခဲ့၏။ တက္ကသိုလ်ရောက်တော့လည်း လက်ဝဲ ကျောင်းသား။ ကိုစိန်ဝင်းကလည်း တကသအမှုဆောင်၊ တပ်ဦးခေါင်းဆောင်ပါ။ မဲပုံးမှာ ဗိုလ်ချုပ်အောင်ဆန်းပုံသုံးခြင်းနှင့်ပတ်သက်၍ ပြောဆိုရှင်းပြရာမှာ ဖဆပလအဖွဲ့ကိုသော်လည်းကောင်း၊ ဦးနုတို့ကိုသော် လည်းကောင်း ထည့်သွင်းခြင်းမရှိသည်ကို ကျွန်တော်သတိထားမိ၏။

မတ်စ်ဝါဒ သဘောတရားသင်ပေးသော ကျွန်တော့်ဆရာက ကိုစိုးမင်း၊ သူက တက္ကသိုလ် ဆေးရုံမှာ အလုပ်လုပ်သည်။ ငယ်ငယ်ကတည်းက စာဖတ်ဝါသနာပါသော ကျွန်တော့်အားစာဖတ်ပြီးနောက် ပြန်လည်သုံးသပ်တွေးတောတတ်ဖို့လည်း သင်ပေး၏။

သူဥပမာပေးရှင်းပြသည့်သတင်းက ဆိုရှယ်လစ်ခေါင်းဆောင် သခင်တင်၏ မိန်းမရှုပ်မှု။ ပြည်သူ့ဟစ်တိုင်၊ အိုးဝေ၊ စီးပွားရေးနှင့် ကွန်မြူနစ်နေ့စဉ်တို့ရေးသား၍ ပါလီမန်အတွင်းဝန် ဦးဆောင်ကာ သတင်းစာတိုက်များသို့ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးကြ၏။ ကွန်မြူနစ်နေ့စဉ်သို့မူ မသွားကြ။ ထိုသို့ရမ်းကားကြသူများအား ဆိုရှယ်လစ်ဟုဆိုလျှင် ဆန့်ကျင်ဘက်နိုင်ငံရေးသမားများဟုသာ မြင်နိုင်မည်၊ ဥပဒေမဲ့လုပ်ရပ်မို့ အစိုးရဟု သုံးစွဲရေးသားဆိုပါက ပိုမိုမှန်ကန်ပိုမိုထိရောက်နိုင်ပုံ ရှင်းလင်းထောက်ပြသည်။

ပြည်ထဲရေးဝန်ကြီးဦးကျော်ငြိမ်းကိုယ်တိုင်အမိန့်ပေးစေခိုင်းခြင်း၊ အစိုးရနှင့် သတင်းစာများကြား ပြဿနာတက်ခြင်းတို့ ဦးနု၏ တာတေစနေသားစာအုပ်ထဲမှာပါသည်။ စိတ်ဝင်စားပါက ရှာဖတ်ပါ။ ကိုစိုးမင်းက နောက်ပိုင်းတစ်အိမ်ထဲအတူနေ၊ သတင်းစာဆရာကြီးဖြစ်လာရာ ကျွန်တော် သတင်းသမားဖြစ်ရေးမှာ ကြီးစွာအရေးပါလာ၏။

ကိုစိန်ဝင်းကိုလည်း သတင်းစာရှင်းလင်းပွဲမှာ သူရဲကောင်းသတင်းထောက်အဖြစ် ဖတ်ရတော့မှ မြန်မာ့အလင်းစိန်ဝင်းဖြစ်နေမှန်းသိရ၏။ အသက်ကလည်းငယ်၊ သတင်းဝါကလည်း နုသည်မို့လား မပြောတတ်၊ သူမေးခွန်းမေးနေစဉ် ဦးနုကငေါက်၍ ထိုင်လိုက်ရသည်။ နောက်တစ်ပတ် သတင်းစာရှင်းလင်းပွဲမှာ ထုံးစံအတိုင်း ဝန်ကြီးချုပ်က တင်ပြစရာများအပြီး မည်သူတစ်ဦးတစ်ယောက်ကမှ မမေးဘဲငြိမ်နေကြ၍ ဘာဖြစ်လို့လဲဟု ဆိုလာတော့မှ ဗမာ့ခေတ်ဦးအုန်းခင်က ကျုပ်တို့သတင်းစာဆရာတွေဟာ ကိုယ့်ထမင်းကိုယ်စား၊ ကိုယ့်အလုပ် ကိုယ်လုပ်ပြီး ဘယ်သူ့အငေါက်မှမခံနိုင်ဘူးလို့ ပြောလိုက်သည်။

ဝန်ကြီးချုပ် ဦးနု ထိုင်နေရာကနေ မတ်တတ်ရပ်လိုက်ပြီး ကိုစိန်ဝင်းခင်ဗျာ၊ အရင်တစ်ပတ်က ကျွန်တော်မှားခဲ့တဲ့အတွက် တောင်းပန်ပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာလို့ဆိုကာ ပြန်ထိုင်တော့မှ အမေးအဖြေများ ဆက်လုပ်ကြရသည်။

သတင်းလောကမှ ကျွန်တော်ဆုံဖူးသော စိန်ဝင်း ၄ ယောက်အနက် ပထမဆုံး စိန်ဝင်းက သတင်းထောက်ပေါက်စဘဝမှာကတည်းက ဝန်ကြီးချုပ်က တောင်းပန်ရသည့် သမိုင်းဝင် သူရဲကောင်း၊ ဘာသာပြန် စာအုပ်များစွာရေးသားသူ၊ မြန်မာ့အလင်းစိန်ဝင်းအဖြစ်ထင်ရှား၏။

ကွယ်လွန်ချိန်ထိ ကျွန်တော့်အား ညီငယ်တစ်ယောက်ပမာ ခင်မင်သွန်သင်ပုံ အလျဉ်းသင့်က ဆက်လက်၍ ရေးသွားပါမည်။

ကိုစိုးမင်းကလည်း ပီဂျီစိုးမင်းနာမည်ဖြင့် စာနယ်ဇင်းလောကမှာ ထင်ရှား၊ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတည်ထောင်ရာမှာ ပါဝင်ခဲ့ပြီး သတင်းထောက် ဈာန်ရအမည်ဖြင့် ရေးခဲ့သည်များကို မီလိုက်သူများမှတ်မိကြပါလိမ့်မည်။ တစ်အိမ်ထဲ နှစ်အတန်ကြာနေခဲ့ကြ၍ သူနှင့်ပတ်သက်ပြီး ရေးစရာအများကြီးပါ။

သတင်းသမားဆိုတာ မိမိယုံကြည်သော နိုင်ငံရေးနှင့် ကင်းရှင်းစွာ၊ အနည်းဆုံးခဏလောက်ဖြစ်ဖြစ် ဘေးဖယ်ထားဖို့ အရေးကြီးပုံ၊ အသက် ၂၀ လောက်အရွယ်ကတည်းက မြင်ခဲ့၊ သင်ပေးခဲ့သော အစ်ကို နှစ်ယောက်သည် လက်ဦးဆရာများအဖြစ် ကျွန်တော်သတင်းသမားဖြစ်လာရေး လမ်းတစ်လျှောက် မေ့လို့မရ၊ ကျေးဇူးကြီးမားပုံဖော်ပြလို့မကုန်နိုင်ဟုသာ ရေးရပါမည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက်အတွင်းရှိ ဂရုဏာလူမှုရေးအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် သံသရာခရီးသည်နာရေးလူစီးကား(အခမဲ့)တို့ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ မရမ်းချောင်းကျေးရွာမှ အနာကြီးရောဂါသည်များကို ငွေကျပ် (၃၅၀၀၀၀)နှင့် ဆန်၊ ဆီ၊ အဝတ်အထည်များကို ဇန်နဝါရီ ၄ ရက်က သွားရောက်၍ လှူဒါန်းခဲ့ကြသည်ဟု သိရသည်။

(၁၂၉)



## ဇမ္ဗူသီရိမြို့နယ်ရှိ အောင်ဇမ္ဗူရပ်ကွက် ဈေးဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၆**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အောင်ဇမ္ဗူရပ်ကွက်ဈေးအား အဆင့်မြှင့်တင်ခြင်းကို ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဩဂုတ် ၁၃ ရက်က စတင်ကာ မိုးကြယ်စင်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ပြီး ပြီးခဲ့သည့် ဒီဇင်ဘာ ၂၈ ရက်တွင် လုပ်ငန်းပြီးစီး၍ အောင်ဇမ္ဗူရပ်ကွက်ဈေးဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီက ဖွင့်လှစ်ခဲ့သည်။

အဆိုပါဖွင့်လှစ်ပွဲသို့ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ (ဈေးများဌာန၊ ဌာနမှူး) ဦးမင်းလွင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေ၊ ရပ်မိရပ်ဖများနှင့် ဈေးသူဈေးသားများ တက်ရောက်ကြသည်။

ယင်းဖွင့်လှစ်ခဲ့သောဈေးမှာ ငါးရက်တစ်ဈေးအဖြစ် ခင်းကျင်းရောင်းဝယ်ပြီး သား၊ ငါးဆိုင်ခန်းပေါင်း ၁၆ ခန်း၊ ကုန်စိမ်းဆိုင်ခန်းပေါင်း ၃၅ ခန်း၊ ကုန်စုံ၊ ကုန်ခြောက်ဆိုင်ခန်းပေါင်း ၂၇၂ ခန်း၊ အထည်ဆိုင်ခန်းပေါင်း ၃၇ ခန်း စုစုပေါင်းဆိုင်ခန်းပေါင်း ၃၆၀ ခန်းရှိပြီး ဈေးဝယ်သူများအား အဆင်ပြေချောမွေ့စွာရောင်းဝယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလင်း(ပြန်/ဆက်)**

## ဝမ်းတွင်းမြို့နယ်တွင် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

**ဝမ်းတွင်း ဇန်နဝါရီ ၆**

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးသည့် လိပ်တက်ကျေးရွာ (၂၀၀) ကေဗွီအေ ထရန်စဖော်မာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၁၁ နာရီက လိပ်တက်ကျေးရွာ၌ ကျင်းပခဲ့သည်။

လျှပ်စစ်မီးလင်းရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာန မြို့နယ်ဦးစီးမှူးက လိပ်တက်ကျေးရွာလျှပ်စစ်မီးလင်းရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ဟိန်းထက်လွင်ကုမ္ပဏီမှမီးလင်းရေးနှင့် ပတ်သက်သော စာရွက်တမ်းများအား ကျေးရွာမီးလင်းရေးကော်မတီထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

**ဌေးလှိုင်(ဝမ်းတွင်း)**

## အခြေခံစက်ပြင်၊ လျှပ်စစ်နှင့် ဂဟေသင်တန်းအမှတ်စဉ်(၂/၂၀၁၆)သင်တန်းဖွင့်လှစ်

**ထားဝယ် ဇန်နဝါရီ ၆**

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များစက်မှုလက်မှုပညာသင်တန်းကျောင်းအခြေခံစက်ပြင်၊ လျှပ်စစ်နှင့်ဂဟေ သင်တန်းအမှတ်စဉ် (၂/၂၀၁၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ စက်မှုလက်မှုပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်က သင်တန်းအဖွင့်အမှာစကား ပြောကြားရာ၌ တနင်္သာရီတိုင်းဒေသကြီး အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လမ်း၊ တံတားလုပ်ငန်း ၇၅ ခု၊ ပညာရေးလုပ်ငန်း သုံးကျောင်း၊ သာသနာရေးလုပ်ငန်းတစ်ခု၊ ရေရရှိရေးလုပ်ငန်း (သောက်သုံးရေ) ၁၀ ခု၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ၁၃ လုံး၊ စွမ်းအင်လုပ်ငန်း ၅၂ ရွာ၊ အခြားလုပ်ငန်းတစ်ခုတို့ကို စုစုပေါင်းရန်ပုံငွေ ၅၀၂၇ ဒသမ ၇၆၅ သန်းဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေ ၅၄၆၇ ဒသမ ၀၂၅ သန်းဖြင့် လမ်း၊ တံတားလုပ်ငန်း ၁၁၁ ခု၊ ရေရရှိရေးလုပ်ငန်း (သောက်သုံးရေ) ၁၆ ရွာ၊ သာသနာရေးလုပ်ငန်းလေးခု၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း ၁၂ လုံးနှင့် စွမ်းအင်လုပ်ငန်း ၃၄ လုံး၊ အခြားလုပ်ငန်းတစ်ခုတို့ကို စုစုပေါင်းရန်ပုံငွေ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု သင်တန်းအမှတ်စဉ်(၂/၂၀၁၆) တွင်အခြေခံစက်ပြင်၊ လျှပ်စစ် နှင့်ဂဟေသင်တန်းကို သင်တန်းကာလရက်သတ္တ ၁၂ ပတ်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ထားဝယ်ခရိုင်(ပြန်/ဆက်)**

## မလှိုင်–နွားထိုးကြီး ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

**မလှိုင် ဇန်နဝါရီ ၆**

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မလှိုင်မြို့နှင့် နွားထိုးကြီးမြို့ ဆက်သွယ်သည့် ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၁၁ နာရီက အဆိုပါလမ်းရှိ မုခ်ဦးရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ကတ္တရာလမ်းသစ် ဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရွှေနန်းကအဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ် ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်က မလှိုင်-နွား ထိုးကြီး ကတ္တရာလမ်းခင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် Ocean Sky Co.,Ltd Managing Director ဒေါက်တာကျော်စိန်က မလှိုင်-နွား ထိုးကြီး ကတ္တရာလမ်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လမ်းကော်မတီဥက္ကဋ္ဌထံသို့ ပေးအပ်ခဲ့သည်။

ယင်းနောက် မလှိုင်-နွားထိုးကြီး ကတ္တရာ လမ်းသစ်ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ် စားလှယ် ဦးရွှေနန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းအားကြည့်ရှုခဲ့ကြသည်။

မလှိုင်-နွားထိုးကြီးလမ်းသည် အရှည် ၁၂ မိုင် ၅ ဖာလုံရှိပြီး ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေး နှစ်တွင် ခွင့်ပြုငွေကျပ် သန်း ၁၅၅ ဒသမ ၂၆ ဖြင့် အကျယ် ၁၂ ပေ၊ အရှည် ၃/၇ မိုင်ရှိ ကတ္တရာ လမ်းကို ထွန်းတောက်ရောင်နီကုမ္ပဏီက ခင်းပေးခဲ့သည်။

ယနေ့ ဖွင့်လှစ်ခဲ့သောလမ်းပိုင်းမှာ အကျယ် ၁၂ ပေ၊ အရှည် ၃ မိုင်ရှိ ကတ္တရာလမ်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုငွေကျပ် ၁၉၈ ဒသမ ၀၂၉ သန်းဖြင့် Ocean Sky Co.,Ltd မှ တာဝန်ယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကျန်ရှိနေသောလမ်း ၅ /၆ မိုင်ကို ၂၀၁၅-၂၀၁၆ ခု တတိယအကြိမ် မွမ်းမံရန်ပုံငွေ ၃၁၉ ဒသမ ၈၃ သန်းဖြင့် ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းကြီး ပြီးစီးသွားပါက မလှိုင်မြို့နှင့် နွားထိုးကြီးမြို့ကြားရှိ သက္ကယ်ကျင်း၊ ကြာ-အိုင်ကြာပွား၊ ဘွက်ငယ်၊ ထနောင်းကိုင်း၊ ကျွဲခြံ၊ ရွာတန်းရှည်၊ ငွေ့အိုင်၊ ညီနောင်၊ မြောက်ကုန်း၊ ကားရွာ၊ ညံကန်၊ သရက်ကန်၊ အိုင်မရိုးစသည့် ကျေးရွာများမှ ဒေသခံပြည်သူများ ဆက်သွယ် သွားလာရေး လွယ်ကူသဖြင့် ကူးသန်းရောင်း ဝယ်ရေးလုပ်ငန်းများ ပိုမိုကောင်းမွန်လာပြီး ဒေသခံတို့၏ လူမှုစီးပွားဘ၀ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ပေသည်။

**အောင်ရွှေ(မလှိုင်)**

## ခမောက်ကြီးမြို့တွင် ကလေးများအား ငါးမျိုးစပ်ကာကွယ်ဆေးထိုးနှံ

**ခမောက်ကြီး ဇန်နဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်း ခရိုင် ခမောက်ကြီးမြို့တွင် အသက်ငါးနှစ် အောက်ကလေးများအား ငါးမျိုးစပ်ကာကွယ် ဆေးထိုးနှံခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီ ကကျန်းမာရေးဝန်ထမ်းများမှ ပြည်သူ့ဝန်ဆောင်မှုတစ်ရပ်အနေဖြင့် ဆောင် ရွက်ပေးခဲ့သည်။

ဆက်လက်၍ ခမောက်ကြီး အမှတ်(၁) ရပ်ကွက်နေ ပြည်သူများ၊ အသက်ငါးနှစ် အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင် အမျိုး သမီးများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ ရာတွင် အသက်ငါးနှစ်အောက် ကလေး ၃၃ ဦးကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည်။

**ခမောက်ကြီး (ပြန်/ဆက်)**

# လူကုန်ကူးခြင်းခံရသောအမျိုးသမီးများအား ထောက်ပံ့ငွေများပေးအပ်

**သနပ်ပင် ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်း အဝေးခန်းမ၌ ဇန်နဝါရီ ၅ ရက်က လူကုန် ကူးခြင်းခံရသော အမျိုးသမီးများ အား ပြန်လည်ထူထောင်ရေးထောက်ပံ့ငွေ များ ပေးအပ်ခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်လူကုန် ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဒုဥက္ကဋ္ဌရဲမှူး အောင်မြတ်ဦးက အဖွင့်အမှာစကားပြော ကြားပြီး အမှတ်(၃)လူကုန်ကူးမှု တားဆီး ကာကွယ်ရေးတပ်ဖွဲ့စု(ပဲခူး)မှ တပ်ဖွဲ့စုမှူး ရဲမှူးမြင့်ဝင်းက ပြန်လည်ထူထောင်ရေး ထောက်ပံ့ငွေပေးအပ်ရခြင်း၏ ရည်ရွယ်ချက် ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်မြို့နယ်လူကုန်ကူးမှု တားဆီး ကာကွယ်ရေး ဒုတိယဥက္ကဋ္ဌ မြို့နယ်ရဲတပ် ဖွဲ့မှူးရဲမှူး အောင်မြတ်ဦးက လူကုန်ကူးခံ ရသူများဖြစ်သော မနီလာ(၁၇)နှစ် (ဘ)ဦးမောင် ဘို၊ မမြမြ(ခ)မကြည်ကြည်မြ (၁၆)နှစ်၊ (ဘ) ဦးမောင်ဘို (၁၃)လမ်း ဘုရားကြီးပိုင်း သနပ် ပင်မြို့နေနှင့် မထူးအိန္ဒြာ (၁၅)နှစ် (ဘ) ဦးထွန်း ထွန်း၊ (၉)လမ်း၊ ဘုရားကြီးပိုင်းရပ်ကွက်နေသူ တို့ သုံးဦးအား တစ်ဦးလျှင် ကျပ် ၉၇၅၀၀ စီ အသီးသီး ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ် ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

**သနပ်ပင် (ပြန်/ဆက်)**

## ညောင်ဦးတွင် သူကောင်းတည်ကျေးရွာအဝင်ကျောက်ချောလမ်းသစ်ဖွင့်

**ညောင်ဦး ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင် ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှုကြီးမှူး၍ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အဖြစ် ညောင်ဦးမြို့နယ် သူကောင်းတည်ကျေးရွာ အဝင် ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနား ကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက အဆိုပါ ကျောက်ချောလမ်းမုခ်ဦးအဝင်၌ ကျင်းပခဲ့ကြောင်း သိရ သည်။

ညောင်ဦးမြို့နယ် သူကောင်းတည်ကျေးရွာ အဝင် ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနား သို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေး၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်း လင်းမောင်နှင့် ဝန်ထမ်းများ၊ သူကောင်းတည်ကျေး ရွာနေဒေသခံပြည်သူများ တက်ရောက်ခဲ့ ကြောင်း သိရသည်။

ကျောက်ချောလမ်းသစ်အား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေး၊ မြို့နယ် (ကျေး/လက်)ဦးစီးမှူး ဦးထွန်းလင်းမောင်နှင့် သူကောင်းတည်ကျေးရွာ ကျောင်းဆရာတော် ဦးဝိ ဇေရတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ သူကောင်းတည်ကျေးရွာအဝင် ကျောက်ချောလမ်းအား ညောင်ဦးမြို့နယ် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၈၅ သန်း ဖြင့် တင်ဒါအောင်မြင်သည့် သစ္စာခိုင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့သည်။

ကျောက်ချောလမ်းသစ်မှာ အရှည်ပေ ၁ မိုင်ခန့် ရှိပြီး ကျောက်ချောလမ်း အကျယ် ၁၂ ပေနှင့် လမ်း၏ဘေး (ဝဲ၊ ယာ)များတွင် နှစ်ပေအကျယ်၊ သုံးပေအနက်ရှိသည့် ရေနုတ်မြောင်းများ ထည့် သွင်းဆောင်ရွက်ထားခြင်းကြောင့် ယခုအခါ ကျေး ရွာနေပြည်သူများ ရာသီမရွေး သွားလာရေး အဆင် ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ကျောင်းကုန်းမြို့နယ်တွင် ဆိုလာမီးတပ်ဆင်ခြင်းများဆောင်ရွက်

**ကျောင်းကုန်း ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရွာသာကုန်းကျေး ရွာအုပ်စု ညောင်သာယာကျေးရွာတွင် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဆိုလာမီးတပ်ဆင် ခြင်း ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအ ထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင် မောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲ အောင်နှင့် မြို့နယ်စည်ပင်သာယာရေး အထောက်အကူပြုကော်မတီ အဖွဲ့ဝင် ဦးခင်အောင်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့် လှစ်ပေးခဲ့သည်။

ယင်းနောက် မြို့နယ်ဖွံ့ဖြိုးတိုးတက် ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်မောင်က အဖွင့်အမှာစကား ပြော ကြားပြီး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်က ကျေးလက်မီးလင်းရေး သည် နိုင်ငံတော်၏ ပညာရေးအဆောက် အအုံကဏ္ဍကိုလည်း မြှင့်တင်မှုဖြစ် ကြောင်း၊ ပညာတတ်ပေါ်မှ နိုင်ငံတော် အတွက် လူချွန်လူကောင်းများ ပေါ်ပေါက် လာမည်ဖြစ်ကြောင်းတို့ကို ပြောကြားခဲ့ သည်။

ယင်းနောက်ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်က ကျောင်း ကုန်း မြို့နယ်အတွက်ခွင့်ပြု ရန်ပုံငွေများ တင်ပြထားပုံကိုရှင်းလင်း ပြောကြားခဲ့ပြီး ရွာသာကုန်းကျေးရွာအုပ်စု ညောင်သာ ယာကျေးရွာတွင်အိမ်ခြေ ၁၇၈ အိမ် ဆိုလာမီးလင်းရေးဆောင်ရွက်ခြင်း လုပ် ငန်းကို Super. Mega. Co.,Ltd မှ တာဝန် ယူ တပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရ သည်။

**ဝင်းကြိုင်(ပြန်/ဆက်)**




## ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ မြင်းမူမြို့၌ ကျင်းပ

**မြင်းမူ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်း မာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော (၆၈)နှစ် မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက်က မြင်းမူမြို့ ရွှေပြည်သစ်ခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရ သည်။

အခမ်းအနားတွင် မြင်းမူမြို့နယ်ကျန်းမာရေးဦးစီး မှူး ဒေါက်တာခင်မောင်ကြီးက ကလေးပြိုင်ပွဲများတွင် ကိုယ်အလေးချိန် ပေါင်ချိန်ခြင်း၊ အရပ်တိုင်းခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ သွား ကျန်းမာမှု၊ ကာကွယ်ဆေးများ အကြိမ်ပြည့် ထိုးနှံ တိုက်ကျွေးမှု၊ မိခင်နို့ တိုက်ကျွေးမှုတို့ကို အမှတ်ပေး စည်းမျဉ်းများနှင့်အညီ စစ်ဆေးအမှတ်ပေးခဲ့ကြ ကြောင်း၊ ပြိုင်ပွဲကို ကလေးများ၏ ကျန်းမာရေး ကောင်းမွန်စေရန်အတွက် ရည်ရွယ်ကျင်းပပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦး၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ခင်မောင်ကြီး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များက မွေးစမှ အသက်ခြောက် လအထိ၊ အသက်ခြောက်လမှ အသက်တစ်နှစ်အထိ၊ အသက်တစ်နှစ်မှ အသက်တစ်နှစ်ခွဲအထိ၊ အသက် တစ်နှစ်ခွဲမှ အသက်နှစ်နှစ်အထိ သက်တမ်းအလိုက် ကလေးပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကလေးငယ် များအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပေးခဲ့ကြ သည်။

အလားတူ မြို့နယ်အားကစားနှင့် ကာယပညာ ကော်မတီမှ ကြီးမှူးပြီး (၆၈)နှစ်မြောက် လွတ်လပ် ရေးနေ့ အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက် ကျော်ခြင်းပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် မီနီ မာရသွန်ပြိုင်ပွဲများကို ကျင်းပပြုလုပ်ရာ ပြိုင်ပွဲအသီး သီးတွင် ဆုရရှိကြသူများအား မြို့နယ်အဆင့် ဌာန ဆိုင်ရာများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**အောင်စိုးဖေ**

## မြစ်ကြီးနားမြို့တွင် မီနီမာရသွန်ပြိုင်ပွဲနှင့် ဆုပေးပွဲပြုလုပ်

**မြစ်ကြီးနား ဇန်နဝါရီ ၆**

မြစ်ကြီးနား မြို့မိမြို့ဖများမှ ဦးစီးကျင်းပ သော ဒုတိယအကြိမ်မြောက် မီနီမာရသွန် အပြေးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၅ နာရီက မြစ်ကြီးနား မြို့ပေါ်တွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အသက် ၁၅ နှစ် အထက်၊ အောက် အမျိုးသား၊ အမျိုးသမီး နှင့် အသက် ၆၀ နှစ် အထက် အမျိုးသား မီနီမာရသွန်ပြိုင်ပွဲကို ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ဦးရေ ၃၉၀၀ ကျော်ခန့် ဝင်ရောက် ယှဉ် ပြိုင်ခဲ့ကြရာ အသက်အရွယ်အပိုင်းအခြား အလိုက် ခရီးမိုင်အကွာအဝေးအား သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

ဆုပေးပွဲတွင် ကချင်ပြည်နယ် လူမှုရေး ဝန်ကြီး ဒေါ်ဘောက်ဂျာက အဖွင့်အမှာ စကားပြောကြားပေးပြီး ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးဘရန်မွန်းက ပြိုင်ပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်း ပြောကြားပေးခဲ့သည်။

ယင်းနောက် မီနီမာရသွန်ပြိုင်ပွဲတွင် အသက် ၁၅ နှစ် အထက်၊ အောက် အမျိုး သား၊ အမျိုးသမီးနှင့် အသက် ၆၀ နှစ် အထက် အမျိုးသား မီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိ ကြသော သူများအား လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာနှင့် တာဝန်ရှိသူများက ဆု တံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီး မြှင့်ခဲ့ကြသည်။

အဆိုပါဆုပေးပွဲအခမ်းအနားသို့ ကချင် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဝင်း၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးဘရန် မွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန် ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များ၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြသူ များ၊ စုစုပေါင်း၄၂၀၀ ခန့် တက်ရောက်ခဲ့ကြ သည်။

**မင်းမင်း(မြစ်ကြီးနား)**

# ရေးမြို့တွင် မြန်မာ့ရိုးရာလှေသဘင်ပွဲတော် ယှဉ်ပြိုင်ပွဲကျင်းပ

**ရေး ဇန်နဝါရီ ၆**

မွန်ပြည်နယ် ရေးမြို့ မြကန်သာ ရွှေဟောင်းကျုံးတော်ကြီး၌ ဇန်နဝါရီ ၄ ရက်က မြန်မာ့ရိုးရာလှေသဘင်ပွဲတော် ဗိုလ်လုပွဲကို ယှဉ်ပြိုင်လှော်ခတ်ကြကြောင်း သိရသည်။

ဗိုလ်လုပွဲ ယှဉ်ပြိုင်မလှော်ခတ်မီ အထူးပွဲအနေဖြင့် မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများအသင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးအသင်းတို့ ယှဉ်ပြိုင်ကြရာတွင် မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးအသင်းက အနိုင်ရရှိသွားခဲ့သည်။

တတိယအကြိုလုပွဲတွင် အောင်သုခရပ်ကွက်အသင်းနှင့် ကလော့လေးကျေးရွာအသင်းတို့ ယှဉ်ပြိုင်လှော်ခတ်ကြရာတွင် ကလော့လေးကျေးရွာအသင်းက တတိယနေရာကို ရရှိသွားသည်။

ဆက်လက်ပြီး ဗိုလ်လုပွဲကို ယှဉ်ပြိုင်လှော်ခတ်ရာတွင် ချောင်းတောင်ကျေးရွာအသင်းနှင့် သီရိမာလာရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်လှော်ခတ်ရာ ချောင်းတောင်ကျေးရွာအသင်းက ချန်ပီယံဒိုင်းဖလားဆွတ်ခူးသွားခဲ့သည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ပြီး ကျင်းပရာဆုရသော လှေလှော်အသင်းသားများနှင့် ပြိုင်ပွဲဝင် လှေအသင်းများအား နှစ်သိမ့်ဆုများကိုလည်းကောင်း စတုတ္ထဒိုင်းဆုငွေကျပ်နှစ်သိန်းရရှိသော အောင်သုခရပ်ကွက် အသင်းအားလည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ချီးမြှင့်ပေးကြသည်။

တတိယဆု ဒိုင်းရရှိဆုငွေကျပ်သုံးသိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်ကလည်းကောင်း၊ ဒုတိယဆုဒိုင်းရရှိသော ဆုငွေကျပ် ငါးသိန်းကို သီရိမာလာရပ်ကွက်အသင်းအား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းသိန်းဟန်းက လည်းကောင်း ပထမချန်ပီယံဒိုင်းဖလား ဆုငွေကျပ်ခုနစ်သိန်းအား မွန်ပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှု ပြည်နယ်ဝန်ကြီး ဦးနိုင်လဝီအောင်က လည်းကောင်း ဆုများကို ချီးမြှင့်ပေးကြသည်။

**ထွန်းထွန်း(ရေး)**

# ဆင်ခြေထောက်ရောဂါအကြောင်း သိကောင်းစရာ ပညာပေးဟောပြောပွဲကျင်းပ

**မေတ္တာ ဇန်နဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မေတ္တာမြို့ မေတ္တာ အ-ထ-က ကျောင်းတွင် ဇန်နဝါရီ ၄ ရက် ညနေ ၃နာရီခွဲတွင် ဆင်ခြေထောက်ရောဂါအကြောင်း သိကောင်းစရာပညာပေးဟောပြောပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆင်ခြေထောက်ရောဂါအကြောင်း ဟောပြောပွဲတွင် မေတ္တာမြို့ ကျောက်မဲတောင်ကျေးရွာပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဦးစီးမှူး ဦးထွန်းဝင်းက ဟောပြောပွဲသို့တက်ရောက်လာသော ဒေသခံပြည်သူစုစုပေါင်း ၁၅၀ ဦးအား ဆင်ခြေထောက်ရောဂါအကြောင်း သိကောင်းစရာများနှင့်ပတ်သက်၍ အကျယ်တဝင့် ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**(ပြန်/ဆက်)**

# မိုးကောင်းမြို့နယ်တွင် ကလေးကျန်းမာရေးပြိုင်ပွဲကျင်းပ

**မိုးကောင်း ဇန်နဝါရီ ၆**

မိုးကောင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့်(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးကျန်းမာရေးပြိုင်ပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၉ နာရီက မိုးကောင်းခန်းမ၌ ကျင်းပခဲ့သည်။

ထိုသို့ကျင်းပရာ မြို့ပေါ်(၁၂)ရပ်ကွက်ရှိ အသက် သုံးလမှအသက် ခြောက်လ၊ အသက်ခြောက်လမှ အသက်တစ်နှစ်၊ အသက်တစ်နှစ်မှ အသက်တစ်နှစ်ခွဲ၊ အသက်တစ်နှစ်ခွဲမှ အသက်နှစ်နှစ်နှင့် အသက်နှစ်နှစ်အောက် အမြွှာပူးလေးတွဲ စုစုပေါင်းပြိုင်ပွဲဝင် ၆၇ ဦးတို့ကို ကျန်းမာရေးဦးစီးဌာနမှူး ဦးသန်းဦးနှင့် ကျန်းမာရေးဆရာမနှင့် သူနာပြုများ၊မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်းနှင့် အဖွဲ့ဝင်များက အသက်အလိုက် ကိုယ်အလေးချိန်၊ အရပ်၊ ကလေး၏ရှိသင့်သော ခန္ဓာကိုယ်ဖွံ့ဖြိုးမှု၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးထားမှု ရှိ၊မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ အဆိုပါပြိုင်ပွဲဝင်ကလေး ၆၇ ဦးအနက် လအလိုက်ခွဲခြားသတ်မှတ်ထားသည့် အသက်အရွယ်အလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူကလေးမိခင်တို့အား တာဝန်ရှိသူအသီးသီးတို့က ဆုချီးမြှင့်ခဲ့ကြပြီး ဆုမရသော ကလေးမိခင်များအား လက်ဆောင်ပစ္စည်းများပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်ဦး**

# ၂၀၁၆ – ၂၀၁၇ ခုနှစ်အတွက် ထောက်ပံ့ကြေးရရှိရေး လျှောက်ထားနိုင်

**ရွှေဘို ဇန်နဝါရီ ၆**

၂၀၁၆- ၁၇ ခုနှစ်အတွက် စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ဂေဟာ၊ ရိပ်သာများ ထောက်ပံ့ကြေးရရှိရေးကို တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနသို့ လျှောက်ထားနိုင်ကြောင်း တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနမှ ထုတ်ပြန်ကြေချက်အရ သိရသည်။

အဆိုပါတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ အသိအမှတ်ပြုစေတနာ့ဝန်ထမ်းအဖွဲ့အစည်းများဖြစ်သော လူငယ်ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများ၊ အမျိုးသမီးစောင့်ရှောက်ရေးဂေဟာများ၊ မသန်စွမ်းဂေဟာတို့မှ ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ထောက်ပံ့ကြေးရရှိရန်အတွက် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနသို့ ဇန်နဝါရီလ ၃၁ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

**ရောင်နီတင်ဝင်း**



# မိတ္ထီလာမြို့ကမ်းလက်အဖွဲ့ဝင်များ ပုပ္ပားတောင်မကြီးသို့ ဒုတိယအကြိမ်တက်ရောက်

**မိတ္ထီလာ ဇန်နဝါရီ ၆**

မိတ္ထီလာမြို့ လူမှုရေးအသင်းအဖွဲ့ဖြစ်သည့် ကမ်းလက်အဖွဲ့သားဝင်များသည် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းတည်ရှိပြီး ပေပေါင်း ၄၉၈၁ မြင့်မားသည့် ပုပ္ပားတောင်မကြီးပေါ်သို့ ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက ဒုတိယအကြိမ် တက်ရောက်ခဲ့ကြောင်း သိရသည်။

အများစုပေါင်း၍ တောင်တက်ခြင်းဖြင့် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းရရှိစေရန်၊ သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့် ရှူရှိုက်ခြင်းဖြင့် ကျန်းမာရေးအထောက်အကူပြုစေရန်၊ တောင်တက်လမ်းမှအပြန်ခရီးတွင် တစ်ပိုင်တစ်နိုင် အမှိုက်ကောက်သိမ်းဆည်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်တတ်သည့်အလေ့အကျင့်များရရှိစေရန် ရည်ရွယ်ချက်များဖြင့် ပုပ္ပားတောင်မကြီးပေါ်သို့ စုပေါင်းတက်ရောက်ကြခြင်းဖြစ်သည်ဟု ကမ်းလက်အဖွဲ့မှ အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဒေါက်တာမြတ်မင်းက ပြောသည်။

မိတ္ထီလာ ကမ်းလက်အဖွဲ့ဝင်များသည် ယမန်နှစ်က ပုပ္ပားတောင်မကြီးပေါ်သို့ ပထမအကြိမ် တက်ရောက်ခဲ့ပြီး ယခုဒုတိယအကြိမ်တွင် တက်ရောက်သည့် ကမ်းလမ်းအဖွဲ့တွင်အဖွဲ့ဝင် ၇၀ ကျော် ပါဝင်ကာ တက်ရောက်သူများတွင် အသက်လေးနှစ်အရွယ်ကလေးငယ်တစ်ဦး၊ ငါးနှစ်အရွယ်ကလေးငယ်နှစ်ဦးနှင့် ၁၃ နှစ်အရွယ် ကလေးငယ်တစ်ဦးလည်းပါဝင်တက်ရောက်ခဲ့သည်။

**ချမ်းသာ(မိတ္ထီလာ)**



# မြင်းမူမြို့နယ်တွင် ကိုယ်လက်ကြံ့ခိုင်ရေး အတွဲအမှတ်(၁/၂) ယှဉ်ပြိုင်

**မြင်းမူ ဇန်နဝါရီ ၆**

မြင်းမူမြို့နယ်ပညာရေးဦးစီးဌာနကကြီးမှူး ကျင်းပသော ကိုယ်လက်ကြံ့ခိုင်ရေးအစီအစဉ် အတွဲအမှတ်(၁/၂)ကို မြင်းမူမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)စုစုပေါင်း ၁၁ ကျောင်းမှ ကျောင်းသူ၊ ကျောင်းသားများက ကိုယ်လက်ကြံ့ခိုင်ရေးအတွဲ(၁)နှင့်အတွဲ(၂) ယှဉ်ပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းကမြင်းမူ အ-ထ-က(၁) ကျောင်းဝင်း၌ ကျင်းပခဲ့ကြသည်။

"ကျွန်တော်တို့ ဒီပြိုင်ပွဲမှာဆုရရှိတဲ့ ကျောင်းများကို ပညာရေးစုံညီပွဲကျရင်ဆုချီးမြှင့်သွားမှာပါ" ဟု လက်ထောက်မြို့နယ်ပညာရေးမှူးဦးမျိုးညွန့်က ပြောခဲ့သည်။

အဆိုပါ ကိုယ်လက်ကြံ့ခိုင်ရေးအစီစဉ် အတွဲအမှတ်(၁/၂) ပြိုင်ပွဲကျင်းပရာသို့ မြို့နယ်ပညာရေးမှူး ဒေါ်မြသိန်းနှင့် ဒုတိယမြို့နယ်ပညာရေးမှူး၊ လက်ထောက်မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများဆရာ၊ ဆရာမများဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**၆ ၂၄**

# စဉ့်ကိုင်မြို့နယ် ကံကြီးကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဆောင်ရွက်ပြီးစီး

**စဉ့်ကိုင် ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မုံပင်ကျေးရွာအုပ်စု ကံကြီးကျေးရွာတွင် ကျေးရွာပြည်သူများနှင့် စေတနာရှင်အလှူရှင်များ လှူဒါန်းမှုဖြင့် ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီမှစ၍ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းပြီဖြစ်သည်။

ကံကြီးကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးအတွက် စဉ့်ကိုင်မြို့နယ် မဟာဓာတ်အားလိုင်းမှ မိန်းမီးကြိုးများ သွယ်တန်းမှုနှင့် ကေဗွီအေ ၃၁၅ ထရန်စဖော်မာတစ်လုံးအတွက် ကုန်ကျငွေကျပ်သိန်း ၁၀၀ ကို အလှူရှင် ဦးမြင့်ဝေ မိသားစု မြစ်ငယ်မြို့မှ မတည်လှူဒါန်းပေးခဲ့သည်။

အဆိုပါ ကျေးရွာအတွင်း နေအိမ်များအရောက် မီးလင်းရေးအတွက် ကုန်ကျငွေများကို ကံကြီးကျေးရွာဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ မတည်ငွေ ကျပ်သိန်း ၂၀၀၊ ကျွန်းဦးကျေးရွာ နယကဆရာတော်မှ လှူဒါန်းငွေကျပ် ၃၅ သိန်း၊ အလှူရှင်ဦးတင်ကို ဇနီးဒေါ်ခင်မြဦးမိသား စုတိမ်လွှာဖြူစတိုး စဉ့်ကိုင်မြို့မှ လှူဒါန်းငွေကျပ်သိန်း ၆၀၊ အလှူရှင်များမှ စုပေါင်းလှူဒါန်းငွေကျပ် ကိုးသိန်းနှင့် ကျေးရွာပြည်သူများမှ ထည့်ဝင်ငွေကျပ် ၂၉၆ သိန်း၊ စုစုပေါင်းငွေကျပ် သိန်း ၇၀၀ အကုန်အကျခံကာဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုစဉ့်ကိုင်မြို့နယ် ကံကြီးကျေးရွာတွင် အိမ်ခြေပေါင်း ၃၁၆ အိမ်ရှိသည့်အနက် အိမ်ခြေ ၇၀ မီးလင်းနေပြီဖြစ်ရာ ကျန်အိမ်ထောင်စုများ လျှပ်စစ်မီးလင်းရေးအတွက် မီးတာများ တပ်ဆင်ခြင်း၊ မီးကြိုးများ သွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# အင်းတော်ကြီးနှင့် ပတ်ဝန်းကျင်မပျက်ယွင်းစေချင်



**à ထက်ဒေါင်လင်း/Myanmar Now**

သတ္တဝါမျိုးစုံတို့ခိုလှုံရာ အင်းတော်ကြီးကန်ကို အကျည်းတန်စေတဲ့အရာတွေရှိနေပြီး အဲဒါတွေက ဒေသခံတို့ရဲ့ ဘဝအခြေအနေ ပြောင်းလဲသွားခြင်းနဲ့ ဆက်စပ်နေပါတယ်။

ချောင်းထဲစီးနေတာ ရေတွေမှဟုတ်ရဲ့လားလို့ သံသယဖြစ်မိတယ်။ စီးဆင်းနေတာတွေက အင်မတန်နောက်ကျိပြီး မြေနီရောင်ထနေတယ်။ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မိုင်းနောင်ရွာဘေးက ဟောဒီချောင်းဟာ လွန်ခဲ့တဲ့ဆယ်နှစ်က လူတစ်ရပ်စာထက်မနည်း ရေစူးရှိတယ်ဆိုပေမယ့် အခုတော့ ချောင်းထဲဆင်းကြည့်ရင် ခြေမျက်စိပဲမြုပ်တော့တဲ့အနေအထားကို ရောက်လာပါပြီ။

ရွှေတူးဖော်မှု အကြီးအကျယ်လုပ်ကိုင်လို့ အခြေအနေပျက်သွားတဲ့ဒီချောင်းက ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်အတွင်းတည်ရှိတဲ့ မြန်မာပြည်ရဲ့ အကျယ်ဆုံးရေကန် အင်းတော်ကြီးရဲ့ ရေအရင်းအမြစ်တစ်ခုပါ။

အလျား ၁၄ မိုင်၊ အနံ ၇ မိုင် ကျယ်ဝန်းတဲ့အတွက် ကြည့်လိုက်ရင် ပင်လယ်ကြီးလိုဖြစ်နေတဲ့ အင်းတော်ကြီးကန်နဲ့ အဲဒီဝန်းကျင်မှာ လူတွေအပါအဝင် သတ္တဝါမျိုးစိတ်ရာပေါင်းများစွာ ခိုလှုံကျက်စားတယ်ဆိုတာကတော့ အံ့အားသင့်စရာအချက်ပါပဲ။

အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဟာ အမြဲစိမ်းတော ရေတိမ်ဂေဟစနစ်ဖြစ်ပြီး ငါးမျိုးစိတ်အရေအတွက်က ၆၄၊ ဆောင်းခိုငှက်တွေအပါအဝင် ငှက်အမျိုးပေါင်း ၄၄၈၊ ကုန်းနေရေနေ သတ္တဝါ ၃၄ မျိုး ကျက်စားတယ်လို့ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (Banca) ရဲ့ လွန်ခဲ့တဲ့ ၄ နှစ်က တွေ့ရှိချက်များက ဆိုပါတယ်။ တွားသွားသတ္တဝါအမျိုးပေါင်း ၄၁၊ လိပ်ပြာမျိုးစိတ်ပေါင်း ၅၀ တို့လည်း ရှိပါတယ်။

အမျိုးအစားများပြားလှတဲ့ သတ္တဝါမျိုးစုံ အမှီပြုရာ အင်းတော်ကြီးကို ပျက်စီးရာပျက်စီးကြောင်းပြုနေတဲ့ အရာနှစ်ခုကို အဲဒီဒေသရောက်စဉ် သတိပြုမိခဲ့ပါတယ်။

ကျွန်တော် မိုင်းနောင်ရွာဘေးကချောင်းတစ်လျှောက်ကို လမ်းလျှောက်ကြည့်တဲ့အခါ မြေတူးစက်တွေနဲ့ ချောင်းမြေတွေကို တူးဆွ၊ ရွှေကျင်နေတာတွေတွေ့ရပြီး ဒီဇယ်အင်ဂျင်စက်သံကလည်း ဆူညံနေပါတယ်။

အင်းတော်ကြီးကန်တစ်ခွင် သဘာဝပတ်ဝန်းကျင်နဲ့ သားငှက်ထိန်းသိမ်းရေးလုပ်နေတဲ့ Fauna & Flora International အဖွဲ့က ဒေသခံတာဝန်ခံတစ်ယောက်ဖြစ်တဲ့ ကိုရန်ခေါင်းက အင်းတော်ကြီးထဲစီးဝင်တဲ့ ဒီချောင်းအကြောင်း ပြောပြပါတယ်။

"ကျွန်တော်တို့ငယ်ငယ်တုန်းက ဒီချောင်းရေဟာ ကြည်စိမ်းနေတယ်။ အခုတော့ချောင်းရေဟာ သွေးရောင်လိုဖြစ်နေပြီ။ ချောင်းအထက်ဘက်မှာဆိုရင် တကယ့်ရွာကြီးလိုကို ရွှေတူးနေကြတာ။ ဒီရွှေတွင်းတူးတာကြောင့်ပဲ အင်းတော်ကြီးကန်ဟာ ပျက်စီးမယ့်အရေးကို စိုးရိမ်နေရပြီ" လို့ သူကဆိုပါတယ်။

အင်းတော်ကြီးကန် ဖွံ့ဖြိုးတိုးတက်ဖို့ရာမှာ ငြိမ်းချမ်းရေးကို ဘက်အားလုံးက လိုလိုချင်ချင်နဲ့ တည်ဆောက်ဖို့လိုအပ်သလို ကန်အနီးမှာ ရွှေတွင်းလုပ်ငန်းလိုမျိုး ပတ်ဝန်းကျင်ပျက်စီးစေမယ့် စီမံကိန်းမျိုးကို မပေါ်ပေါက်မှ ဖြစ်မှာပါ။ အင်းတော်ကြီးကန်ပတ်ဝန်းကျင်တွေက သစ်တောတွေ မပြုန်းတီးရအောင် ကာကွယ်ထိန်းသိမ်းဖို့လည်း လိုအပ်ပါတယ်။ ဒီသစ်တောတွေသာမရှိတော့ရင် အင်းလေးကန်ကဲ့သို့ ရေလျော့နည်းခန်းခြောက်မှု ပြဿနာတွေဖြစ်လာနိုင်ပါတယ်၊

အင်းတော်ကြီးကန်ရဲ့ ရေထဲကို ဒီရွှေမိုင်းတွင်းတွေက ထွက်တဲ့ အန္တရာယ်ကြီးစွန့်ပစ်ပစ္စည်းတွေ ဘယ်လောက်များ စိမ့်ဝင်နေသလဲဆိုတာကို လက်တွေ့စမ်းသပ်ပြီး သက်ဆိုင်ရာကိုတင်ပြတဲ့ အဖွဲ့အစည်းတွေရှိတာကို မကြားမိသေးပါဘူး။ ဒေသခံပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တွေမှာလည်း လုပ်ကိုင်နိုင်တဲ့အင်အားက အကန့်အသတ်တွေများစွာရှိနေတာကို တွေ့ခဲ့ရပါတယ်။

လူ့ပယောဂကြောင့် ရေထုပျက်စီးမှုဟာ ဒီဒေသကိုမှီခိုနေတဲ့ လူအပါအဝင် သတ္တဝါတွေအတွက် အန္တရာယ်သေချာပေါက် ရှိပါလိမ့်မယ်။

အဲဒီရွှေတွင်းတွေနဲ့ အင်းတော်ကြီးကန်က တပ်မတော်နဲ့က မိုင် ၂၀ ဝန်းကျင်သာ အကွာအဝေးရှိပေမယ့် ရွှေတွင်းတွေဆီကို သွားတဲ့လမ်းတစ်လျှောက်မှာတော့ စစ်ဆေးစိစစ်ပြီးမှ သွားလာခွင့်ပြုတယ်လို့ မိုင်းနောင်ရွာဒေသခံတွေက ပြောကြပါတယ်။

လွန်ခဲ့တဲ့တစ်နှစ်လောက်တုန်းက အင်းတော်ကြီးကန်အုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူတချို့ အဲဒီမိုင်းနော်ချောင်းအထက်ဘက်က ရွှေလုပ်ကွက်တွေကို သွားတဲ့အခါ လမ်းမှာ တားမြစ်ခြင်းကို ခံခဲ့ရဖူးတယ်လို့လည်း အင်းတော်ကြီးဘေးမဲ့ကန်အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးငွေးဝင်းက ကျွန်တော်နဲ့တွေ့စဉ်က ပြောပြခဲ့ခြင်း ဖြစ်ပါတယ်။

နိုင်ငံမှာ ရေတိမ်ဒေသ အများအပြားရှိပေမယ့် နိုင်ငံတကာအသိအမှတ်ပြု ရေတိမ်ဒေသကတော့ တစ်ခုပဲရှိပါသေးတယ်။ အဲဒါကတော့ ပဲခူးတိုင်းဒေသကြီးထဲက မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောပါပဲ။ မိုးယွင်းကြီးကို ရမ်ဆာရေတိမ်ဒေသအဖြစ် လွန်ခဲ့တဲ့ဆယ်နှစ်က သတ်မှတ်ခဲ့တာပါ။

အင်းတော်ကြီးလည်း ရေပျော်ငှက်နေရင်းဒေသအဖြစ် အရေးပါတဲ့ ရေတိမ်ဒေသလို့ သတ်မှတ်ခံရရင်နိုင်ငံတကာက အလေးထားထိန်းသိမ်းရေးလုပ်ငန်းတွေ ထိထိရောက်ရောက်လုပ်နိုင်မှာပါ။ အဲဒီလို သတ်မှတ်ခံရဖို့ ကြိုးစားပေမယ့် အဆင်မပြေသေးဘူးလို့ အင်းတော်ကြီးဘေးမဲ့ကန်အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးငွေးဝင်းက ပြောပါတယ်။

"ရွှေတွင်းတွေကြောင့်နဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေကြောင့် ကျွန်တော်တို့မှာ တိုးတက်ဖွံ့ဖြိုးအောင်လုပ်ဖို့ အရမ်းကိုအခက်တွေ့ကြရတယ်။ ဒီရွှေတွင်းရှိတဲ့ကြောင့်ပဲ ကမ္ဘာ့အမွေအနှစ်အင်းအဖြစ် ကျွန်တော်တို့တင်ပြခဲ့တာကို ကမ္ဘာ့အဖွဲ့အစည်းတွေက လက်မခံခဲ့ကြတာ" လို့ သူကဆိုပါတယ်။

"အင်းတော်ကြီးကန်ကို အမှီပြုပြီးတော့ တောင်ယာလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း အနည်းငယ်သာလုပ်ကိုင်ကြပြီး အများစုက ရွှေမိုင်းတွင်းနဲ့ ဖားကန့်ကျောက်စိမ်းမှော်တို့မှာ သွားရောက်လုပ်ကိုင်နေကြတာကို တွေ့ရပါတယ်။ ကျောက်တွင်း၊ ရွှေတွင်းဒေသမှာ ပိုပြီးပေါများတဲ့အရာကတော့ မူးယစ်ဆေးဝါးမျိုးစုံပါပဲ။

'ချောင်းအထက်ဘက်မှာဆိုရင် တကယ့်ရွာကြီးလိုကို ရွှေတူးနေကြတာ။ အဲဒီနေရာမှာဆိုရင် မူးယစ်ဆေးကအစ အကုန်လုံးရတယ်။ ဥပဒေဆိုတာ ဘာမှန်းကိုမသိတဲ့နေရာဖြစ်နေပြီ" လို့ Fauna & Flora International အဖွဲ့က ကိုရန်ခေါင်းက ဆိုပါတယ်။

ဆေးစွဲသူတွေ ဆန္ဒပြည့်ဖို့လိုအပ်တာကတော့ ငွေကြေးပါပဲ။ ဒီလိုနဲ့ ငွေရလွယ်တဲ့ သတ္တုတူးဖော်ရေး၊ ကျောက်တွင်း၊ သစ်လုပ်ငန်းတွေဟာ မူးယစ်ဆေးဝါးကိစ္စနဲ့ မဖြစ်မနေ ဆက်စပ်နေပါတော့တယ်။

ဒီကချင်ဒေသရဲ့ သဘာဝသယံဇာတတွေ စနစ်တကျထုတ်လုပ်မှုမရှိတာ၊ ဒေသခံတို့ ရွေးချယ်စရာအခွင့်အလမ်းမရှိတာ မြန်မာပြည်က တခြားဒေသတွေလိုပဲ ဒီမှာလည်း ဒေသခံအများအပြား မူးယစ်ဆေးနွံထဲ ကျွံဝင်နေတာတွေကိုစဉ်းစားရင်းတောက်ပနေတဲ့ အင်းတော်ကြီးကန်ရေပြင်ပေါ်မှာ သက်ပြင်းအကြိမ်ကြိမ်ချခဲ့မိပါတယ်။

> **အင်းတော်ကြီးလည်း ရေပျော်ငှက်နေရင်းဒေသအဖြစ် အရေးပါတဲ့ ရေတိမ်ဒေသလို့ သတ်မှတ်ခံရရင် နိုင်ငံတကာက အလေးထားထိန်းသိမ်းရေးလုပ်ငန်းတွေ ထိထိရောက်ရောက် လုပ်နိုင်မှာပါ။**



---

## ဖလမ်း၌ကလေးအဝအလှနှင့် စံပြမိခင်ပြိုင်ပွဲကျင်းပ

**ဖလမ်း ဇန်နဝါရီ ၆**

ဖလမ်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးတာဝန်ခံ ဒေါ်လာလ်နယ်ပွီး၊ သူနာပြု (၁) ဒေါ်သုန်ကြွန်းနှင့် ဖလမ်းမြို့ပြည်သူ့ဆေးရုံကြီး လက်ထောက်ဆရာဝန် ဒေါက်တာဂင်ရှန်ခိုင်၊ ဒေါက်တာဂင်ရှန်မွာလ်နှင့် သားဖွားဆရာမများ ပူးပေါင်းပြီး (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကလေးကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှုနှင့် စံပြမိခင်ပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက ဖလမ်းမြို့ မြို့နယ်ခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ဆက်လက်၍ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အသက်တစ်နှစ်ခွဲကလေးငယ်များ ၃၀ တို့၏ အရပ်အမြင့်၊ ကိုယ်ခန္ဓာအလေးချိန်များတိုင်းပေးပြီး ကိုယ်ခန္ဓာဖွံ့ဖြိုးမှု၊ တစ်ကိုယ်ရေသန့်ရှင်းခြင်း၊ အသိဉာဏ်ဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးများကို လက်ထောက်ဆရာဝန်တို့က အမှတ်ပေးစစ်ဆေးပေးခဲ့သည်။

ယင်းနောက် စံပြမိခင်အတွက် ကလေးများ ရောဂါကာကွယ်နိုင်ရန်အတွက် အစားအစာ ရှောင်ရန်၊ ဆောင်ရန်အချက်များကို မေးခွန်းထုတ်ဆန်းစစ်ကာ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ကျေးရွာချင်းဆက် ကျောက်ချောလမ်းနှင့် စက်ရေတွင်းဖွင့်ပွဲကျင်းပ

**ကန်ကြီးထောင့် ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ဝက်ထိုး-သာယာကွင်း ကျေးရွာချင်းဆက် ကျောက်ချောလမ်းနှင့် ဝက်ထိုးကျေးရွာ လေးလက်မစက်ရေတွင်းအား ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) နံနက် ၉ နာရီတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းစက်ရေတွင်းအား ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ကျိုင်းတောင်း–ခိုလမ်း လမ်းမကြီး အဆင့်မြှင့်တင်ဆောင်ရွက်မှုပြီးစီး



**ကျိုင်းတောင်း ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် ကျိုင်းတောင်းမြို့နှင့် ခိုလမ်းမြို့ ဆက်သွယ်သွားလာလျက်ရှိသော ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယခုနှစ်၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ကျိုင်းတောင်းဒေသတစ်ဦးက "ကျွန်တော်တို့ ကျိုင်းတောင်းက အရင်လမ်းပန်းဆက်သွယ်ရေး မကောင်းခဲ့တဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအစ အခက်အခဲတွေရှိပါတယ်။ မိုးတွင်းဆို ရွှံ့ထူထပ်ပြီး သွားလာတဲ့အခါ ဆိုင်ကယ် ဖြစ်စေ ကားဖြစ်စေ မလွယ်ကူလှပါဘူး။ အခုဆို ကတ္တရာ လမ်းခင်းပြီးသွားတော့ သွားလာရတာ ကားလိုင်းပြေးဆွဲလို့လည်း ပိုမိုအဆင်ပြေနေပါပြီ" ဟု ပြောသည်။

အဆိုပါလမ်းသည် ကျိုင်းတောင်းမြို့ရှိ ပြည်သူလူထုအတွက် အဓိကလမ်းမကြီးဖြစ်ပြီး ယခင်က ကားဖြင့်ခရီးသွားလာပါက ခိုလမ်းမြို့သို့ လေးနာရီကျော် မောင်းနှင်ရပြီး ယခုအခါ တစ်နာရီနှင့် ခရီးရောက်ပြီဖြစ်သည်။ **ကျိုင်းတောင်း(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့တွင် မြို့တစ်ပတ်အပြေးပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပ

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပရဟိတလူမှုကူညီရေးအသင်းများကွန်ရက်နှင့် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မြို့တစ်ပတ်အပြေးပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၆ နာရီက ရှုခင်းသာပန်းခြံရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်မှ စတင်တာလွှတ်ခဲ့ရာ အားကစားဝါသနာရှင် စုစုပေါင်း ၁၃၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

အပြေးပြိုင်ပွဲကို အသက်(၁၃)နှစ်အထက် ကျားအကြီးတန်း၊ အသက်(၁၃)နှစ်အောက် ကျားအငယ်တန်းနှင့် အမျိုးသမီးအလွတ်တန်းဟူ၍ အတန်းသုံးတန်း ခွဲခြားယှဉ်ပြိုင်စေပြီး၊ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ရှေ့ ရန်-ပြည်-မန်းလမ်းမှ မြောက်ဘက်သို့စတင်တာလွှတ်ပြီး၊ လွတ်လပ်ရေးလမ်းမှ စည်ပင်သာယာဈေး၊ဈေးမှတစ်ဆင့် ဗိုလ်ချုပ်လမ်းသို့ဝင်၍ ၎င်းမှ မိတ္ထီလာ-ရေနံချောင်းလမ်းအတိုင်း ဘူတာလမ်းဆုံသို့ရောက်ရှိပြီး၊ ဘူတာလမ်းဆုံမှ ရန်-ပြည်-မန်းလမ်းအတိုင်း ပြန်လည်ဝင်ရောက်၍ ဗိုလ်ချုပ်ကြေးရုပ်တွင် ပြန်လည်ပန်း ဝင်ခဲ့ကြကြောင်း သိရသည်။

ဆုများအဖြစ် ပထမဆုငွေကျပ် ၅၀၀၀၀ နှင့် အားကစားဝတ်စုံတစ်စုံ၊ ဒုတိယဆု ငွေကျပ် ၃၀၀၀၀ နှင့်အားကစားဝတ်စုံ တစ်စုံ၊ တတိယဆု ငွေကျပ် ၂၀၀၀၀ နှင့် အားကစားဝတ်စုံတစ်စုံနှင့် နှစ်သိမ့်ဆုအဖြစ် အားကစားဝတ်စုံတစ်စုံစီကို ကျားကြီးတန်းအတွက် နှစ်ဆု၊ ကျားငယ်တန်းအတွက်ငါးဆုနှင့် မ အလွတ်တန်းအတွက်ငါးဆုတို့ကို ပရဟိတလူမှုကူညီရေးအသင်းများမှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## မင်းတပ်မြို့အ–လ–က တပ်မြေတပ်ကျောင်း၌ ကျောင်းသားစုံညီပွဲတော်ကျင်းပ

**မင်းတပ် ဇန်နဝါရီ ၆**

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၅ ရက် နံနက် ၁၁ နာရီတွင် မင်းတပ်မြို့ အနောက်ရပ်ကွက်ရှိ အ-လ-က တပ်မြေကျောင်း၌ ကျောင်းသားစုံညီပွဲတော်ကို ကျင်းပခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဦးဗန်လ်ဘိခ်နှင့် မြို့နယ်ပညာရေးမှူး ဦးအောင်ဇော်ဝင်းတို့က အဖွင့်အမှာစကား ပြောကြားပြီးနောက် အ-လ-ကတပ်မြေ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထန်းကွဲက ကျောင်းသားစုံညီပွဲတော် ကျင်းပရခြင်းအကြောင်းနှင့်ပတ်သက်၍ပြောကြားခဲ့သည်။

ယင်းကျောင်းသားစုံညီပွဲတော် အခမ်းအနားတွင်(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျောင်းသားစုံညီပွဲတော်တို့အတွက် ကျင်းပခဲ့သည့် ကျောင်းတွင်း စာစီစာကုံး၊ ကဗျာ၊ ကာတွန်း၊ ကျပန်းစကားပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲတို့တွင် ထူးချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများချီးမြှင့်ခဲ့ကြပြီးနောက် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ဖရူဆိုမြို့၌ကျင်းပ

**ဖရူဆို ဇန်နဝါရီ ၆**

ကယားပြည်နယ် ဖရူဆိုမြို့နယ် မြို့မကျေးရွာအုပ်စု လောဂျာကျေးရွာ ချမ်းမြေ့ရိပ်မွန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ဖရူဆိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ခင်နှင့် ချမ်းမြေ့ရိပ်မွန်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးလေးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ကျေးလက်နေပြည်သူများ စာဖတ်ခြင်းအလေ့အထများ ရရှိစေရေးနှင့်ပတ်သက်သည်များ ပြောကြားသွားပြီး လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးက စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်ပေးရသည့် အကြောင်းနှင့် ရှေ့ဆက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းဆွေးနွေးသွားသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အား နိုင်ငံတော်မှ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၂၀ ဖြင့် ထောက်ပံ့ကူညီပေးခဲ့ခြင်းဖြစ်ရာ နောင်တွင် ကျေးရွာရှိဒေသခံပြည်သူများအဖို့ စာပေဗဟုသုတများ တိုးပွားရရှိစေတော့မည်။ ပညာပြည့်ဝ နှလုံးလှကြတော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

## ကျိုင်းတောင်း–မိုးနဲကတ္တရာလမ်းခင်းကျင်းခြင်းလုပ်ငန်းများပြီးစီး

**ကျိုင်းတောင်း ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင်အတွင်းရှိ ကျိုင်းတောင်း-မိုးနဲလမ်းပိုင်းကို ၂၀၁၅-၂၀၁၆ အတွင်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

အဆိုပါ ကျိုင်းတောင်း-မိုးနဲလမ်းသည် နေ့စဉ် မော်တော်ယာဉ်များ နေ့၊ ညမရွေး သွားလာလျက်ရှိသည့် လမ်းလည်းဖြစ်ပြီး ယခုအခါ ကတ္တရာလမ်းအဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးရာတွင် ယာဉ်မောင်းသူများအနေဖြင့် အဆိုပါလမ်းပိုင်းတွင် ယာဉ်များသွားလာလွယ်ကူ ချောမွေ့နေပြီး ယာဉ်မောင်းချိန်နည်းပါးလာကာ ပင်ပန်းမှုမှာလည်း သက်သာမှုရှိကြောင်း သိရသည်။

ဒေသခံယာဉ်မောင်းတစ်ဦးကလည်း "အရင်က ကျိုင်းတောင်းမြို့ကနေ မိုးနဲမြို့ကိုသွားရင် ယာဉ်မောင်းချိန် သုံးနာရီလောက်ကြာတာကနေ အခုတော့ အချိန်တစ်နာရီခွဲလောက်နဲ့ ရောက်နေတော့ အချိန်တစ်နာရီခွဲလောက် သက်သာသွားတယ်။ လမ်းလည်းကောင်းသွားတယ်" ဟု ပြောပြသည်။

**ကျိုင်းတောင်း(ပြန်/ဆက်)**



## လွတ်လပ်ရေးနေ့ပြခန်းကြည့်ရှုသူ ကျောင်းသား၊ ကျောင်းသူများဖြင့် စည်ကား

**လွိုင်လင် ဇန်နဝါရီ ၆**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လွိုင်လင်ခရိုင်ရုံးတွင် ခင်းကျင်းပြသထားရာ ဇန်နဝါရီ ၅ ရက်က ကျောင်းသား၊ ကျောင်းသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြခန်းတွင် နိုင်ငံတော်လွတ်လပ်ရေး သမိုင်းကြောင်းများနှင့် ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မှတ်တမ်းများ၊ ဒေသတွင်း လူထုလှုပ်ရှားမှုမှတ်တမ်းများ ပန်းချီ၊ ကာတွန်း၊ ပိုစတာများကို ဝေဝေဆာဆာ ခင်းကျင်းပြသထားသည့်အပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာကြည့်တိုက် လုပ်ငန်းများနှင့် ဘာသာရပ်အလိုက် စာအုပ်စာစောင်များကို ပြသထားရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်တစား ကြည့်ရှုလေ့လာမှတ်သားကြကြောင်း သိရသည်။

**မိုးလွင်ဦး (လွိုင်လင်)**

## မြိတ်မြို့နယ်၌ စိုက်ပျိုးမွေးမြူရေးသင်တန်းဖွင့်လှစ်

**မြိတ် ဇန်နဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သဘွတ်ကျေးရွာအုပ်စု သဘွတ်ကျေးရွာ သဘွတ်ကျောင်းကြီးတိုက် ဓမ္မာရုံ၌ ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေး၊ မွေးမြူရေး သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြိတ်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်း၊ မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးအေးနိုင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်မျိုးစေ့တာဝန်ခံ ဦးကျော်သိန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်စိုး၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဇော်ဦး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သဘွတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်၊ ရပ်မိရပ်ဖများ၊ သင်တန်းနည်းပြဆရာ၊ဆရာမငါးဦး၊ သင်တန်းသား၊ သင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်းက အဖွင့်အမှာ စကားပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သဘွတ်ကျေးရွာအုပ်စုအတွင်းရှိ သဘွတ်ကျေးရွာ၊ ပရည်တောင်ကျေးရွာ၊ ဝန်မယ်ကျေးရွာတို့မှ အမျိုးသား၊ အမျိုးသမီးသင်တန်းသူ ၆၀ တို့အား သင်တန်းနည်းပြ ဆရာ၊ ဆရာမငါးဦးတို့က ဇန်နဝါရီ ၅ရက်မှ ၉ ရက်အထိ ငါးရက်ကြာ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပေးသွားမည်ဖြစ်သည်။

ယင်းစိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းတွင် ဘဲမွေးမြူရေးနှင့် ဘဲရောဂါအကြောင်း၊ ဇီဝလုံခြုံရေးဆိုင်ရာ သဘောတရား၊ တိရစ္ဆာန်များနှင့်ရောဂါပိုးများ ထိတွေ့ကူးစက်စေနိုင်သည့် အကြောင်းအရင်းများ၊ ကျွဲ၊ နွား၊ ဝက်ရောဂါများအကြောင်းသိကောင်းစရာများ၊ မွေးမြူရေးခြံများတွင် ရောဂါပိုးမွှားများ ကင်းရှင်းရေး ဆောင်ရွက်ချက်များနှင့် မျိုးစေ့ဥပဒေအကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များကို တိုးတက်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက်များအကြောင်းတို့ကို သက်ဆိုင်ရာ ခေါင်းစဉ်များဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# နေပြည်တော်တွင် ဖေယျာဦးဖောင်ဒေးရှင်း၏ ဓမ္မစကူးကျောင်းများပဠာန်းရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် နန်းဦးပရိယတ္တိ စာသင်တိုက် ဓမ္မာရုံအတွင်း၌ ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီတွင် ဖေယျာဦးဖောင်ဒေးရှင်း၏ ပထမအကြိမ် ဓမ္မစကူးကျောင်းများ ပဠာန်းရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား စီစဉ်ကျင်းပခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အလှူရှင် ဖေယျာဦးဖောင်ဒေးရှင်းမိသားစုက ပထမဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ် နန်းဦး ဓမ္မစကူးကျောင်းအား ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆုရရှိသည့် ဖေယျာသီရိမြို့နယ် ရှမ်းရွာ ဓမ္မစကူးလ်ကျောင်းအား ငွေကျပ်ငါးသိန်း၊ တတိယဆုရရှိသည့် ဇမ္ဗူသီရိမြို့၊ မဟာဝိဇိတာရုံ ဓမ္မစကူးကျောင်းအား ငွေကျပ် သုံးသိန်းငါးသောင်း၊ နှစ်သိမ့်ဆု ရရှိသည့် ဓမ္မစကူးကျောင်း ခြောက်ကျောင်းအား တစ်ကျောင်းလျှင် ငွေကျပ်နှစ်သိန်းစီ နှစ်သိမ့်ဆုရ ခြောက်ကျောင်း အနက်မှ အထူးဆုရ နှစ်ကျောင်းအား ဆုတော်ငွေကျပ် တစ်သိန်းစီနှင့် အကောင်းဆုံးဆရာဆုရ နန်းဦးကျောင်းမှ ဆရာမ ဒေါ်သင်းသင်း အောင်အား ငွေကျပ် သုံးသိန်း အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဇမ္ဗူသီရိမြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ၊ မဟာဝိဇိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တကဝိန္ဒအမျှုးရှိသော မြို့နယ်သံဃနာယကဆရာတော်များ၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဓမ္မစကူးကျောင်းများမှ ဆရာတော်များ စုစုပေါင်း သံဃာတော် ၂၅ ပါး ကြွရောက်တော်မူကြပြီး အလှူရှင် ဖေယျာဦးဖောင်ဒေးရှင်း မိသားစုနှင့် ပဠာန်းရွတ်ဆိုပြိုင်ပွဲဝင် ဓမ္မစကူးကျောင်းကိုးကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများနှင့် ဆရာ၊ ဆရာမ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့သည်။

ဖေယျာဦးဖောင်ဒေးရှင်း၏ ပထမအကြိမ် ဓမ္မစကူးကျောင်းများ ပဠာန်းရွတ်ဆိုပြိုင်ပွဲကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် နှင့် ဒီဇင်ဘာ ၃၁ ရက်တို့တွင် ဇမ္ဗူသီရိမြို့ နန်းဦးပရိယတ္တိစာသင်တိုက်၌ ကျင်းပခဲ့ရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အတွင်းရှိ ဓမ္မစကူးကျောင်း ကိုးကျောင်းမှ တစ်ကျောင်းလျှင် ကျောင်းသား၊ ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သန့်မောင်(ပြန်/ဆက်)**

## ရေပေးရေးဖွင့်ပွဲ အခမ်းအနားမိုင်းဖြတ်၌ကျင်းပ

**မိုင်းဖြတ် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့တွင် ကျေးလက်ဒေသခံပြည်သူများ သောက်သုံးရေဖူလုံမှုရှိစေရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှကြီးမှူး၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော စိမ့်စမ်းရေပေးရေးဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီက နားလီးကျေးရွာ အုတ်ရေလှောင်ကန်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်မြင့်ကျော်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးဦးစိုင်းလောဝ်မှိုင်းနှင့် ကျေးရွာသူကြီး ဦးမျိုးတင့်တို့က ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်မြင့်ကျော်နှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသားများ တက်ရောက်ကြသည်။

အဆိုပါ ၂၀၁၅ ၂၀၁၆ ဘဏ္ဍာနှစ်ရန်ပုံငွေကျပ် သန်း ၂၄ ဒသမ ၅၆၉၆ ဖြင့် ဆောင်ရွက်ပေးခဲ့သော စိမ့်စမ်းရေပေးရေးလုပ်ငန်းသည် နားလီးကျေးရွာ အနီးတွင်ရှိပြီး ဂါလန် ၅၀၀၀ ခန့်ဆံ့သော အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၆ ပေရှိ အုတ်ရေလှောင်ကန်ဆောက်လုပ်ဆောင်ရွက်ထားရှိသည်။ ယင်းရေလှောင်ကန်မှ အိမ်ခြေ ၁၅ အိမ်အား ရေများ ဖြန့်ဝေပေးနိုင်ပြီဖြစ်၍ မိသားစုများ ရေဖူလုံမှုရှိလာသဖြင့် များစွာဝမ်းသာပီတိဖြစ်ရကြောင်း ဒေသခံတစ်ဦးကပြော သည်။

**ရှောလမွန်(ပြန်/ဆက်)**

❒



## ကနီမြို့ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ကနီ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ မြို့နယ်စည်ပင်သာယာနှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများပူးပေါင်း၍ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုတွင် မြို့နယ်ဌာနဆိုင်ရာများနှင့် ပြည်သူများက ဆေးရုံဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းကာ အမှိုက်များကို မြို့နယ်စည်ပင်သာယာကားဖြင့် စနစ်တကျ သယ်ယူခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေမာန္တယ်နှင့် ဆေးရုံဝန်ထမ်းများက သန့်ရှင်းရေးဆောင်ရွက်သူများကို မုန့်ဟင်းခါးများ ကုသိုလ်ပြုကျွေးမွေးခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## မန္တလေးတိုင်းဒေသကြီးတွင် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်

**မန္တလေး ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီးတွင် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်နှင့် အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မန္တလေးမြို့ရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ၊ ဆုရရှိသူများတက်ရောက်ကြသည်။ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်က ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ရတနာပုံစီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆုချီးမြှင့်ခြင်းခံရသည့် လူပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရတနာပုံစီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆုရရှိသူကိုးဦးအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုချီးမြှင့်ပြီး တိုင်းဒေသကြီး ဝန်ကြီးများက စိုက်ပျိုးရေးဆိုင်ရာထူးချွန်ဆုရရှိသူရှစ်ဦး၊ မွေးမြူရေးဆိုင်ရာ ထူးချွန်ဆုရရှိသူနှစ်ဦး၊ ပညာရေးဆိုင်ရာ ထူးချွန်ဆုရရှိသူငါးဦး၊ ကျန်းမာရေးဆိုင်ရာ ထူးချွန်ဆုရရှိသူနှစ်ဦး၊ သုတေသနဆိုင်ရာ ထူးချွန်ဆုရရှိသူနှစ်ဦး၊ စက်မှုလက်မှုဆိုင်ရာ ထူးချွန်ဆုရရှိသူသုံးဦး၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆုရရှိသူ ၄၂ ဦး၊ ပညာရေးဆိုင်ရာ ဂုဏ်ပြုလက်မှတ် ချီးမြှင့်ခံရသူလေးဦး၊ သုတေသနဆိုင်ရာ ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခံရသူတစ်ဦး၊ လူမှုရေးဆိုင်ရာ ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခံရသူ ၁၉၉ ဦးတို့အား ဆုများချီးမြှင့်ခဲ့သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးခန်းမတွင်လည်း နံနက် ၁၀ နာရီက ရတနာပုံလူမှုရေးဆိုင်ရာ ထူးချွန်ဆုရရှိသည့် မိုးကုတ်မြို့ ညောင်သုံးပင်ဆရာတော်ဒေါက်တာဘဒ္ဒန္တတေဇောသာရာဘိဝံသ၊ ကျောက်ဆည်မြို့ ဆင်ဖြူချပ်ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာတော်နှင့် မြဝတီသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီးတို့အား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုဆက်ကပ်ခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရမည်းသင်း ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းကျေးရွာ မုဋ္ဌလိန္ဒာပရိယတ္တိစာသင်တိုက် နှင့် ရမည်းသင်းမြို့ ပျဉ်တပ်ရပ် ရန်အောင်မင်းကျောင်း ပရိယတ္တိစာသင်တိုက်တို့မှ သံဃာတော်အပါး ၂၂၀ တို့သည်ရမည်းသင်းမြို့ပေါ်ရပ်ကွက်သို့ တစ်နှစ်တစ်ကြိမ်ကြွရောက် ဆွမ်းဆန်စိမ်းအလှူခံရာ (၃၆)နှစ်မြောက် ရှိပြီဖြစ်သည်။

ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီတွင် စတင်၍ ဆွမ်းဆန်စိမ်းအလှူခံထွက်ရာ ညနေ(၅)နာရီ တွင် ရန်အောင်မြင်သာသနာဗိမာန်သို့ ပြန်လည်ရောက်ရှိကြပြီးအလှူခံရရှိသော ဆွမ်းဆန်စိမ်း ၄၀၉ တင်း ရှစ်ပြည် တန်ဖိုး ကျပ် ၆၅၅၂၀၀၀၊ ငွေသားအလှူခံရရှိငွေ ကျပ် ၃၂၂၄၇၅၀ အခြားပစ္စည်းစုံတန်ဖိုး ကျပ် ၈၃၂၅၀၀ စုစုပေါင်းကျပ် ၁၀၆၀၉၂၅၀ အလှူခံရရှိကြောင်း သိရသည်။

လှူဒါန်းမှုအစုစုကို တိုက်အုပ်ဆရာတော်ထံမှ ရေစက်ချတရားတော်များနာယူ၍ အလှူရှင်များ အမျှအတန်းပေးဝေ သာဓုခေါ်ဆိုခဲ့ကြကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

## စိန်ဂေဟာမိသားစုများနှင့် ရန်ကုန်ဂေါ်ရခါးလူငယ်အဖွဲ့တို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၆**

စိန်ဂေဟာဝန်ထမ်းမိသားစုများ ဈေးဝယ်သူများ၏ စတုတ္ထအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲနှင့် ရန်ကုန်ဗုဒ္ဓဘာသာ ဂေါ်ရခါးလူငယ်များ၊ လူမှုရေးအသင်းတို့၏ စုပေါင်းသွေးလှူဒါန်းပွဲများကို ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကျင်းပခဲ့ကြောင်း သိရသည်။

စိန်ဂေဟာ Shopping Centre မိသားစုဝင်များ၏ သွေးလှူဒါန်းပွဲတွင် Customer များ ဦးရေ ၂၀၀ ကျော်နှင့် စိန်ဂေဟာ ဝန်ထမ်းပေါင်း ၁၅၀ ကျော် စုစုပေါင်း ၃၅၀ ကျော်ပါဝင်၍ သွေးများလှူဒါန်းခဲ့ပြီး သွေးလှူရှင်များအား သွေးလှူဒါန်းမှု အမှတ်တရအဖြစ် တီရှပ်အင်္ကျီများ၊ မာမားခေါက်ဆွဲ၊ Alpine ရေသန့်၊ FRESKO Cookie Premier နို့မှုန့်တို့အား အာဟာရလက်ဆောင်များအဖြစ်ပေးအပ်ခဲ့ပြီး သွေးလှူရှင် Customer များ အဆင်ပြေစေရန်အတွက် အသွားအပြန် Shutter Bus များဖြင့် စီစဉ်ပေးခဲ့ကြကြောင်းသိရသည်။

ရန်ကုန်ဂေါ်ရခါး လူငယ်များ လူမှုရေးအသင်းမှ သွေးလှူဒါန်းမှုတွင် နံနက် ၁၁ နာရီအထိ ကျား၊ မ ၅၀ ခန့် သွေးလှူဒါန်းခဲ့သည်။

ဂေါ်ရခါးလူငယ်များ ပရဟိတလူမှုရေးအသင်းသည် နှစ်စဉ်နှစ်တိုင်း အာဇာနည်နေ့နှင့် လွတ်လပ်ရေးနေ့များတွင် အသင်းသူ၊ အသင်းသားများက သွေးလှူဒါန်းလိုသည့် စေတနာရှင်များနှင့်အတူ ရန်ကုန်ဆေးရုံကြီး သွေးဌာနသို့ အမြဲလာရောက် လှူဒါန်းသည်ဟု သိရသည်။

ဂေါ်ရခါးလူငယ်အဖွဲ့သည် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေဘေး၊ လေဘေး၊ မီးဘေးနှင့် သဘာဝမြေပြိုမှုများ ဖြစ်ပွားခဲ့သည့် ချင်းပြည်နယ် ကလေးဒေသများသို့လည်း သွားရောက်ကူညီလှူဒါန်းခဲ့သည်ဟု သိရသည်။

**သန်းဦးလှိုင်**



# မင်္ဂလာဒုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၆**

မင်္ဂလာဒုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက မြို့နယ်စစ်မှုထမ်းဟောင်းရုံးတွင်ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့နာယက ဒုတိယဗိုလ်မှူးကြီးနေထွန်း(ငြိမ်း)နှင့် ဥက္ကဋ္ဌဗိုလ်မှူးအောင်လှ(ငြိမ်း)တို့က အမှာစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် မော်ကွန်းဝင် ၁၀ ဦး၊ အသက် ၈၀ နှစ်အထက်အဖွဲ့ဝင် ၁၈၈ ဦး၊ မသန်စွမ်းအဖွဲ့ဝင် ၁၄၀ ဦးနှင့် နယ်မြေခွဲစည်းရုံးရေးမှူး ၁၂ ဦးတို့အား ထောက်ပံ့ချီးမြှင့်ငွေစုစုပေါင်း ကျပ် ၂၂၃၈၀၀၀ ကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နာယကများ၊ မြို့နယ်ဥက္ကဋ္ဌနှင့်စည်းရုံးရေးကော်မတီဝင်များ၊ အဖွဲ့ဝင်များနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြပြီး အခမ်းအနားသို့တက်ရောက်လာသူများကို မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးကြကြောင်း သိရသည်။

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ခြင်းကို (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၃ ရက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်သုည**

# ဒိုက်ဦးမြို့၌ စက်ရေတွင်းဖွင့်ပွဲကျင်းပ

**ဒိုက်ဦး ဇန်နဝါရီ ၆**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကြိမ်နီချောင်းကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကြိမ်နီချောင်းကျေးရွာရှိ စက်ရေတွင်းမုခ်ဦး၌ ပြုလုပ်သည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိန်းက စက်ရေတွင်းနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ စက်ရေတွင်းသည် တွင်းနက်အမျိုးအစားဖြစ်ပြီး ရေဂါလန် ၂၀၀၀ ဆံ့ အုတ်ကန်ဖြင့် အားကောင်းသော အင်ဂျင်၊ ဒိုင်နမို၊ ရေမြုပ်ပန့်နှင့် မော်တာများကို တပ်ဆင်ထားကာ ရေထွက်နှုန်း ၁၅၀၀ ဂျီပီအိပ်ရှိကြောင်း သိရသည်။ စက်ရေတွင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၉၇၅၀၀၀၀ ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ကြိမ်နီချောင်းကျေးရွာရှိ ပြည်သူများသောက်သုံးရေ လုံလောက်စွာ ရရှိသည့်အတွက် ဒေသခံပြည်သူများ ဝမ်းသာကြည်နူးလျက်ရှိကြောင်း သိရသည်။

**ကိုကိုရှုပ**



နွားထိုးကြီးအားကစားအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားဝန်ကြီးဌာနက ဘောလုံးကွင်းအုတ်တံတိုင်းကာရံခြင်း၊ အားကစားမှူးနေအိမ်ဆောက်လုပ်ခြင်း၊ အားကစားပွဲကြည့်စင်ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်နေကြောင်း သိရသည်။ အားကစားဝန်ကြီးဌာနက ယမန်နှစ်က ခွင့်ပြုငွေကျပ်သိန်း ၃၅၀ ဖြင့် မြို့နယ်အားကစားခန်းမအား အကြီးစားပြင်ဆင်ထိန်းသိမ်းပြီး ယခုနှစ်တွင် ဘောလုံးကွင်းလုံခြုံရေးအတွက် အုတ်တံတိုင်းကာရံခြင်း၊ သံဆူးကြိုးကာရံခြင်းများ ပြုလုပ်မည်ဖြစ်သည်။

သတင်းနှင့် ဓာတ်ပုံ- ငွေးမြင့်မောင်

# လင်းရောင်စုံစာကြည့်တိုက် နှစ်ပတ်လည်နှင့် အဆောက်အအုံဖွင့်ပွဲ စာပေဟောပြောပွဲ ကျင်းပ

**ပခုက္ကူ ဇန်နဝါရီ ၆**

ပခုက္ကူမြို့နယ် ညောင်လှအုပ်စု ညောင်လှကျေးရွာ စာကြည့်တိုက် လေးနှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် အဆောက်အအုံသစ်ဖွင့်ပွဲအထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၄ ရက် ည ၇ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ စာပေဟောပြောပွဲတွင် ဆရာအကြည်တော်မှ 'လမ်းနှစ်သွယ်' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာညီပုလေးမှ 'ပြည်သူထဲကဝတ္ထုများ' ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရသည်။

အဆိုပါဟောပြောပွဲသို့ ညောင်လှကျေးရွာနှင့်ကျေးရွာဘေးရှိ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြပြီး စာပေဟောပြောပွဲကို ညောင်လှကျေးရွာ လူငယ်များအဖွဲ့မှ ကျင်းပခဲ့ကြောင်း သိရသည်။

စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လူငယ်များကို လက်တွဲခေါ်ဆောင်သွားမည်ဖြစ်ပြီး လင်းရောင်စုံ အဆောက်အအုံသစ်ဆောက်လုပ်ရာတွင် စုစုပေါင်းငွေကျပ် ၂၇ သိန်း ကုန်ကျခဲ့ကြောင်း စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းဦးထံမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျိုက်မရော ဇန်နဝါရီ ၆**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျိုက်မရောမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ရှင်စောပု-စံပယ်ဂူလမ်းတွင် တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဒီဇင်ဘာလအတွင်းက မြို့နယ်ဦးစီးမှူးဦးပြည့်စုံဦးနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကျေးလက်ဦးစီး)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**အင်းတော် ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်၌ မိုးပွင့်အထူးစီမံချက်အပိုင်း (၂) ဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းမြစိုးလှိုင်နှင့် ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ အထက်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ)၊ အလယ်တန်းကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) နှင့် ဘုန်းတော်ကြီးပညာသင်ကျောင်းများအပါအဝင် ကျောင်းပေါင်း ၃၁ ကျောင်းရှိ အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား ဒီဇင်ဘာ ၁ ရက်မှစ၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၃၁ ရက်ထိ ကျောင်းသား၊ ကျောင်းသူ ၂၀၃၀ ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

# ကံမမြို့၌ (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အဖြစ် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲ ကျင်းပ

**ကံမ ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ ပြည်သူ့အားကစားကွင်းတွင် (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် မွန်းလွဲပိုင်းတွင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့အားကိုယ်စားပြု၍ အမျိုးသမီးငယ် ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ပြီး ဆုရရှိသူများအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၏ဇနီး မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ငွေးငွေးလွင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**



## ဖတ်စရာ




à ဖူးပွင့်နေခြည်(မကွေး)

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် မိရိုးဖလာ တိုင်းရင်းဆေးအဖြစ်အသုံးပြုလေ့ရှိသော ရဲယိုပင်များကို အိမ်တိုင်းလိုလိုစိုက်ပျိုးလေ့ရှိပြီး အချို့မှာ တိုင်းရင်းဆေးဖော်စပ်ရန် ဆေးဖက်ဝင် ဈေးကွက်ဝင်အပင်အဖြစ် တစ်ပိုင်တစ်နိုင်စီးပွားဖြစ် စိုက်ခင်းပျိုးထောင်ခြင်းများလည်းရှိကြောင်း သိရသည်။

ရဲယိုသည် ဆေးဖက်ဝင်အပင်အဖြစ်လူသိများပြီး စူးရှသောရနံ့ရှိကာ ရာသီမရွေး၊ အရပ်ဒေသမရွေး စိုက်ပျိုးနိုင်သည်။ ရဲယို၏ အသီး၊ အပွင့်၊ အရွက်၊ အခေါက်၊ အမြစ် (ပဉ္စငါးပါးစလုံး)သည် လွင့်ပစ်ရက်စရာမရှိအောင် လူ့ကျန်းမာရေးကို အထောက်အကူပြု၍ အကျိုးကျေးဇူးများလှသည်။ ရဲယိုကို အိန္ဒိယတွင် 'အင်ဒီးယန်းမာလ်ဘာရီသီး' ဟုလည်းကောင်း၊ ဟာဝိုင်ယီကျွန်းတွင် နော်နီ (Noni) ဟုလည်းကောင်း ခေါ်ဝေါ်ကြ သည်။ နော်နီ(ဝါ) ရဲယိုသည် ပြင်သစ်ပိုလီနီရှားကျွန်းစုများ၊ မာရှယ်ကျွန်းစုများနှင့် ပစိဖိတ်ကျွန်းစုများတွင် ပေါက်ရောက်သော ဒေသမျိုးရင်းအပင်တစ်မျိုးဖြစ်ကာ ယင်းဒေသခံများ၏ တိုင်းရင်းဆေးအပင်ဟု သိရသည်။

နောက်ပိုင်းတွင် ဒေသခံပိုလီနီရှန်းလူမျိုးများ ရွှေ့ပြောင်းနေထိုင်ရာတစ်လျှောက် စိုက်ပျိုးခဲ့ကြပြီး ပစိဖိတ်ကျွန်းများသို့ ပျံ့နှံ့ခဲ့သည်။ ဩစတြေးလျတိုက်ကို စတင်တွေ့ရှိခဲ့သော သင်္ဘောကပ္ပတိန်ဂျိန်းစ်ကွတ်ဆိုသူက ၎င်းရောက်ရှိခဲ့သည့် နေရာဒေသများထဲမှ တီဟီတီကျွန်းတွင် နော်နီ (Noni)သီးများကို ဆေးဖက်ဝင်အစားအစာအဖြစ် အသုံးပြုကြကြောင်း အစောဆုံးကာလ ၁၇၇၀ နှစ်ရေးသားသောမှတ်တမ်းများ၌ ဖော်ပြထားကြောင်းသိရသည်။ 'တီဟီတီ' သည် ပစိဖိတ်သမုဒ္ဒရာ ကျွန်းနိုင်ငံဖြစ်ပြီး ယနေ့ကမ္ဘာ့တိုင်းရင်းဆေးဖက်ဝင်ပစ္စည်းထဲတွင် တီဟီတီနော်နီဖျော်ရည်မှာ ကမ္ဘာကျော်လှသည်။ နော်နီ(ဝါ)ရဲယိုသည် ပစိဖိတ်သမုဒ္ဒရာကျွန်းစုများမှစတင်၍ ဩစတြေးလျ၊ မလေးရှား၊ အရှေ့တောင်အာရှဒေသများနှင့် ကာရစ်ဘီလီယံဒေသ၊ အမေရိကန်ဒေသများအပါအဝင် ကမ္ဘာ့နေရာအနှံ့အပြား ပျံ့နှံ့သွားခဲ့သည်။

ရုက္ခဗေဒအမည် မိုရင်ဒါ စီထရိုဖိုးလီးယား (Morindo Citrofolia) ဖြစ်သည့် ရဲယိုပင်ကို မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် ချုံပင်၊ အပင်ပုတစ်မျိုး (အချို့အပင်မြင့်) အဖြစ် မြင်တွေ့ရပြီး မိုးခေါင်ရေရှား အညာဒေသများတွင်လည်း ပေါက်ရောက်လေ့ရှိကြောင်း သိရသည်။

ရဲယိုသည် ခန္ဓာကိုယ်အကျိုးပြုဓာတ်အမျိုးမျိုး အများအပြားပါဝင်ပြီး သွေးတိုး၊ ချောင်းဆိုး၊ လည်ချောင်းပွန်နာ၊ ပွေး၊ လိပ်ခေါင်း၊ အရိုးအဆစ်၊ ဦးနှောက်နှင့် အာရုံကြော၊ အသည်း၊ သည်းခြေ၊ အစာအိမ်လမ်းကြောင်းဆိုင်ရာ၊ စိတ်ကျရောဂါ၊ အရက်နှင့် မူးယစ်ဆေးစွဲလန်းသောရောဂါများနှင့် ခန္ဓာကိုယ်အပြင်ဘက်ဆိုင်ရာ ရောဂါများကုသ ရာတွင် အထောက်အကူ ပေးနိုင်သည်။ဆေးပညာသတင်းများအရ ရဲယိုမှ ကင်ဆာနှင့် ခုခံအားကျဆင်းရောဂါ (HIV/AIDS) ရောဂါများကို ကာကွယ်ကုသရန် သုတေသနပြု ထုတ်လုပ်လျက်ရှိသည်။

ရဲယို၏ အစွမ်းထက်ပုံကို သိရှိကြသူများအနေဖြင့် စိုက်ခင်းများထူထောင်ကာ ခေတ်နှင့်လျော်ညီသော ဖျော်ရည်မှအစ ဆေးဝါးများကို ထုတ်လုပ်သုံးစွဲနေပြီဖြစ်သောကြောင့် မိမိ၏ အိမ်နောက်ဖေး၊ သို့မဟုတ် ခြံဝန်းမြေကွက်လပ်များတွင် သီးပင်၊ စားပင်၊ သဘာဝဆေးဖက်ဝင် ရဲယိုပင်ကို နေရာပေးစိုက်ပျိုးသင့်ပါကြောင်း အကြံပြုလိုပါသည်။

# ကျေးလက်လမ်းများအားကြည့်ရှုစစ်ဆေး

**ထားဝယ် ဇန်နဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းလုပ်ငန်းအား တင်ဒါအောင်မြင်သည့် Innovative Inspiration Idea Co.Ltd မှ တာဝန်ယူဆောင်ရွက်သော လောင်းလုံး-ပညစ်ကျောက်ချောလမ်း သုည/၄ မိုင် ခွင့်ပြုငွေ ၃၈ ဒသမ ၉၅ သန်းဖြင့်ဆောင်ရွက်သည့် ကျေးလက်လမ်းအား ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးငွေသိန်း၊ လောင်းလုံးမြို့နယ်ဦးစီးမှူးဦးကျော်ဝင်းနိုင်နှင့် ဝန်ထမ်းများက ကွန်ကရစ်ခင်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

လောင်းလုံး-ပညစ်ကျောက်ချောလမ်းအား ဆောင်ရွက်ပေးခြင်းအားဖြင့် ပညစ်ကျေးရွာနှင့် ရှမ်းမော်ကျေးရွာရှိ လူဦးရေ ၁၂၀၀ တို့၏ ပညာရေး၊ ကျန်းမာရေး၊ ဒေသထွက် ရေထွက်ပစ္စည်းများနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်းသိရသည်။

(ခရိုင်ပြန်/ဆက်)



အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

**ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်**
တိုက်ခန်း(၉၁/၁၀၅)၊ ပထမထပ် C-2 (16'×56')၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ဗိုင်းမွန်းကရောင်းဟိုတယ် မျက်နှာချင်းဆိုင်။ သိန်း(၁၈၀၀)ညှိနှိုင်း
Ph: 09-797369698

**ကွန်ဒိုငှားမည်(ဒဂုံ)**
ဒဂုံ(၁)ကျောင်းရှေ့၊ ဂရင်းနဝဒေးကွန်ဒို၊ 2050SF၊ 2MBR၊ 1BR၊ 5AC၊ Lift ပါ၊ ကားပါကင်ပါ၊ Fully-Furnished၊
Ph-09-5162238, 09-799991520

**CNG TAXI ငှားမည်(စပ်ချောင်း)**
၁။ Probox-အိမ်ပေး(၄သိန်း၊ ၁၆၀၀၀ဝိ)
၂။ ကယ်ဒီးနားပဲခြမ်း နေ့တစ်ခြမ်း(၂သိန်း၊ ၁၃၀၀၀ဝိ)
Ph-09-5162238,
09-799991520




**ငှားမည်**
ရန်ကင်း၊ ပညာဝတီကွန်ဒို၊ မျက်နှာစာ၊ ဆီဒိုးနားဟိုတယ်၊
1650 Sqft, 1MBR, 3 BR,
5AC ကြိုးဖုန်းပါ၊ ပါကေး၊ Lift
Ph: 09-261515490,
09-254111097,
09-263372128

**သန်းငွေ့နှင့်ရောင်းရင်းများ ၅ ကျိုက်ထီးရိုး/ချောင်းသာ(နေ့ခွဲ)**
☆ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်(၄)ရက်၊ ဒါလောင်းတော်ကဿပ(၅)ရက်။
☆ မန္တလေးမဟာမြတ်မုနိ၊ စစ်ကိုင်း၊ မုံရွာ၊ ဒါလောင်းတော်ကဿပ သီးသန့် (၄)ရက်။
☆ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်ဝမ်း (၄)ရက်။ ရွှေမိုင်ကော်ပါ (၅)ရက်။
☆ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ (၄)ရက်။
☆ မန္တလေး ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ၊ ဝမ်တိန်(၇)ရက်။
☆ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ခဲ၊ (ကျိုက်ထီးရိုး) (၂/၃)ရက်။
☆ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ မျှော်ရစ်(၆)ရက်။
ဝလွန်၊နေပြည်တော်၊ ပြည်အကောက်တောင်၊ နဂါးရစ်(နေ့ချင်းပြန်-တနင်္ဂနွေ)
Dec 24 Jan1,8,15
အမှတ်(၄၂၄)၊ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422

**အမည်မှန်**
အဖ ဦးဖိုးတုတ်ချေ၏ သမီးဖြစ်သူ မခင်ဂျူလိုင်မိုး၏ အမည်မှန်မှာ မခင်ဇူလိုင်မိုး [၁၁/ကဖန(နိုင်)၀၉၄၆၂၂] ဖြစ်ပါသည်။
မခင်ဇူလိုင်မိုး

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကံဘဲ့ဘူတာရုံလမ်း၊ အမှတ်(၈၈)နေ ဦးကျော်နိုင်၏သား မောင်ကျော်မင်းနိုင်သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကို (လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း မေးမြန်းစုံစမ်းခြင်း သည်းခံပါ။

**(ဖခင်) ဦးကျော်နိုင်**

**လမ်းဦးစီးဌာန၊ တောင်ကြီးခရိုင်မှ**
**ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လေလံတင်ရောင်းချရန်အတွက်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လမ်းဦးစီးဌာန၊ တောင်ကြီးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး သိုလှောင်ရုံ၌ရှိသော အသုံးမလိုတော့သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား လေလံတင်ရောင်းချလိုပါသည်။

၂။ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၏ အမျိုးအစားနှင့် အရေအတွက်များအား မျက်မြင်အနေအထားအတိုင်း Lot-No အလိုက် လေလံတင်ရောင်းချမည် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံထုတ်ယူရမည့်ရက်နှင့် ပစ္စည်းပြသမည့်ရက် -(၁၁-၁-၂၀၁၆မှ ၁၅-၁-၂၀၁၆ရက်ထိ) (နံနက်၉း၀၀နာရီမှ ၁၆း၀၀နာရီ)(ရုံးချိန်အတွင်း)

၄။ တင်ဒါပုံစံရောင်းချမည့်နေရာ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ကြီးမြို့။

၅။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန် - ၁၅-၁-၂၀၁၆(မွန်းတည့် ၁၂း၀၀နာရီ)

၆။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန် - ၁၈-၁-၂၀၁၆(၁၃း၀၀နာရီ)

၇။ အသေးစိတ်သိလိုပါက လမ်းဦးစီးဌာန၊ တောင်ကြီးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၌ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၁၀၄၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**

# လောက်ကိုင်တွင် အချိန်အခါမဟုတ် မိုးသီးများပါဝင်သော မိုး ရွာသွန်း

**လောက်ကိုင် ဇန်နဝါရီ ၆**

လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ်တွင် ဇန်နဝါရီ ၄ ရက်ညနေ ၅ နာရီ ၄၅ မိနစ်မှ ၆ နာရီခွဲထိ အချိန်အခါမဟုတ် ထူးခြားစွာ မိုးသီးများပါ ရွာသွန်းခဲ့သည်။

ဖြစ်စဉ်မှာ လူသူများခရီးသွားလာနေချိန် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်၌ လေများစတင်တိုက်ခတ်ကာ တဖြည်းဖြည်း မိုးများသည်းထန်စွာ ရွာသွန်းခဲ့ပြီး နောက်ပိုင်းတွင် မိုးရွာသွန်းချခြင်းမဟုတ်ဘဲ မိုးသီးများ များပြားစွာရွာသွန်းချကာ ညနေ ၆ နာရီခွဲခန့်ထိ တစ်နာရီနီးပါး ရွာသွန်းခဲ့သည်။ မိုးသီးများရွာသွန်းမှုမှာ ချိုင့်ခွက်ရှိသောနေရာများနှင့် အဆောက်အအုံဝရံတာ၊ မြောင်းနေရာများတွင် မိုးသီးများ အထူနှစ်လက်မခန့်ရှိပြီး မြေကြီးပေါ်သို့ လက်မဝက်ခန့်အထူ ရှိအောင် ရွာသွန်းခဲ့သည်။ ယင်းမိုး၊ မိုးသီးများနှင့် လေများတိုက်ခတ်မှုကြောင့် အဆောက်အအုံများ၊ လျှပ်စစ်မီးများ၊ လမ်းတံတားများ ပျက်စီးဆုံးရှုံးမှု မရှိကြောင်းနှင့် ခရီးသွားလာသူများအန္တရာယ် ထိခိုက်မှုမရှိကြောင်း သိရသည်။

**ဘဦး(မြို့နယ်ပြန်/ဆက်)**



## နံ့ရံကပ်စာစောင် ဓာတ်ပုံနှင့် စာအုပ်ပြပွဲပြုလုပ်

**အောင်လံ ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် (၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နံ့ရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမတွင် ပြုလုပ်ခဲ့သည်။ ယင်းသို့ကျင်းပရာတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က စာဖတ်ခြင်း၏အကျိုးကျေးဇူးများနှင့် မြို့နယ်ပြန်/ဆက်ရုံးတွင် စာကောင်းပေမွန်များကို လာရောက်ဖတ်ရှုနိုင်ပါကြောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ယင်းပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံရေးပါတီဝင်များ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် စာပေဝါသနာရှင်များ လာရောက်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

# ကျောက်မဲမြို့ ပိန္နဲကုန်းကျေးရွာတွင် ရေပေးရေး လုပ်ငန်း ဖွင့်လှစ်

**ကျောက်မဲ ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် ကျောက်မဲမြို့ စခန်းသာအုပ်စု ပိန္နဲကုန်းကျေးရွာ ရေပေးရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီ ခွဲက အဆိုပါရေပေးရေးလုပ်ငန်းရှေ့တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်စိုးက ပိန္နဲကုန်းကျေးရွာ ရေပေးရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေအား ရှင်းလင်းတင်ပြပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းထွန်းရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ဖွင့်ပွဲအထိမ်းအမှတ်အလံကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့အား ပေးအပ်ကာ အဆိုပါလုပ်ငန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အခမ်းအနားအပြီးတွင် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာမှ မိဘပြည်သူများက ရေပိုက်မှ ရေဖွင့်အသုံးပြုနေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါရေပေးရေးလုပ်ငန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ် ၃၅ သိန်းနှင့် ကျေးရွာပြည်သူလူထုမှ ထည့်ဝင်ငွေကျပ် ၄၄ သိန်း စုစုပေါင်းကျပ် ၇၉ သိန်း အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာနေအိမ်ထောင်စု ၆၀ စုအား သောက်သုံးရေ လုံလောက်စွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မြင့်အောင်**

## ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူး၍ စံပြမိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်

**မြစ်ကြီးနား ဇန်နဝါရီ ၆**

ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှကြီးမှူး၍ စံပြမိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းကို ဇန်နဝါရီ ၄ ရက် မွန်းလွဲပိုင်းတွင် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကံဆီဆိုင်းလုံက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းထွန်းက ကလေးပြိုင်ပွဲနှင့် စံပြမိခင်ရွေးချယ်သည့် အမှတ်ပေးစည်းမျဉ်းစည်းကမ်းအကြောင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဆုပေးပွဲကိုဆက်လက်ကျင်းပရာ အမွှာမွေးဆုရရှိသူများကိုလည်းကောင်း၊ ကလေးငယ်မွေးစ ၆ လမှ ၂ နှစ်အထိ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ စံပြမိခင်ဆုရမိခင်များကိုလည်းကောင်း ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

**စိန်ဝင်း(ပြန်/ဆက်)**


# ဂုဏာဝိသိဋ္ဌပူဇော်ခြင်းမင်္ဂလာ

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ် (၃၂)၊ သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက် ဦးစီးပဓာန နာယက၊ သောတာပတ္တိ မဂ်ရှုဖွယ်ကျမ်းပြု **ဆရာတော်ဘဒ္ဒန္တစန္ဒိမာ(အောင်လံ)**အား ၂၀၁၆ခုနှစ်၊ ဇန်နဝါရီ ၄ရက် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နှစ်ဦးမင်္ဂလာအခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ **အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်** ဆက်ကပ်လှူဒါန်းပူဇော်ခြင်းခံရသည့်အတွက် တပည့်တော်တို့ မန္တလေးသာသနာပြု ဥပဋ္ဌာကအဖွဲ့မှ ထပ်ဆင့်ဂုဏ်ပြုပူဇော်အပ်ပါသည် ဘုရား....။

ကျေးဇူးတော်ရှင် အောင်လံဆရာတော်ကြီး

ကျန်းမာချမ်းသာစွာဖြင့် သာသနာ့တာဝန်များကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေဘုရား။

**သာသနာပြု ဥပဋ္ဌာကအဖွဲ့**
**တိုက်ခွဲ အမှတ် (၃၂)**
**သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာ**
**မန္တလေးမြို့**

**Asia Top** 0943164118,09421099574,098635520
- ပုဂံ(ရွှေစည်းခုံစေတီ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ သိဟိုဠ်ရှင် | သိရီးစဉ် | 65000
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ကလော၊ ထမ်ဖမ်း၊ ကက္ကူ | အားလုံး | 65000
- အလောင်းတော်ကဿပ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်းဘုရား | စားသောက်ခြင်း | 75000
- မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ လမ်းဘုရားစုံ 50000 အပတ်စဉ်-သော(ကြာ)

ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ (နေ့စဉ်) ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးပါသည်

**Modern Myanmar** Travels — ကားမျိုးစုံစီးလုံးငှား အထူးစီစဉ်ပေးပါသည်။
Hotel Package
- တောင်ကြီး၊အင်းလေး၊ရွှေတော်ကက္ကူ 129000
- မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ 135000
- ပုဂံ၊ ပုပ္ပါး၊ ရွှေစည်းခုံစေတီ၊ ပခုက္ကူ 120000
- ထားဝယ်ရှင်ကိုးရှင်၊ မြိတ်၊ မော်လမြိုင် 180000 Jan 8,15,22,29

ကျိုက်ထီးရိုး(နေ့စဉ်) — ချောင်းသာ Guest 35000, Hotel 50000; ငွေဆောင် Hotel 52000

၂၃၆၊ ၃၉လမ်း(အထက်)၊ ကျောက်တံတား 09-450047016,09-253540004

**မိုးမြင့်ကြယ်**
ကျိုက်ထီးရိုး(နေ့စဉ်/ဖြိမ်း) 35000
ချောင်းသာ Hotel(ဖြိမ်း) 40000 / 50000
ငွေဆောင် (Hotel+ကား) 40000
ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်။
01-549380,09-5093704,09-450012971

**အာရှနဂါး** Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

# အထူးလှိုက်လှဲဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ဖြင့် **ဦးမြင့်စိုးထွန်း** (မန်နေဂျင်းဒါရိုက်တာ) ရွှေဂေဟာထရေးဒင်းကုမ္ပဏီအား **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် အထူးလှိုက်လှဲဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် နောင်တွင်လည်း မိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့်လူမျိုး ဘာသာ၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အထူးဂုဏ်ပြုအပ်ပါသည်။

**ရွှေဂေဟာထရေးဒင်းကုမ္ပဏီမှဝန်ထမ်းများ**

# အထူးလှိုက်လှဲဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် ကျေးဇူးရှင် ချစ်မေမေ သုဓမ္မသိင်္ဂီဒေါ်စန်းစန်းနွဲ့အား "သီဟသုဓမ္မသိင်္ဂီ" ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် သမီးတို့နှင့်အတူ နိုင်ငံတော်နှင့်သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ထမ်းရွက်ဆောင်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းလျက် ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

ချစ်သမီးများ–

သမီးကြီး ချမ်းငြိမ်းဆု၊ သမီးလတ် ဖူးပွင့်ခိုင်၊ သမီးငယ် ချောခိုင်ခိုင်ဆက်

လှိုင်နေ့စွဲဝင်၊ နိုင်ငံခြားသွားလိုသူများနှင့် အင်္ဂလိပ်စာလေ့လာလိုသူများအတွက်

ဆရာအာသာ **SUCCESS** Language Academy

(မြို့ထဲကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှည်းတန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

မြို့ထဲကျောင်း

Basic English Speaking
- 1 - 2:30 (Mon – Thurs) 11 Jan
- 9 - 12:00 (Sat + Sun) 16 Jan
- 7:30 - 9 (Mon – Thurs) 18 Jan
- 6 - 7:30 (Mon – Thurs) 18 Jan

Basic Four Skills English
- 1 - 2:30 (Mon – Thurs) 5,18 Jan
- 7:30-10:30 (Sat + Sun) 9 Jan
- 6 - 7:30 (Mon – Thurs) 11 Jan
- 7:30 - 9 (Mon – Thurs) 18 Jan
- 10 - 12 (Mon – Thurs) 25 Jan

Basic Writing
- 10-11:30 (Mon – Thurs) 28 Dec
- 12 - 3:00 (Sat + Sun) 16 Jan

Pre-Intermediate
- 1 - 2:30 (Mon – Thurs) 5 Jan
- 9 - 12:00 (Sat + Sun) 16 Jan
- 3:30 - 5 (Mon – Thurs) 18 Jan
- 12 - 3:00 (Sat + Sun) 23 Jan

Intermediate (Academic English)
- 7:30 - 9 (Mon – Thurs) 5 Jan
- 1 - 2:30 (Mon – Thurs) 18 Jan
- 10-12:00 (Mon – Thurs) 25 Jan

Vocab Enrichment
- 3:30 - 5 (Mon – Thurs) 28 Dec
- 10-11:30 (Mon – Thurs) 11 Jan

Basic Grammar
- 1 - 4:00 (Sat + Sun) 16 Jan

Intermediate Grammar
- 7:30 - 9 (Mon – Thurs) 11 Jan

လှည်းတန်းကျောင်းခွဲ

Basic English Speaking
- 3:30 - 5 (Mon – Thurs) 18 Jan
- 7:30-10:30 (Sat + Sun) 23 Jan
- 12 - 3:00 (Sat + Sun) 23 Jan

Pre-Intermediate
- 7:30-10:30 (Sat + Sun) 2 Jan
- 1 - 2:30 (Mon – Thurs) 5 Jan
- 7:30 - 9 (Mon – Thurs) 18 Jan

Basic Grammar
- 7:30-10:30 (Sat + Sun) 23 Jan

Basic Four Skills English
- 10-11:30 (Mon – Thurs) 5,26 Jan
- 3 - 4:30 (Mon – Thurs) 11 Jan
- 6 - 7:30 (Mon – Thurs) 18 Jan
- 3:30 - 5 (Mon – Thurs) 25 Jan

Intermediate
- 12 - 3:00 (Sat + Sun) 16 Jan

IELTS (Preparation)
- 12:30-3:30 (Sat + Sun) 6 Feb

IELTS (Preparation)
- 1 - 4:30 (Sat + Sun) 2 Jan
- 1 - 3:30 (Mon to Thurs) 18 Jan

IELTS (Writing)
- 7:30-10:30 (Sat + Sun) 23 Jan

IELTS (Speaking)
- 7:30 - 9 (Mon – Thurs) 28 Dec

IELTS (Reading)
- 1 - 3:00 (Mon – Thurs) 11 Jan

IELTS (Grammar)
- 10-11:30 (Mon – Thurs) 1 Feb

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစုရပ်ကွက်၊ ဝိဇ္ဇာလမ်းသွယ်(၁)လမ်း၊ အကွက်အမှတ် (၂၆)၊ ကျိုက်ပေမိမြောက်၊ ဦးပိုင်အမှတ်(၁၆)၊ မြေချိန်ဧရိယာခန့်မှန်းပေ (၄၄ပေ x ၆၅ပေ)ရှိ (၃/ခ)မြေအမျိုးအစားနှင့် ယင်းမြေကွက်ပေါ်ရှိ မီတာ(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် သန်လျင်မြို့၊ မြို့နယ်မြေစာရင်းဦးစီးဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်အေးကျင်အမည်ပေါက်ဖြစ်ပြီး ၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ ဦးတင်အေး[၁၂/မဂတ(နိုင်)၀၄၉၃၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ပေးစာချုပ်ချုပ်ဆို၍ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်မောင်သိန်း (စဉ်-၅၃၃၈) B.A, R.L,D.B.L,D.I.L
ဒေါ်ယဉ်ယဉ်အောင် (စဉ်-၁၀၃၈၃) LL.B,D.B.L, D.I.L,D.M.L
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၁၅၇)၊ ဒုတိယထပ်၊ A-3၊(၂၈)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ Ph- 09-5076158, 09-977121224

## အထူးကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ခြင်း

ရွှေမန္တလာ ခရီးသည်ပို့ဆောင်ရေးမှ

ခရီးသွားမိဘပြည်သူများအတွက်

ငြိမ့်ညောင်းသက်သာလုံခြုံစိတ်ချမှုကို

ဦးစားပေးထုတ်လုပ်ထားသော

ဆွီဒင်နိုင်ငံထုတ် အဆင့်မြင့် **Scania** ဇိမ်ခံဘတ်စ်ကားသစ်ကြီးများဖြင့်

၂၀၁၆ ခုနှစ် မင်္ဂလာနှစ်သစ်ဦးတွင်

ကလေးမြို့ဂိတ်သစ် တိုးချဲ့ပြေးဆွဲဖွင့်လှစ်နိုင်ပြီး

ခရီးသွားလာမှုအဆင့်ကို မြှင့်တင်နိုင်ခြင်းအတွက်

အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း . . .




SCANIA

ကြော်ငြာ


Hmwe Taunggyi Business Group Co.,Ltd.
Hot Line - 01-200952
သာကီနွယ် ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး
(၁၀) ရက်ခရီး ကျသင့်ငွေ (၁၁.၅) သိန်း အား အထူးဈေးနှုန်း (၇.၅) သိန်း
(၁၅) ရက်ခရီး ကျသင့်ငွေ (၁၁.၅) သိန်း အား အထူးဈေးနှုန်း (၉.၅) သိန်း
Special promotion ခရီးစဉ် ထွက်ခွာမည့်ရက်များ
၁၇.၂.၂၀၁၆၊ ၂၉.၂.၂၀၁၆၊ ၁၀.၃.၂၀၁၆၊ ၂၀.၃.၂၀၁၆၊ ၁.၄.၂၀၁၆
ရန်ကုန်(ရုံးချုပ်) - အမှတ်(၁၀၅)၊ ၁၂၃ လမ်း၊ သိမ်ဖြူကားဂိုဒေါင်းတွင်းရွှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၀၀၉၅၂ ၊ ၀၉-၅၂၁၁၄၀၂ ၊ မန္တလေးရုံး - ၀၉-၇၈၅၂၁၁၄၀၂
တောင်ကြီးရုံး- ၀၈၁-၂၀၀၁၇၇၊ ၀၈၁-၂၀၂၂၄၀၂

Pleasant Times Travels & Tours
Scania & Man Coach
Release Your stress with Pleasant Times
- မုံရွာ - အလောင်းတော်ကဿပ (Feb:11)
- ပုဂံ - စွယ်တော်လေးဆူ (Feb:11)
- တောင်ကြီး - အင်းလေး (Feb:11)
- မန်းရွှေစက်တော်ဖွင့်ပွဲ (Feb:11)
- ထားဝယ်-ရှင်ကိုးရှင် with Flight (Feb:12)
နေ့ချင်းပြန် ခရီးစဉ်များ
(Jan: 9,16,23,30 Feb:6,11)
- ပြည် (အကောက်တောင်)
- ဘားအံ - ကျုံထော်ရေတံခွန်
- သထုံ - မဲလ်တောင် - ရေပူစမ်း
- မော်လမြိုင် - ကျိုက်ကမီ - စက်စဲ
- တောင်ငူ-သံတောင်-ဖိုးကျားဆင်စခန်း
အမှတ်(၇၃), အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့.
